မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၁၇)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်

၂၀၁၃ ခုနှစ်၊ အောက်တိုဘာ ၁၇ ရက်၊ ကြာသပတေးနေ့။

နိုင်ငံတော်တာဝန် အရေး(၃)ပါး

- ပြည်ထောင်စု မပြိုကွဲရေး။
- တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

၂၀၅၀ ခုနှစ် တိုးလာမည့် လူဦးရေ သန်း ၁၀၀ အတွက် ရေတိုရေရှည်စီမံကိန်း ချမှတ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၆

လူသားတို့အတွက် စားနပ်ရိက္ခာ၏အရေးပါမှုကို သတိမူမိကြစေရန် ရည်ရွယ်ချက်များဖြင့် ၂၀၁၃ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးများ၊ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ပညာရှင်များ၊ စိုက်ပျိုးမွေးမြူရေး ထူးချွန်ဆုရရှိကြသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးညဏ်ထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် နေ့စဉ်တိုးပွားလာနေသည့် ကမ္ဘာ့လူဦးရေအတွက် စားနပ်ရိက္ခာဖူလုံရေးနှင့် လုံခြုံရေးသည် အဓိကစိန်ခေါ်မှုကြီးတစ်ရပ်ဖြစ်ပါကြောင်း၊ ကမ္ဘာ့လူဦးရေသည် ခုနစ်ဘီလီယံအထိရှိကြပြီး လာမည့် ၂၀၅၀ ခုနှစ်တွင် စုစုပေါင်း ကိုးဘီလီယံအထိ တိုးပွားလာနိုင်သည်ဟု ပညာရှင်များက ခန့်မှန်းထားပါကြောင်း၊ လက်ရှိအခြေအနေမှာပင် ကမ္ဘာ့လူသားအားလုံး၏ နေ့စဉ်လိုအပ်သည့် စားနပ်ရိက္ခာလိုအပ်ချက်ကို ဖြည့်ဆည်း

ဒုတိယသမ္မတ ဦးညဏ်ထွန်း ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နိုင်ရန် နိုင်ငံအသီးသီး၏ အစိုးရများအနေဖြင့် ကြိုးပမ်းဆောင်ရွက်နေကြသလို လူတိုင်းသက်တမ်းစေ့ နေထိုင်နိုင်ရေးအတွက် လုံလောက်သည့် အာဟာရပြည့်ဝသော စားနပ်ရိက္ခာများ ထုတ်လုပ်ရရှိရန်လည်း လိုအပ်လျက်ရှိပါကြောင်း။

ကမ္ဘာပေါ်တွင် အသက်ငါးနှစ်အရွယ်ကလေးငယ်လေးဦးတွင်တစ်ဦးသည် ကြီးထွားမှုနှေးကွေးပြီး ကြုံလှီနေသည့် အခြေအနေဖြင့် ရင်ဆိုင်နေကြရပါကြောင်း၊ တစ်နည်းအားဖြင့် ကမ္ဘာပေါ်ရှိ ၁၆၅ သန်းသော ငါးနှစ်အောက် ကလေးငယ်များသည် အာဟာရချို့တဲ့နေကြပါကြောင်း၊ ထို့အပြင် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ကမ္ဘာ့လူဦးရေ နှစ်ဘီလီယံသည် ကျန်းမာမှုအတွက် မရှိမဖြစ်လိုအပ်သည့် ဗီတာမင်နှင့်သတ္တုဓာတ်များ ချို့တဲ့မှုကိုခံစားနေကြရသည့်အပြင် ဖွံ့ဖြိုးပြီးနိုင်ငံများက လူဦးရေ ၁ ဒသမ ၄ ဘီလီယံခန့်သည် ရှိသင့်သည့် ကိုယ်အလေးချိန်ထက်များနေကြပြီး အဝလွန်ရောဂါ၊ ဆီးချိုရောဂါနှင့် နှလုံးရောဂါ အပါအဝင် ကျန်းမာရေးပြဿနာများစွာနှင့် ရင်ဆိုင်ကြုံတွေ့နေကြရပါကြောင်း။

စာမျက်နှာ ၉ ကော်လံ ၁ ▲

ရန်ကုန်အနောက်ပိုင်းအတွက် ကုက္ကိုလ်ဝမြစ်နှင့် တိုးမြစ်တို့မှ ရေပေးဝေနိုင်ရေးကြိုးစားနေ

လာမည့်ကာလ၌ ရန်ကုန်အနောက်ပိုင်းနှင့် တောင်ပိုင်းတို့ကို ရေရယူဖြန့်ဖြူးပေးနိုင်ရေးအတွက် မြို့တော်ရေနှင့်သန့်ရှင်းရေးဌာနမှဝန်ထမ်းများ ကြိုးပမ်းဆောင်ရွက်လျက်ရှိစဉ်။

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် အောက်တိုဘာ ၁၆

စီးပွားရေးမြို့တော် ရန်ကုန်တွင် လူဦးရေသိပ်သည်းလာလျက်ရှိရာ နေရာစုံမှ ရေဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်နေပြီဖြစ်သည်။ ယခုအချိန်တွင် ရန်ကုန်မြို့အား ရေပေးဝေရာတွင် ရန်ကုန်အရှေ့ပိုင်းနှင့် မြောက်ပိုင်းတို့မှ အဓိကရယူဖြန့်ဝေပေးလျက်ရှိရာ လာမည့်ကာလ၌ ရန်ကုန်အနောက်ပိုင်းနှင့် တောင်ပိုင်းတို့မှလည်း ရေရယူဖြန့်ဖြူးပေးနိုင်ရေးဆောင်ရွက်သွားရန် စီစဉ်လျက်ရှိသည်။

"ရန်ကုန်မြို့နေပြည်သူတွေ သောက်သုံးရေလုံလုံလောက်လောက်သုံးစွဲနိုင်ရေး ကြိုးစားနေသလို နေရာစုံမှ ဖြန့်ဖြူးပေးနိုင်ရေးအတွက်လည်း ကျွန်တော်တို့ ကြိုးစားနေတယ်။ ဒါဆိုရင် ရန်ကုန်မြို့နေပြည်သူတွေအနေနဲ့ အရှေ့နဲ့မြောက်ပိုင်းတွေအပြင် တောင်ဘက်နဲ့အနောက်ဘက်တွေကလည်း ရေအရင်းအမြစ်ရှိတဲ့နေရာတွေကရယူသန့်စင်ပြီး ပြည်သူတွေကို ဖြန့်ဖြူးပေးနိုင်မှာမို့ အရင်ထက်ပိုမိုပြီး နေရာစုံကိုသောက်သုံးရေဖြန့်ဖြူးပေးနိုင်မှာ ဖြစ်ပါတယ်" ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရေနှင့်သန့်ရှင်းရေးဌာနမှ လက်ထောက်ဌာနမှူး ဦးမျိုးသိမ်းက ပြောသည်။

ရန်ကုန်မြို့သို့ သောက်သုံးရေဖြန့်ဖြူးရာတွင် လက်ရှိအချိန်၌ ဂျိုးဖြူ၊ လှော်ကား၊ ညောင်နှစ်ပင် စသည့်နေရာမှ ရန်ကုန်မြို့နေပြည်သူများကို ဖြန့်ဝေပေးခဲ့သော်လည်း ရန်ကုန်အနောက်ပိုင်း လှိုင်သာယာ၊ အင်းစိန်၊ မရမ်းကုန်း၊ လှိုင် စသည့်မြို့နယ်များအတွက် သောက်သုံးရေဖြန့်ဝေပေးနိုင်ရန် လှိုင်သာယာမှ ညောင်တုန်းဘက် (ညောင်တုန်းမှ ၁၈ မိုင်ခန့်) အကွာရှိ ကုက္ကိုလ်ဝမြစ်မှ ရေများကို ရယူကာ သန့်စင်ဖြန့်ဖြူးပေးရန် ကြိုးစားလျက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁ ◆

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ဝါလ ကင်းလွတ် သီတင်းကျွတ်ပြီဆိုမှဖြင့် . . .

သီတင်းကျွတ်လပြည့်နေ့ အခါသမယသည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့အတွက် နေ့ထူးနေ့မြတ် ဖြစ်ပါသည်။ သုံးလူထွတ်ထား သဗ္ဗညုဘုရားရှင်သည် ဘဝဟောင်းက မိခင်တော်စပ်ခဲ့ဖူးသော သန္တုသိတနတ်သားနှင့် နတ်ဒေဝါအပေါင်းတို့ကို ဝါတွင်းသုံးလပတ်လုံး တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားတော်မြတ်ကို ဟောကြားတော်မူပြီး လူ့ပြည်လူ့ရွာသို့ ကြွမြန်းလာချိန်သည်ကား ဤသီတင်းကျွတ်လပြည့်နေ့ပင် ဖြစ်ပါသည်။

ဗုဒ္ဓဘုရားရှင်သည် နတ်ဒေဝါအပေါင်းတို့ကို ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားများ ဟောကြားခြင်း ပြီးဆုံးသည့်နေ့ဖြစ်ခြင်းကြောင့်လည်း ဤနေ့ ဤရက်မြတ်ကို ပိဋကတ်ပညာရှင်တို့က အဘိဓမ္မာအခါတော်နေ့ဟုလည်း သတ်မှတ်ထားသည်။ တာဝတိံသာနတ်ပြည်မှ ဘုရားရှင်လူ့ပြည်သို့ကြွမြန်းလာစဉ် နတ်၊ ဗြဟ္မာအပေါင်းတို့က ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းကြီးများဖြင့် ရှိခိုးပူဇော်ကြသလို ကျွန်ုပ်တို့လူ့ပြည်လူ့ရွာတွင်လည်း ဗုဒ္ဓဘာသာဝင်အပေါင်းက ဆီမီး၊ ပန်း၊ ရေချမ်း၊ အမွှေးနံ့သာများဖြင့် ပူဇော်ကြလေ့ရှိပါသည်။ အလွန်ထူးခြားလှသော နေ့ထူးနေ့မြတ် ဖြစ်ပါသည်။

ဤလပြည့်နေ့ည အခါသမယတွင် နိုင်ငံတစ်ဝန်း ကျေးလက်တောရွာငယ်လေးများပါမကျန် ဆီမီးပူဇော်ပွဲ၊ မီးထွန်းပွဲများကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပလေ့ရှိပါသည်။ မြို့ပြစေတီပုထိုးများတွင် ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင်၊ ဆီမီးကိုးထောင်၊ ပန်းကိုးထောင် အစရှိသဖြင့် ပူဇော်ကြသကဲ့သို့ တောရွာများတွင်လည်း အိုးစည်ဗုံမောင်း အကအခုန်များဖြင့် လှည့်လည်ပူဇော်ကြသည်မှာ မြန်မာလူမျိုးတို့၏ ချစ်စရာကောင်းသော၊ ပျော်စရာကောင်းသော ဓလေ့ထုံးတမ်းအစဉ်အလာလည်း ဖြစ်ပါသည်။

ထို့ပြင် ဘုရားရှင်သည် မိဘကျေးဇူးဆပ် တရားတော် ဟောကြားခဲ့ခြင်းကို အကြောင်းပြု၍လည်း ကျွန်ုပ်တို့ လူ့ပြည်လူ့ရွာတွင်လည်း သားသမီးမြေးမြစ်အပေါင်းတို့က ဘိုးဘွားမိဘ ဆရာသမားတို့ကို ကန်တော့ကြလေ့ရှိပါသည်။ ရပ်နီး ရပ်ဝေးခရီးသို့ ရောက်နေကြသည့်တိုင် မိဘရပ်ထံသို့ ပြန်ကြပြီး စားဖွယ်ဝတ္ထုအစုစုတို့ဖြင့် ကန်တော့ကြလေ့ရှိပါသည်။ ထိုနေ့ ထိုရက်မြတ်မှစ၍ သီတင်းကျွတ်ကာလအတွင်း မိဘ ဆရာသမားတို့အား ကန်တော့ကြလေ့ ရှိပါသည်။

တစ်ဖန် ဝါတွင်းကာလ လက်ထပ်ထိမ်းမြားခြင်းကို ရှောင်ကြဉ်ကြသော မြန်မာလူမျိုး လူငယ်မောင်မယ်တို့ကလည်း လက်ထပ်ပွဲများ ကျင်းပနိုင်တော့မည်ဖြစ်၍ ရွှင်မြူးဝမ်းမြောက်လျက်ရှိသည်။ မင်္ဂလာမောင်နှံတို့အတွက် လက်ထပ်ထိမ်းမြားရန် အချိန်ကောင်းအခါကောင်းဖြစ်ပါသည်။ ထို့ကြောင့် ဤသီတင်းကျွတ်အခါသမယသည်ကား ပျော်ရွှင်စရာ၊ ကြည်နူးစရာအပေါင်းနှင့်ပြည့်စုံသော မြင့်မြတ်သော အခါသမယဖြစ်သည့် အားလျော်စွာ ဝမ်းမြောက်ကြည်နူး စိတ်မွန်ထူးဖြင့် ရည်စူးကြိုဆိုတင်ပြပါကြောင်း။ ။

ပြည်တွင်းသတင်း

ဆေးပညာသင်ကြားရေးနှင့် သုတေသနလုပ်ငန်းများ အဆင့်မြှင့်ပူးပေါင်းဆောင်ရွက်ရေး ဂျပန်-မြန်မာဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၁၆

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ဆေးပညာသင်ကြားရေးလုပ်ငန်းများနှင့် ဆေးဘက်ဆိုင်ရာ သုတေသနလုပ်ငန်းများ အဆင့်မြှင့်တင်ရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးရန် ဂျပန်နိုင်ငံ ဂျပန်-မြန်မာအသင်း၏ ဖိတ်ကြားချက်အရ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၇ ရက် မှ ၁၂ ရက်အထိ ဂျပန်နိုင်ငံသို့ လေ့လာရေးခရီး သွားရောက်ခဲ့ပြီး အိုကာယားမားတက္ကသိုလ်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဆေးပညာသင်ကြားရေးလုပ်ငန်းများနှင့် ဆေးဘက်ဆိုင်ရာ သုတေသနလုပ်ငန်းများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးပြီး အိုကာယားမားတက္ကသိုလ်ဆေးရုံကို ကြည့်ရှုလေ့လာသည်။ ထို့ပြင် Asian Medical Support Organization မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ အဆင့်မြှင့်တင်နိုင်ရေးအတွက် ကူညီဆောင်ရွက်နိုင်မည့် ကိစ္စရပ်များအား ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အကြီးတန်း ဒုတိယဝန်ကြီး Mr. Norio Mitusuya နှင့် ကျန်းမာရေး၊ အလုပ်သမားနှင့် ကယ်ဆယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Norihisa Taruma တို့နှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြှင့်တင်ရေးလုပ်ငန်းများတွင် ပိုမိုတိုးမြှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ဂျပန်နိုင်ငံရှိ Niigata University, Chiba University,Kanazawa University, Okayama University, Nagasaki University, Kumamoto University တို့မှ ဥက္ကဋ္ဌများ၊ ပါမောက္ခချုပ်များ၊ Japan-Myanmar Association (JMA), Japan International Cooperation Agency(JICA), Nippon Foundation, Mediva Inc. နှင့် Tokyo Medical and Dental University တို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ကျန်းမာရေးစောင့်ရှောက်မှုစနစ် တိုးတက်မြင့်မားစေရေး ဝိုင်းဝန်းကူညီဆောင်ရွက်နိုင်မည့် နည်းလမ်းများ ဆွေးနွေးညှိနှိုင်းခဲ့ပြီး တက္ကသိုလ်ဆေးရုံသို့ သွားရောက်လေ့လာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လောက်ကိုင်မြို့တွင် ဆွမ်းလောင်းလှူပွဲပိတ်ပွဲကျင်းပ

လောက်ကိုင် အောက်တိုဘာ ၁၆

ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့တွင် သီတင်းသုံးနေထိုင်တော်မူကြကုန်သော ဝါဆိုသံဃာတော်များအား အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆွမ်းလောင်းလှူပွဲ ပိတ်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၃ ရက် နံနက် ၈ နာရီခွဲက အမှတ်(၂) ရပ်ကွက် အထက (၁) ကျောင်းရှေ့၌ ကျင်းပသည်။ **(ဓါတ်ပုံ)**

အခမ်းအနားတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့အတွင်းရေးမှူး (ခရိုင်အုပ်ချုပ်ရေးမှူး) ဦးအောင်ချိုဦး ဦးစီး၍ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့မှ အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ဝါဆိုသံဃာတော် ၁၁၈ ပါးကို စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ဆွမ်းထမင်းနှင့် ဆွမ်းဟင်းများကို လောင်းလှူခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သတိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဗြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များ ပစ်ဖောက်ခြင်းများကြောင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများထံမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကိုထိခိုက်အောင် ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ဗြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များ ပစ်ဖောက်ခြင်းကို တားမြစ်သည်။

၂။ ၂၀၁၂ ခုနှစ်၊ ၁၃၇၄ ခုနှစ် သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဗြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များ ထုတ်လုပ်ရောင်းချခြင်း၊ ပစ်လွှတ်ခြင်း၊ ပစ်ဖောက်ခြင်းများပြုလုပ်သူ ၁၂၁ ဦးအား တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ၁၃၇၅ ခုနှစ် သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဗြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)အား ထုတ်လုပ်ရောင်းချခြင်း၊ ပစ်လွှတ်ခြင်း၊ ပစ်ဖောက်ခြင်းများပြုလုပ်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

၄။ သတင်းပေးသူကို ထိုက်တန်စွာဆုချီးမြှင့်မည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

လူကုန်ကူးမှုတားဆီးရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး

ဒေသအတွင်းထွက်ရှိသည့် သဘာဝအရင်းအမြစ်များကို ထုတ်ယူသုံးစွဲရာတွင် ဒေသခံပြည်သူလူထုအနေဖြင့်လည်း အကျိုးခံစားမှုများ ရရှိခံစားရမည်

ပြည်တွင်းသတင်း

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်း စစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ဒေသခံကိုယ်စားလှယ်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၁၆

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် အောက်တိုဘာ ၁၄ ရက် နံနက် ၈နာရီက စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် ရွှေလှေကျေးရွာ၌ကျင်းပသည့် လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ကော်မတီဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဝင်းထွန်း၊ ဒေါက်တာမြင့်အောင်နှင့် ဦးအုန်းမြင့်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

အစီအစဉ်အရ မြန်မာ-ဝမ်ပေါင်ကုမ္ပဏီနှင့် ကျေးရွာမီးလင်းရေး ကော်မတီတို့မှ တာဝန်ရှိသူများက လျှပ်စစ်မီးလင်းရေးအတွက် ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရွှေလှေကျေးရွာ လျှပ်စစ်မီးလင်းရေး ဆိုင်းဘုတ်အား တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီး ဦးသန်းထိုက်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်း၊ မြန်မာ-ဝမ်ပေါင်ကုမ္ပဏီမှ မစ္စတာဂန်းရီနှင့် ကျေးရွာမီးလင်းရေး ကော်မတီဝင် ဦးတင်ငွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ကျေးရွာမီးလင်းရေးဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ လက်ပံတောင်းဒေသ လူမှုစီးပွားဖွံ့ဖြိုးရေး လုပ်ငန်းဖြစ်သော စီမံကိန်းဒေသအတွင်း ကျေးရွာ ၁၅ ရွာအတွက် လျှပ်စစ်မီးလင်းရေး ကိစ္စများကို ငွေကျပ် ၆၀၄၅ ဒသမ ၆၀ သိန်း အကုန်အကျခံ၍ ဆောင်ရွက်ပေးလျက်ရှိရာ ရွှေလှေကျေးရွာအတွက် ၃၁၅ ကေဗွီအေ ထရန်စဖော်မာတစ်လုံး တပ်ဆင်ပေးခဲ့ပြီး စုစုပေါင်းငွေကျပ် ၅၁၃ ဒသမ ၂၅ သိန်း အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် အဖွဲ့ဝင်များသည် ဆားလင်းကြီးမြို့ အမှတ်(၆) အထည်စက်ရုံ၌ စီမံကိန်းဒေသ ပတ်ဝန်းကျင်ကျေးရွာများမှ နေ့စားဝန်ထမ်းခန့်အပ်၍ အလုပ်အကိုင်ပေးထားသည့် ဒေသခံအမျိုးသမီးများ၏ စက်ချုပ်လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် စက်ရုံအစည်းအဝေးခန်းမ၌ ဒေသလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေသည့် CSDအဖွဲ့များ၊ ဒေသခံပြည်သူလူထုများနှင့်တွေ့ဆုံ၍ မိမိတို့အနေဖြင့် အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီစတင်ဖွဲ့စည်းပြီးချိန်မှစ၍ ဒေသခံပြည်သူများနှင့် စဉ်ဆက်မပြတ် ထိတွေ့ပြီး ဒေသအကျိုးစီးပွားအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ စုံစမ်းစစ်ဆေးရေး ကော်မရှင်၏ အစီရင်ခံစာတွင် ကြေးနီစီမံကိန်းအား နိုင်ငံတော်၏ အကျိုးစီးပွား၊ ဒေသခံပြည်သူလူထု၏ အကျိုးစီးပွား၊ အနာဂတ်မျိုးဆက်အတွက် အကျိုးစီးပွားများကို အစီအမံများချမှတ်ပြီး စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်စေသင့်သည်ဟု အကြံပြုချက်များနှင့်အညီ မိမိတို့ အကောင်အထည်ဖော်ရေး ကော်မတီသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသခံပြည်သူလူထုနှင့်အတူ အောင်မြင်မှုရရှိသည်အထိ လက်တွဲပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ဒေသအတွင်း ထွက်ရှိသည့် သဘာဝအရင်းအမြစ်များကို ထုတ်ယူသုံးစွဲရာတွင် ဒေသခံပြည်သူလူထုအနေဖြင့်လည်း အကျိုးခံစားမှုများ ရရှိခံစားရမည်ဖြစ်ပါကြောင်း၊ စီမံကိန်းလုပ်ငန်းများ ပြန်လည်စတင်နိုင်မှသာ ဒေသခံပြည်သူများကို အလုပ်အကိုင်များ ခန့်ထားပေးနိုင်မည်ဖြစ်ပြီး မြေယာသိမ်းဆည်းခံရသူများ၏ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခက်အခဲများအား ဖြေရှင်းဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း အမှာစကားပြောကြားသည်။

ပူးပေါင်းဆောင်ရွက်

ဆက်လက်၍ ကော်မတီဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့များ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ တရားဥပဒေစိုးမိုးရေးကို အလေးထား၍ စီမံကိန်းနယ်မြေဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများမှ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက စီမံကိန်း လုပ်ငန်းကြီးများအတွက် မရှိမဖြစ်လိုအပ်သည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားအကျိုးသက်ရောက်မှု အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာပါ အကြံပြုချက်အတိုင်း စာချုပ်အသစ် ပြန်လည်ချုပ်ဆိုပြီးစီးမှုအပေါ် လွှတ်တော်၊ သတင်းမီဒီယာများနှင့် ဒေသခံပြည်သူများသို့ သိသင့်သိထိုက်သည်များကို ချပြရှင်းလင်းဆွေးနွေးဆောင်ရွက်ခဲ့သည့် အခြေအနေများကိုလည်းကောင်း၊ စာချုပ်ချုပ်ဆိုခြင်းကြောင့် နိုင်ငံတော်အတွက်ရရှိနိုင်မည့် အကျိုးအမြတ်များကိုလည်းကောင်း၊ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအပေါ် ပြည်ထောင်စုဝန်ကြီးဌာနအနေဖြင့် ပံ့ပိုးဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကိုလည်းကောင်း အသီးသီးရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင်များဖြစ်သည့် ဒုတိယဝန်ကြီးများ၊ အဖွဲ့ဝင်များက သက်ဆိုင်ရာအဖွဲ့လိုက်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် စီမံကိန်းပတ်ဝန်းကျင်ကျေးရွာများမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ၎င်းတို့လတ်တလောကြုံတွေ့နေရသည့် အခက်အခဲများ၊ လိုအပ်ချက်များ၊ သိရှိလိုသည်များကို တင်ပြမေးမြန်းဆွေးနွေးရာ ကဏ္ဍများအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယခုတွေ့ဆုံပွဲသို့ ဒေသခံပြည်သူများမှ တက်တက်ကြွကြွ ပါဝင်ဆွေးနွေးခဲ့ကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ကော်မတီအနေဖြင့် တင်ပြချက်များကို ချက်ချင်းဖြေရှင်း ဆောင်ရွက်ပေးနိုင်သည်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အချိန်ယူဖြေရှင်းဆောင်ရွက်ပေးရမည့်ကိစ္စများကို ဆက်လက်ဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကော်မရှင်၏ အစီရင်ခံစာပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည့် လုပ်ငန်းများအပေါ် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသအကျိုးနှင့် နိုင်ငံအကျိုးစီးပွားအတွက် မိမိတို့နှင့်အတူ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားခဲ့ပြီး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

◆ *ရှေ့ဖုံးမှ*

"ကုက္ကိုလ်ဝမြစ်ရေက ရေနောက်တယ်။ ဒါကိုသန့်စင်မှုပြုလုပ်ပြီး ရန်ကုန်အနောက်ပိုင်းမြို့နယ်တွေကို ရေဖြန့်ဝေပေးနိုင်ရေး လေ့လာနေတယ်။ အခု ကုက္ကိုလ်ဝမြစ်ရေကို သုတေသနပြုလေ့လာဆန်းစစ်မှုတွေ ကျွန်တော်တို့ ပြုလုပ်နေပြီ ဖြစ်ပါတယ်"ဟု ဦးမျိုးသိမ်းက ဆက်လက်ရှင်းပြသည်။

ရန်ကုန်မြို့အနောက်ဘက် မြို့နယ်များကို ရေရရှိမှု နည်းပါးနေသဖြင့် အဆိုပါ ရေဖြန့်ဝေရေးစီမံကိန်းကို အကောင်အထည်ဖော်နိုင်ရေး ကြိုးစားနေခြင်းဖြစ်သည်။ တဖြည်းဖြည်းတိုးပွားလာသောလူဦးရေနှင့်အတူ သောက်သုံးရေသုံးစွဲမှုကလည်း ပိုမိုလိုအပ်လာမည်ဖြစ်သည်။ ထို့ကြောင့် ရေပိုမိုဖြန့်ဝေပေးနိုင်မည့် နည်းလမ်းများကို ဆောင်ရွက်နေခြင်း ဖြစ်သည်။

"ဒါ့အပြင် ရန်ကုန်တောင်ပိုင်းမြို့နယ်တွေမှာ ရေပိုမိုဖြန့်ဝေနိုင်ရေးအတွက် တွံတေးအနီးမှာ တိုးမြစ်ရေကို ရယူအသုံးပြုနိုင်ရေး လေ့လာနေပါတယ်။ ဒါကို ဂျပန်နဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီတို့ ပူးပေါင်းပြီး ရေစီးနှုန်းပမာဏ၊ ရေငန်ပါဝင်မှုရာခိုင်နှုန်း၊ နွေမိုးဆောင်း မြစ်ရေအခြေအနေတွေကို လေ့လာဆန်းစစ်မှုတွေ ပြုလုပ်နေပြီဖြစ်ပါတယ်"ဟု လက်ထောက်ဌာနမှူး ဦးမျိုးသိမ်းက ပြောပြသည်။

ရန်ကုန်တောင်ပိုင်းမြို့နယ်များဖြစ်သည့် ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ဒလမြို့နယ် စသည်တို့မှာ သောက်သုံးရေများ ဖြန့်ဝေပေးနေသော်လည်း အဓိကအားဖြင့် ရေကန်များကိုသာ မှီခိုနေရဆဲဖြစ်သည်။ ထို့ကြောင့် ရန်ကုန်တောင်ပိုင်းနေပြည်သူများအနေဖြင့် နွေရာသီတွင် သောက်သုံးရေအခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။

ထို့ကြောင့် သောက်သုံးရေများ ဖြန့်ဝေပေးနိုင်ရေးအတွက် တိုးမြစ်ရေကို သန့်စင်ကာ ဖြန့်ဖြူးနိုင်ရေးအတွက် အကောင်အထည်ဖော်နိုင်ရန် ကြိုးစားနေခြင်းဖြစ်သည်။အဆိုပါစီမံကိန်းများ အောင်မြင်ပါက ရန်ကုန်တောင်ပိုင်းမြို့နယ်များနေ ပြည်သူများအတွက် သောက်သုံးရေများ ပိုမိုဖြန့်ဖြူးပေးနိုင်တော့မည် ဖြစ်ရာ ရန်ကုန်မြို့တွင် နေရာစုံမှနေ၍ ရေဖြန့်ဝေပေးမှုကြောင့် ရန်ကုန်မြို့ပြည်သူများ ရေဖူလုံစွာ ရရှိနိုင်မည်ဖြစ်သည်။

(မြန်မာ့အလင်း)

ပြင်ဆင်ဖတ်ရှုပါရန်

အောက်တိုဘာ ၁၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ အချပ်ပို (က) စာမျက်နှာ၃၌ ဖော်ပြထားသည့် **"ဆက်သွယ်ရေး ဥပဒေ"**၏ အခန်း(၃)၊ ပုဒ်မ ၁၁ ပုဒ်မခွဲ (က)၌ **"အခန်း (၁၂)"** အစား **"အခန်း (၁၀)"**ဟု ပြင်ဆင်ဖတ်ရှုပါရန်။

(မြန်မာ့အလင်း)

နိုင်ငံတကာသတင်း

တိုကျိုမြို့သို့ အားပြင်းမုန်တိုင်းဝင်ရောက်တိုက်ခတ် အနည်းဆုံးသေဆုံးသူ ၁၃ ဦးထက်မနည်းရှိ

တိုကျို အောက်တိုဘာ ၁၆

ဂျပန်နိုင်ငံ မြို့တော်တိုကျိုသို့ အားပြင်းမုန်တိုင်းဝင်ရောက် တိုက်ခတ်သွားရာ အနည်းဆုံးလူ ၁၃ဦးသေဆုံးသွားကြောင်း အောက်တိုဘာ ၁၆ ရက်သတင်းများတွင် ဖော်ပြသည်။

ဝိဖာအမည်ရှိ အဆိုပါ တိုက်ဖုန်းမုန်တိုင်းကြောင့် အီဆူးအိုရှီးမား ကျွန်းတွင် ရေကြီးမြေပြိုမှုများဖြစ်ပွားခဲ့သည်။ တိုကျိုမြို့တောင်ပိုင်း၌ နေအိမ်အချို့ ပြိုကျပျက်စီးသွားခဲ့သည်။ **(အောက်ပုံ)**

နေအိမ်များပြိုကျချိန် သို့မဟုတ် အဆိုပါကျွန်း၌ ရုတ်တရက် မြေပြိုကျမှုဖြစ်ချိန်တွင် လူအများအပြားသေဆုံးခဲ့သည်။ မြစ်အနီး၌ သေဆုံးသူနှစ်ဦး တွေ့ရှိခဲ့သည်ဟုဆိုသည်။

မြို့တော်တိုကျိုတွင် လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းလိုက်သည်။ ကျည်ဆန်ရထားပြေးဆွဲမှုများလည်း ရပ်ဆိုင်းထားပြီး ကျောင်းများလည်း ပိတ်ထားသည်။

အဆိုပါ မုန်တိုင်းသည် ၁၀ နှစ်အတွင်း အင်အားအပြင်းထန်ဆုံး မုန်တိုင်းဖြစ်ပြီး တစ်နာရီ ၇၅ မိုင်နှုန်းဖြင့်တိုက်ခတ်ခဲ့ကြောင်း၊ မိုးရေချိန်လက်မ ၄ ဒသမ ၈ အထိ စံချိန်တင်ရွာသွန်းခဲ့ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီ ခန့်မှန်းရေးမှူးချုပ် ဟီရိုယူကီးအူချီဒါက အောက်တိုဘာ ၁၅ ရက်တွင် သတင်းထောက်များအား ပြောကြားသည်။

အဆိုပါ မုန်တိုင်းကြောင့် သေဆုံးသူ ၁၃ ဦးရှိသွားပြီဖြစ်ကြောင်း၊ ၅၀ ထက်မနည်းသေဆုံးနိုင်ကြောင်း ဒေသခံတာဝန်ရှိသူများက ပြောကြားသည်။

(ဘီဘီစီ)

လာအိုလေယာဉ် မဲခေါင်မြစ်အတွင်းပျက်ကျ၍ ခရီးသည် ၄၉ ဦးသေဆုံး

ဗန်ကောက် အောက်တိုဘာ ၁၆

လာအိုလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် လာအိုတောင်ပိုင်းဒေသအတွင်းရှိ မဲခေါင်မြစ်ထဲသို့ ပျက်ကျသွားကြောင်း လေကြောင်းလိုင်းတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ရာ ထိုင်းရုပ်မြင်သံကြားသတင်းများအရ အဆိုပါဖြစ်ရပ်တွင် လူ ၄၉ ဦးသေဆုံးသွားသည်ဟု ဆိုသည်။

ထိုင်းနှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံနယ်စပ်အနီးချမ်ပဆက်ပြည်နယ် ပက်ဆေမြို့အနီး ယနေ့ညနေ ၄ နာရီခန့်တွင် ပျက်ကျသွားခြင်းဖြစ်ကြောင်း လာအိုလေကြောင်းလိုင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။မဲခေါင်မြစ်ရေတိမ်ပိုင်းတွင် တစ်စိတ်တစ်ပိုင်းနစ်မြုပ်နေသော အေတီအာ -၇၂ လေယာဉ်၏ဓာတ်ပုံကို ထိုင်းရုပ်မြင်သံကြားတစ်ခုက ထုတ်လွှင့်ပြသခဲ့ပြီး အခြားရုပ်မြင်သံကြား ချန်နယ်တစ်ခုက မြစ်ကမ်းပါးပေါ်မှ ရုပ်အလောင်းအများအပြားကိုထုတ်လွှင့်ပြသခဲ့သည်။

သေဆုံးဒဏ်ရာရ အရေအတွက်ကို မိမိတို့မသိသေးကြောင်း၊ မိမိတို့တာဝန်ရှိသူများအနေဖြင့် လတ်တလောအစည်းအဝေးကျင်းပလျက်ရှိပြီး နံနက်ပိုင်းတွင် ပို၍အသေးစိတ်ထုတ်ဖော်ပြောကြားနိုင်မည် ဖြစ်ကြောင်း လေကြောင်းလိုင်းမှ တာဝန်ရှိသူက ဖုန်းဖြင့်ပြောကြားသည်။

ထိုင်းမီဒီယာများ၏ အဆိုအရ သေဆုံးသူ၄၉ဦးအနက် နှစ်ဦးမှာ ထိုင်းလူမျိုးများဖြစ်ကြောင်း ဖော်ပြသည်။ လာအိုလေကြောင်းလိုင်းသည် ပြည်တွင်းခရီးစဉ် ခုနစ်ခုနှင့် ပြည်ပခရီးစဉ်များအဖြစ် တရုတ်၊ ကမ္ဘောဒီးယား၊ ထိုင်း၊ ဗီယက်နမ်နှင့် စင်ကာပူသို့ပျံသန်းလျက်ရှိသည်။**(အမ်အင်န်အေ-ရိုက်တာ)**

ကာကွယ်ရေးနည်းပညာ နယ်ပယ်လေးရပ်တွင် အီးယူနိုင်ငံများ လက်တွဲသင့်ဟုဆို

ဘရပ်ဆဲလ် အောက်တိုဘာ ၁၆

ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများမှာ မောင်းသူမဲ့လေယာဉ်ပျံ(Drone) များအပါအဝင် ကာကွယ်ရေးနည်းပညာဆိုင်ရာ နယ်ပယ်လေးရပ်တွင် လက်တွဲပူးပေါင်းသင့်ပြီဖြစ်ကြောင်း ယင်းသမဂ္ဂ၏ နိုင်ငံခြားရေးရာ မူဝါဒအကြီးအကဲက စက်တင်ဘာ ၁၅ ရက်တွင် သတင်းထုတ်ပြန်လိုက်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ဒီဇင်ဘာလအတွင်း ကျင်းပမည့် အီးယူထိပ်သီးအစည်းအဝေးကို ရည်သန်လျက် ကက်သရင်းအက်ရှ်တန်က ယခုကဲ့သို့ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ကာကွယ်ရေးနည်းပညာဆိုင်ရာ နယ်ပယ်လေးရပ်ဖြစ်သော မောင်းသူမဲ့ယာဉ်ပျံများ တီထွင်ထုတ်လုပ်ခြင်း၊ ဂြိုဟ်တုဆက်သွယ်ရေးစနစ် သစ်တည်ဆောက်ရေး၊ ဆိုက်ဘာကာကွယ်ရေးနှင့် လောင်စာသယ်ပို့ဖြည့်သွင်းလေယာဉ်များ ပိုမိုဖြည့်ဆည်းပေးရေးတို့တွင် အီးယူအစိုးရများက ပူးတွဲစီမံကိန်းများ ဖြစ်မြောက်ရန် အာမခံထားရှိသင့်ပါကြောင်း ကက်သရင်းက ဆိုသည်။

ဒေသတွင်း အရပ်ဘက် အဖွဲ့အစည်းတစ်ရပ် ဖြစ်သော်လည်း ဥရောပသမဂ္ဂသည် စစ်ဘက်ဆိုင်ရာနှင့်လုံခြုံရေးဆိုင်ရာ အခန်းကဏ္ဍများတွင်လည်း ဝင်နွှဲလျက်ရှိသည်။ ဆိုမာလီ၌ ပင်လယ်ဓားပြနှိမ်နင်းရေး ရေတပ်အင်အားဖြည့်ထားမှုမှသည် မာလီတွင် စစ်သင်တန်းပေးနေမှုအထိ အစရှိသဖြင့် စစ်ရေးဆောင်ရွက်မှုများကိုလုပ်ဆောင်လျက်ရှိသည်။ ဒီဇင်ဘာ ထိပ်သီးအစည်းအဝေးသည် ယင်းနယ်ပယ်အား ပိုမိုအင်အားတောင့်တင်းစေရေး ရည်သန်ထားသည့် အစည်းအဝေးတစ်ရပ် ဖြစ်သည်။

၂၀၁၁ ခုနှစ်အတွင်း လစ်ဗျားနိုင်ငံကို နေတိုးအဖွဲ့လေကြောင်းဗုံးကြဲမှုတိုက်ပွဲဆင်နွှဲစဉ်က ထောက်လှမ်းရေး လေယာဉ်ပျံများနှင့် ဝေဟင်အတွင်း လေယာဉ်ချင်း လောင်စာဆီ ဖြည့်သွင်းခြင်းကဲ့သို့သော အပိုင်းများတွင် အားနည်းမှုရှိခဲ့သည်ကို တွေ့ရှိခဲ့ရသည်။

ကက်သရင်း၏ သတင်းထုတ်ပြန်ချက်တွင် မောင်းသူမဲ့ယာဉ်ပျံများသည် နယ်စပ်ထိန်းချုပ်နိုင်ရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဲ့သို့သော စစ်ဘက်နှင့်အရပ်ဘက် နှစ်ရပ်စလုံးအတွက် ပိုမို၍ အရေးပါလာလိမ့်မည် ဖြစ်ကြောင်း ဖော်ပြထားသည်။

(ရိုက်တာ)

အမေရိကန်ရေနံတင်သင်္ဘော ဗင်နီဇွဲလား ပြန်လွှတ်ပေး

ကာရာကာ့စ် အောက်တိုဘာ ၁၆

ပြီးခဲ့သော အောက်တိုဘာ ၁၀ ရက်က ဗင်နီဇွဲလားရေတပ် ဖမ်းဆီးခဲ့သော အမေရိကန်ရေနံတင်သင်္ဘောတစ်စင်းကို ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း အောက်တိုဘာ ၁၆ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။ ဗင်နီဇွဲလားရေတပ်က တက်နစ်ပါဒါးနားအမည်ရှိ အဆိုပါ သင်္ဘောကို ဂိုင်ယာနာကမ်းလွန်အငြင်းပွားရေပိုင်နက်၌ အောက်တိုဘာ ၁၀ ရက်ကဖမ်းဆီးခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။ အစိုးရက မိမိတို့ရေပိုင်နက်အတွင်း တရားမဝင် ကျူးကျော်ဝင်ရောက်ခဲ့သည်ဟု အမေရိကန်သင်္ဘောမောင်းသူများကိုကာရာကာ့စ်အစိုးရက စွပ်စွဲခဲ့သည်။ အမေရိကန်နိုင်ငံသား ငါးဦးအပါအဝင် သင်္ဘောသား ၃၆ ဦးကို ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း သင်္ဘောပိုင်ရှင်များက ပြောသည်။ **(ဘီဘီစီ)**

အားပြင်းငလျင် ဖိလစ်ပိုင်တွင်လှုပ်၊ လူ ၁၄၄ ဦး သေဆုံး

မနီလာ အောက်တိုဘာ ၁၆

မြေလွှာ ပြတ်ရွေ့ကြောများအကြား ရွေ့ပြတ်ပွတ်တိုက်မှုများကြောင့် မီးတောင်လှုပ်ရှားမှုများနှင့် မြေငလျင်ကြီးများ ဖြစ်ပေါ်တတ်ရာ ပစိဖိတ်မီးတောင် ငလျင်စက်ကွင်း (Pacific Ring of Fire) နယ်မြေဒေသပေါ်တွင် တည်ရှိသည့် ဖိလစ်ပိုင်နိုင်ငံတွင် ရစ်ချ်တာစကေး ၇ ဒသမ ၂ အဆင့်ရှိ အင်အားပြင်း ငလျင်ကြီး အောက်တိုဘာ ၁၅ ရက်က နိုင်ငံတောင်ပိုင်းတွင် လှုပ်သွားကြောင်း အမေရိကန် ဘူမိတိုင်းတာရေးဌာန (USGS)ကပြောကြားခဲ့ပြီး အဆောက်အအုံများပြိုကျ၍ အနည်းဆုံး လူ ၉၉ ဦး သေဆုံးခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ ဘာလီလီဟန်အရပ်မှ ငါးကီလို မီတာအကွာ ဘိုဟိုးကျွန်းစုဒေသတွင်း ဒေသစံတော်ချိန် ၈ နာရီ ၁၂ မိနစ်က မြေအနက် ၅၆ကီလိုမီတာတွင် ဗဟိုပြုလှုပ်ခဲ့ခြင်းဖြစ်ကြောင်း USGS ၏ ပြောကြားချက်ကို အေအက်ဖ်ပီ သတင်းတွင်ဖော်ပြသည်။ ငလျင်ဗဟိုပြုရာသည် မြို့တော်မနီလာမှ ၆၂၉ ကီလိုမီတာအကွာ အဝေးတွင်ဖြစ်သည်။ အဆိုပါ ငလျင်ကြီးလှုပ်ပြီးနောက် အင်အားရစ်ချ်တာစကေး ၅ အဆင့်ကျော် ငလျင်နှစ်ကြိမ်လှုပ်ခဲ့ကြောင်း သိရသည်။ ငလျင်လှုပ်ပြီးနောက် USGSက အဝါရောင်အဆင့် သတိပေးချက်ထုတ်ပြန်ထားသည်။

အသေအပျောက်များနှင့် ထိခိုက်ပျက်စီးမှုများ များပြားနိုင်ကြောင်း၊ ယင်းဒေသများတွင် အဝါရောင်အဆင့်သတိပေးချက် ထုတ်ရန်လိုကြောင်း USGSက ဆိုသည်။ ပစိဖိတ်ဆူနာမီသတိပေးဌာနက ငလျင်ကြောင့် ဆူနာမီသတိပေးချက်ထုတ်ပြန်ခြင်းမရှိကြောင်း သတင်းတွင် ဖော်ပြသည်။

(ပရက်စ်တီဗွီ)

ဘာသာပေါင်းစုံချစ်ကြည်ရေး လူငယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၆

(၂၇)ကြိမ်မြောက် အာဆီယံဆီးဂိမ်းပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ငြိမ်းချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ချစ်ကြည်စွာအတူယှဉ်တွဲနေထိုင်ရေးကို ရည်ရွယ်၍ နေပြည်တော် YMCA (ဝိုင်အမ်စီအေ)အသင်းက ကြီးမှူးကျင်းပသော ဘာသာပေါင်းစုံချစ်ကြည်ရေး လူငယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက နေပြည်တော် FC ပေါင်းလောင်း အားကစားကွင်း၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် နေပြည်တော် YMCA ဘဏ္ဍာထိန်း ဦးလှဇက်က အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အားကစားသမားများက အားကစားအဓိဋ္ဌာန် ရွတ်ဆိုကြသည်။

ထို့နောက် အဖွင့်ပွဲအဖြစ် Zim FC အသင်းနှင့် White Star FC အသင်းသားများကို YMCA နာယက သိက္ခာတော်ရဒေါက်တာ စောမဲလ်ဗင်အေးဝေက နှုတ်ဆက်ပြီး YMCA ဥက္ကဋ္ဌ ဦးဇော်ခွန်တို့က ဘောလုံးကန်၍ ဖွင့်လှစ်ပေးသည်။ အဆိုပါနှစ်သင်း ယှဉ်ပြိုင်ကစားရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကြသွားကြောင်း သိရသည်။

အဆိုပါ ချစ်ကြည်ရေးဘောလုံးပွဲကို အုပ်စုနှစ်ခုခွဲ၍ နေပြည်တော် FC ပေါင်းလောင်းဘောလုံးကွင်းနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ကွင်းတို့တွင် ပြိုင်ပွဲဝင်အသင်း ၁၀ သင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဗိုလ်လုပွဲကို အောက်တိုဘာ ၂၄ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၀၆)

ဓာတ်လှေကားကျွံဝင်သွား၍ လူကိုကယ်ထုတ်ခဲ့ရ

ရန်ကုန် အောက်တိုဘာ ၁၆

အောက်တိုဘာ ၁၅ ရက် ညနေ ၃ နာရီခွဲခန့်က မရမ်းကုန်းမြို့နယ် အမှတ် (၅)ရပ်ကွက် ကမ္ဘာအေးဘုရားလမ်း ရုံးချုပ်အခြေစိုက် ပြည်ပဆက်သွယ်ရေးစခန်း မြန်မာ့ဆက်သွယ်ရေးရုံး လေးထပ်တိုက်အဆောက်အအုံတွင် တပ်ဆင်ထားသောဓာတ်လှေကားမှ အမျိုးသမီးတစ်ဦးနှင့် ကလေးငယ်တစ်ဦးတို့ ဒုတိယထပ်မှ မြေညီထပ်သို့ ဆင်းလာရာ မြေညီထပ်သို့ ရောက်ချိန်တွင် သတ်မှတ်နေရာ၌ ရပ်တန့်ခြင်းမရှိဘဲ ၎င်းမှ အောက်သို့ တစ်ပေခွဲခန့် ကျွံဝင်သွားခဲ့သည်ဟု သိရသည်။

ဓာတ်လှေကားတံခါးမှာ ခြောက်လက်မခန့်သာ ဖွင့်၍ရခဲ့ပြီး လူများမှာ ဓာတ်လှေကားအတွင်းမှ ထွက်၍မရဖြစ်နေခဲ့သည်ဟု ဆိုသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ် (ကွပ်ကဲ)သို့ ညနေ ၄ နာရီ ၁၅ မိနစ်တွင် အကြောင်းကြားလာသည့်အတွက် မြန်မာနိုင်ငံမီးသတ်ဌာနချုပ်မှ ၁၉၁ ယာဉ်တစ်စီး၊ မရမ်းကုန်းမြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ရေးယာဉ်တစ်စီးနှင့် မီးသတ်တပ်ဖွဲ့ဝင် ၁၃ ဦးတို့က သွားရောက်ကယ်ထုတ်ခဲ့ရသည်။

မီးသတ်တပ်ဖွဲ့ဝင်တို့က ဓာတ်လှေကား၏တံခါးအား Hydrolic Spreader ဖြင့်ဖြဲ၍ ဓာတ်လှေကားအတွင်း ပိတ်မိနေသော ဒေါ်စန္ဒာဦး အသက် (၃၉ နှစ်)နှင့် တူမဖြစ်သူ မခိုင်ဇာခြည်လွင် အသက် (၈ နှစ်)တို့ကို ညနေ ၄ နာရီ ၂၅ မိနစ်တွင် အပြင်သို့ ကယ်ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ကိုကြီးတင်

ဖြူးမြို့၌ ခေါင်းဖြတ်သတ်သူကို သုံးရက်အကြာတွင် ဖမ်းမိ

တောင်ငူ အောက်တိုဘာ ၁၆

အောက်တိုဘာ ၁၂ ရက် ညနေ ၆ နာရီတွင် ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်း တောင်ငူခရိုင် ဖြူးမြို့ ခင်တန်းကြီးကျေးရွာအုပ်စု ပဲခူးရိုးမ တောင်ခြေ သစ်မာစိုက်ခင်းတစ်ခုတွင် အသက် ၅၀ ကျော် စိုက်ခင်းစောင့် လင်မယားနှစ်ဦးကို ဓားဖြင့် ထိုးသတ်ခဲ့သူနှစ်ဦးကို အမှုဖြစ်ပြီး သုံးရက်အကြာတွင် ဖြူးမြို့နယ် ကွင်းချောင်းဝရှိ ပုံ့ကျွတဲအိမ်စုတစ်ခုတွင် ဖမ်းဆီးရမိခဲ့ကြောင်း သက်ဆိုင်ရာမှ သိရှိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၂ ရက် ညနေ ၆ နာရီခန့်တွင် ဖြူးမြို့နယ် ခင်တန်းကြီးကျေးရွာအုပ်စု ကျွဲမကူးကျေးရွာနေ ဦးဇော်နိုင်ဦးဆိုသူသည် ၎င်း၏ နေအိမ်တွင်လာရောက်တည်းခိုနေထိုင်ပြီး ရိုးမတောင်ခြေသစ်မာစိုက်ခင်း တစ်ခုတွင် အလုပ်လုပ်ကိုင်နေသူ အသက် ၅၆ နှစ်အရွယ်ရှိ ဦးဇော်မင်းနှင့် ဇနီးဖြစ်သူ အသက် ၅၅ နှစ်အရွယ်ရှိ ဒေါ်တင်ရွှေတို့လင်မယားပြန်မလာသဖြင့် ကျွဲမကူးကျေးရွာ နယ်မြေခံရွာသားအချို့နှင့် အဆိုပါ သစ်မာစိုက်ကွင်းသို့ သွားရောက်ရှာဖွေရာတွင် စိုက်ခင်းစောင့်တဲအနီး မြေကြီးပေါ်၌ ဦးဇော်မင်းကို ခေါင်းပြတ်လျက် အနေအထားဖြင့် (ဦးခေါင်းရှာမတွေ့)ယာဘက်ရင်အုံထိုးသွင်းဒဏ်ရာဖြင့် လည်းကောင်း၊ ဇနီးဖြစ်သူ ဒေါ်တင်ရွှေကို ဘယ်ဘက်ဝမ်းဗိုက်နံဘေးထိုးသွင်း ဒဏ်ရာတစ်ချက်ဖြင့် အူများပွင့်ထွက်လျက် သေဆုံးနေသည်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု ဖြူးမြို့ မြို့မရဲစခန်း၏ ကနဦးစစ်ဆေးချက်အရ စုံစမ်းသိရှိရသည်။

အဆိုပါနေ့ ညနေ ၅ နာရီ ခန့်တွင် ဖြူးမြို့နယ် ကွင်းချောင်းဝတွင် တဲထိုးနေထိုင်ပြီး ငါးရှာဖွေဖမ်းဆီးကာ လုပ်ကိုင်စားသောက်သူ အသက် ၅၃ နှစ်အရွယ် ဦးရဲညွန့်(ခ)ဖထီးနှင့် အတူနေ တပည့်ဖြစ်သူ အသက် ၂၆ နှစ်အရွယ် ဦးသိန်းထွန်း(ခ) သံချောင်းဆိုသူတို့နှစ်ဦးနှင့် အသတ်ခံရသူလင်မယားနှစ်ဦးတို့ အရက်သေစာသောက်စားပြီးနောက် စကားပြောအဆင်မပြေဖြစ်ပြီး ရန်ဖြစ်ရာမှ တစ်ဆင့် ယင်းကဲ့သို့ ဓားမြှောင်ခုံးဖြင့် ထိုးကာ ဦးခေါင်းကို ဖြတ်ခဲ့ ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာမှ သိရှိရသည်။

အဆိုပါ လူသတ်မှုနှင့်ပတ်သက်ပြီး ဖြူးမြို့မရဲစခန်းတာဝန်ရှိသူများနှင့် နယ်မြေခံကျေးရွာ တာဝန်ရှိသူများ ပူးပေါင်းကာ ဖော်ထုတ်နိုင်ခဲ့ပြီး အောက်တိုဘာ ၁၅ ရက် ညနေ ၃ နာရီခန့်တွင် ဖြူးမြို့နယ် အနောက်ဘက် ကွင်းချောင်းဝရှိ လူသတ်မှုကျူးလွန်သူများနေထိုင်ရာ ပုံ့ကျွတဲအိမ်များသို့ သွားရောက်ကာ ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်ဟု သက်ဆိုင်ရာမှ စုံစမ်းသိရှိရသည်။

အဆိုပါ လူသတ်မှုနှင့်ပတ်သက်ပြီး ဦးရဲညွန့်(ခ) ဖထီးနှင့်အတူနေ တပည့်ဖြစ်သူ ဦးသိန်းထွန်း(ခ) သံချောင်းဆိုသူနှစ်ဦးကို ဖြူးမြို့မရဲစခန်းမှ အရေးယူဆောင်ရွက်ထားပြီး ပျောက်ဆုံးနေသော ဦးခေါင်းကို ရှာဖွေနေဆဲဖြစ်ကာ အောက်တိုဘာ ၁၆ ရက်အထိ ရှာဖွေတွေ့ရှိခြင်းမရှိသေးကြောင်း သိရသည်။ **(၁၂၃)**

ပြည်တွင်းသတင်း

ပေါက်ကွဲမှုများနှင့်ပတ်သက်၍ သတင်းအချက်အလက်များ၊ လှုပ်ရှားမှုသတင်းများ သိရှိပါက သက်ဆိုင်ရာသို့ သတင်းပို့ကြရန်

နေပြည်တော် အောက်တိုဘာ ၁၆

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ကုန်သည်ကြီးများဟိုတယ် ပေါက်ကွဲမှုနှင့် အလုံမြို့နယ် Western Park II စားသောက်ဆိုင်စားပွဲခုံအောက်၌ မိုင်းတွေ့ရှိမှုတို့နှင့်ပတ်သက်သည်ဟု သံသယရှိသူ စောမြင့်လွင်(ခ) မောထအား မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဖမ်းဆီးရမိထားပြီး ဖြစ်သည်။

စောမြင့်လွင်(ခ) မောထ

၎င်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို သိရှိပါက သက်ဆိုင်ရာရဲတပ်ဖွဲ့များထံ သတင်းပေးကြပါရန် မေတ္တာရပ်ခံထားသည်။



စောထွန်းထွန်း

တောင်ငူမြို့ ချမ်းမြေ့တည်းခိုခန်း ပေါက်ကွဲမှုနှင့် ပတ်သက်သည်ဟု သံသယရှိသူ စောထွန်းထွန်းအား မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိသည်။

၎င်းနှင့် ပတ်သက်သည့် လှုပ်ရှားမှုသတင်းများကို ရရှိပါက သက်ဆိုင်ရာ ရဲတပ်ဖွဲ့ဝင်များထံ သတင်းပို့ကြပါရန် မေတ္တာရပ်ခံထားသည်။

မင်္ဂလာဒုံမြို့နယ်တွင် မီးလောင်မှုဖြစ်ပွား

ရန်ကုန် အောက်တိုဘာ ၁၆

အောက်တိုဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီက မင်္ဂလာဒုံမြို့နယ် ဇေကမ္ဘာဝင်း စူပါစတားဖိုက်ဘာ စက်ရုံ၏ ဂိုဒေါင်ကို အမိုးချထားသော အလျား ပေ ၂၀၊ အနံ ၁၀ ပေခန့် သွပ်မိုး၊ ပျဉ်ကာအဆောက်အအုံ၌ နေထိုင်သော ဂိုဒေါင်စောင့် မြတ်စိုးသည် ၎င်း၏မီးသွေးမီးဖိုဖြင့် ထမင်းချက်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ဆောင်ရွက်လျက်ရှိ

အဆိုပါမီးလောင်ရာသို့ မင်္ဂလာဒုံမြို့နယ်ရဲတပ်ဖွဲ့မှူး၊ မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ပါ ၁၅ ဦးက မီးသတ်ယာဉ်နှစ်စီးဖြင့် ငြိမ်းသတ်ခဲ့ရာ ငါးမိနစ်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး သွပ်မိုး၊ ပျဉ်ကာအဆောက်အအုံ မီးလောင်ခဲ့သဖြင့် မီးပေါ့ဆစွာသုံးစွဲသူ မြတ်စိုးအား မင်္ဂလာဒုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

ဖိတ်ကြားလွှာ

ကောင်းလွင်မိသားစု၏ ဒုတိယအကြိမ်မြောက် စတုဒိသာအလှူတော်မင်္ဂလာကို ၁၉- ၁၀-၂၀၁၃ရက် (သီတင်းကျွတ်လပြည့်နေ့)တွင် မုဒုံမြို့ ကန်ကြီးစေတီတော်ဘုရားဝင်းအတွင်း၌ နံနက် ၉ နာရီမှ မွန်းလွဲ ၃ နာရီအထိ အချိုရည်၊ မုန့်ဟင်းခါးတို့ဖြင့် စတုဒိသာအလှူကျွေးမွေးမည်ဖြစ်ပါသည်။ သို့ပါ၍ ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

ကောင်းလွင်ရွှေဆိုင်(မိသားစု)



ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးသက်ဦး CDC-16122 ကိုင်ဆောင်သော SSO No. Cop 00489 ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၅၁၅၂၁၃၆

ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ

ဥပဒေစကားဝိုင်း

တည်ဆဲဥပဒေတွေကို မပြောင်းနိုင်ဘူးဆိုရင် ဘယ်လိုကောင်းတဲ့ အခြေခံဥပဒေမျိုးဖြစ်စေ မကျေနပ်ချက်တွေကတော့ အမြဲတမ်းရှိနေမှာပဲ

ယမန်နေ့မှအဆက်

ဒေါက်တာအင်ဒရူးငွန်ကျုံးလျန်

ကျွန်တော်ဒီနေ့ဆွေးနွေးချင်တဲ့ကိစ္စကတော့ ပြည်ထောင်စုနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တွေအကြားမှာ သဘာဝသယံဇာတအရင်းအမြစ်ကနေရရှိတဲ့ ဘဏ္ဍာငွေတွေကို ဘယ်လိုခွဲဝေမလဲ၊ နောက်ပြီးတော့ ကျေးလက်နဲ့ မြို့ပြဖွံ့ဖြိုးမှု ကွာဟချက်တွေကို ၂၀၀၈ ခုနှစ် အခြေခံဥပဒေအရ ကျွန်တော်တို့ တဖြည်းဖြည်းချင်းနဲ့ ဘယ်လိုကိုင်တွယ် ဖြေရှင်းမလဲဆိုတာ ဆိုတဲ့အချက်ဖြစ်ပါတယ်။

ဆရာကြီးဒေါက်တာမနန်တူးဂျာ ပြောသွားသလို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဖက်ဒရယ်စနစ် ဒါမှမဟုတ် ဖက်ဒရယ်မူလို့ ပြောလို့ရမယ့် လက္ခဏာအချက် (၅)ချက်ကို အခြေခံထားတာကို ကျွန်တော်နည်းနည်း ပြောလိုပါတယ်။

ပထမအချက်က စာနဲ့ရေးသားထားတဲ့ အခြေခံဥပဒေရှိပါတယ်။ အဲဒါ ၂၀၀၈ ခုနှစ် အခြေခံဥပဒေဖြစ်ပါတယ်။ ဒုတိယအချက်က အစိုးရနှစ်ခု၊ ပြည်ထောင်စုနဲ့တိုင်းဒေသကြီး ဒါမှမဟုတ် ပြည်နယ်ဆိုတဲ့ အစိုးရကို ဖန်တီးပေးထားပါတယ်။

တတိယအချက်က ပြည်သူထံကနေ ဆင်းသက်လာတဲ့ အချုပ်အခြာအာဏာကြီးကို ခက်မကြီးသုံးဖြာနဲ့ ပိုင်းခြားပေးထားပါတယ်။ တရားစီရင်ရေးရှိတယ်။ အုပ်ချုပ်ရေးရှိတယ်။ ဥပဒေပြုရေးရှိပါတယ်။

စတုတ္ထအနေနဲ့ အခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုတွေ ဖြစ်လာတဲ့အခါမှာ သမာသမတ်ကျကျဖြေရှင်းပေးမယ့် အခြေခံဥပဒေဆိုင်ရာခုံရုံးလည်း ရှိပါတယ်။ ပဉ္စမအနေနဲ့ လူဦးရေကိုအခြေမခံဘဲ ဒေသန္တရနဲ့မျိုးနွယ်စုတွေ ဒီအနေအထားတွေ အခြေခံတဲ့ အမျိုးသားလွှတ်တော်ကိုလည်း ဖွဲ့စည်းပေးထားပါတယ်။

ဒီအချက် (၅)ချက်နဲ့ ပြည့်စုံတဲ့အတွက် ၂၀၀၈ ခုနှစ်အခြေခံဥပဒေဟာ ဖက်ဒရယ်စနစ် ဒါမှမဟုတ် ဖက်ဒရယ်မူကို အခြေခံထားတဲ့ ဥပဒေဖြစ်ပါတယ်။ ဒါပေမယ့် သူ့ရဲ့အနေအထား၊ သူ့ရဲ့ရေးသားပုံ၊ ဖွဲ့စည်းပုံတွေကြောင့် ပြည်သူတွေလိုလားတဲ့ ဖက်ဒရယ်အဆင့်ကို ရောက်ပြီလား၊ မရောက်သေးဘူးလား ဆိုတာကတော့ ကျွန်တော်မပြောနိုင်သေးပါဘူး။ ဒါပေမယ့် ကျွန်တော်တို့လိုချင်တဲ့ဟာကို တဖြည်းဖြည်းချင်းဖြည့်စွက်ပြီးတော့ ကျွန်တော်တို့ လုပ်လို့ရပါတယ်လို့ ကျွန်တော်ကတော့ ယုံကြည်ပါတယ်။

ဒုတိယအချက်အနေနဲ့ ၂၀၀၈ ခုနှစ် အခြေခံဖွဲ့စည်းပုံဥပဒေအရ ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းခါစ ကျွန်တော်တို့ တိုင်းပြည်မှာ သဘာဝသယံဇာတတွေ ပေါများလှတဲ့ တိုင်းပြည်မှာ ဒီအရင်းအမြစ်တွေကို ခွဲဝေမှုတွေမလုပ်တတ်ရင်၊ ဘဏ္ဍာငွေတွေကို ခွဲဝေမှုမလုပ်တတ်ရင် ကျွန်တော်တို့ အကြီးအကျယ်ကြီးမားတဲ့ ပြဿနာတွေ၊ စိန်ခေါ်မှုတွေ တွေ့လာနိုင်ပါတယ်။ ဒါပေမယ့် ဒီလိုသဘာဝသယံဇာတတွေနဲ့ ဒီဘဏ္ဍာငွေတွေခွဲဝေမှု၊ ကျေးလက်နဲ့ မြို့ပြဆင်းရဲချမ်းသာကွာဟမှုကျွန်တော်တို့ မဖြေရှင်းခင်မှာ ဒီအခြေခံဥပဒေနဲ့ ဒီတည်ဆဲဥပဒေတွေရဲ့ သဘောသဘာဝဆက်နွှယ်ပုံတွေကို နည်းနည်း ပြောလိုပါတယ်။

ဘာလို့လဲဆိုတော့ ဗြိတိသျှလက်အောက်ကို ကျရောက်ပြီးကတည်းက ဒီနေ့ ၂၀၀၈ ခုနှစ် အခြေခံဥပဒေအသက်ဝင်လာတဲ့ ၂၀၁၀ ခုနှစ် နောက်ပိုင်းအထိ ခေတ်ပေါင်းများစွာ ဖြတ်သန်းခဲ့ပါတယ်။ ဗြိတိသျှတွေ အုပ်ချုပ်တုန်းက သူတို့ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေတွေ၊ နောက်ပိုင်းလွတ်လပ်ရေးရပြီးတော့ ၁၉၄၇ ခုနှစ်အခြေခံဥပဒေအရ ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေတွေ၊ တော်လှန်ရေးကောင်စီခေတ်တုန်းက သူတို့ပြဋ္ဌာန်းထားတဲ့တည်ဆဲဥပဒေတွေ၊ ဆိုရှယ်လစ်အစိုးရခေတ်တုန်းကပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေတွေ၊ တပ်မတော်အစိုးရလက်ထက်က ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေတွေ ကျွန်တော်တို့မှာ တည်ဆဲဥပဒေပေါင်း ၄၀၀ ကျော်ရှိပါတယ်။

ယခုအစိုးရသစ်တက်လာပြီးတဲ့ နောက်ပိုင်းမှာ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေပေါင်း ၄၀ ကျော်ရှိတယ်လို့ ကျွန်တော်တို့ သိရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ နိစ္စဓူဝ ကျွန်တော်တို့တိုင်းပြည်ရဲ့ အစိုးရအုပ်ချုပ်ရေးယန္တရားရဲ့ ဒီလည်ပတ်စေတဲ့အရာက ၂၀၀၈ ခုနှစ် အခြေခံဥပဒေတောင် မဟုတ်သေးဘဲနဲ့ အမှန်ဆို ကျွန်တော်တို့ နိစ္စဓူဝ တည်ဆဲဥပဒေတွေနဲ့ အသက်ရှင်နေရပါတယ်။

အစိုးရသစ်တက်လာပြီးတဲ့နောက်ပိုင်း ပြည်ထောင်စုလွှတ်တော်ကလည်း တချို့ဥပဒေကို ပြင်ဆင်တာတို့၊ ပြုပြင်တာတို့၊ ပြောင်းလဲတာတို့၊ အသစ်ပြဋ္ဌာန်းတာတို့လုပ်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ အခုအချိန်မှာ အခြေခံဥပဒေအသစ်ရေးမလား၊ ဒါမှမဟုတ် လက်ရှိ ၂၀၀၈ ခုနှစ်ကို ပြင်မလားဆိုတဲ့အဆင့်ကို မရောက်ခင်တောင်မှ ၂၀၀၈ ခုနှစ် အခြေခံဥပဒေနဲ့ ကိုက်ညီခြင်းရှိ၊ မရှိဆိုပြီး တည်ဆဲဥပဒေ ၄၀၀ ကျော်ကို အရင်ကြည့်တာက ပိုပြီးတော့ အရေးကြီးတယ်လို့ ထင်ပါတယ်။

ဘာလို့လဲဆိုတော့ ၂၀၀၈ ခုနှစ် အခြေခံဥပဒေနဲ့မကိုက်ညီတဲ့ ဗြိတိသျှအုပ်ချုပ်ရေးကို အကောင်အထည်ဖော်ဖို့ ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေတချို့ဟာ လက်ရှိ ၂၀၀၈ ခုနှစ် ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ဖို့ ပြဋ္ဌာန်းထားတာနဲ့ ဆန့်ကျင်တဲ့ဟာတွေ အများကြီးရှိပါတယ်။ အဲဒီလိုပဲ အစိုးရအသွင်မတူတဲ့ ခေတ်အဆက်ဆက်က ပြဋ္ဌာန်းထားတဲ့ ဥပဒေဟာလည်း ကျွန်တော်တို့ ၂၀၀၈ ခုနှစ်နဲ့ မကိုက်ညီတဲ့ အခါကျတော့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ လုံးဝအသက်ဝင်ပြီးတော့ အလုပ်လုပ်ကိုင်ဖို့အတွက် အခက်အခဲဖြစ်စေပါတယ်။

အဲဒီတော့ ဒီဟာတွေကို ကျွန်တော်တို့ မဖြေရှင်းရင် ဘာဖြစ်မလဲဆိုတော့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရှေ့ကဆရာကြီးတွေ တင်ပြသွားသလို ဇယား(၁)ရှိတယ်။ ဇယား(၂)ရှိတယ်။ ဇယား(၅) ရှိပါတယ်။ ကျွန်တော်တို့ ဒီသုံးခုနဲ့အလုပ်လုပ်တဲ့အချိန်မှာ ဇယား(၁)နဲ့ ဇယား(၂) ကြားမှာ ပြဿနာအဖြစ်စေဆုံးက သူ့မှာပြဋ္ဌာန်းထားတဲ့ ပုဒ်မတွေမဟုတ်ဘဲနဲ့ အဲဒီဇယား(၁)နဲ့ ဇယား(၂) ဘယ်လိုအလုပ်လုပ်မလဲ၊ ဘယ်အချက်မှာ ဇယား(၁)အရ လုပ်ဆောင်မလဲ၊ ဘယ်အချက်မှ ဇယား(၂)အရ လုပ်ဆောင်မလဲ၊ ဘယ်အချက်မှာဇယား(၅)အရလုပ်ဆောင်မလဲဆိုတဲ့ဟာက တည်ဆဲဥပဒေတွေဖြစ်ပါတယ်။ တည်ဆဲဥပဒေတွေသာ ကောင်းကောင်းမလုပ်ထားနိုင်ရင် ဇယား(၂)မှာ ဘယ်လောက်ပဲပြဋ္ဌာန်းပေးထားထား ကျွန်တော်တို့က ဇယား(၂)အရ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ သဘာဝသယံဇာတနဲ့ ပတ်သက်ပြီးတော့ လုပ်ကိုင်ဖို့အခွင့်အလမ်း တော်တော်နည်းပါတယ်။ ဥပမာအနေနဲ့ ကျွန်တော်သုံးခု တင်ပြလိုပါတယ်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဇယား(၂)ထဲမှာ ဘာပေးထားသလဲဆိုတော့ ကျောက်မျက်ရတနာသယံဇာတကိစ္စမှာ ပြည်နယ်အစိုးရနဲ့ တိုင်းဒေသကြီးအစိုးရကို လုပ်ကိုင်ခွင့်ပေးထားပါတယ်။ ဒါပေမယ့် သူတို့က တိုင်းဒေသကြီးနဲ့ပြည်နယ်တွေက သယံဇာတ၊ ကျောက်မျက်ရတနာကိစ္စနဲ့ ပတ်သက်ပြီး ဥပဒေပြုပေမယ့် တကယ်တမ်း အကောင်အထည်ဖော်နေတာက အရင်တုန်းက သယံဇာတဆိုင်ရာ တည်ဆဲဥပဒေတွေနဲ့ အကောင်အထည်ဖော်နေပါတယ်။ အဲဒီမှာ ပြဿနာဖြစ်ပါတယ်။

ဒုတိယအချက်က စည်ပင်သာယာရေးကိစ္စနဲ့ ပတ်သက်ပြီးတော့ ပြည်နယ်တွေနဲ့ တိုင်းဒေသကြီးတွေကို ဥပဒေပြုခွင့်ပေးထားပါတယ်။ ဒါပေမယ့် ဒီနေ့အထိ ကျွန်တော်တို့ တိုင်းပြည်မှာ ကျင့်သုံးနေတဲ့ စည်ပင်သာယာရေး တည်ဆဲဥပဒေတွေနဲ့ပဲ တိုင်းပြည်မှာ နိစ္စဓူဝစည်ပင်သာယာရေးကိစ္စတွေကို ဖော်ဆောင်နေတာဖြစ်ပါတယ်။ တတိယအချက်မှာ ရေချိုငါးလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ ဥပဒေပြုခွင့်ကို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို ပေးထားပါတယ်။ ဒါပေမယ့် ရေချိုလုပ်ငန်းတော့ ထားပါတော့။ ငါးလုပ်ငန်းနဲ့ ပတ်သက်တဲ့လုပ်ငန်းတွေကလည်း လက်ရှိတည်ဆဲဥပဒေလုပ်ဆောင်နေတဲ့အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက လုပ်ပိုင်ခွင့်မရှိသလို ဖြစ်သွားတာပေါ့။

နောက်ဆုံးတစ်ခု ဥပမာပြချင်တာက သစ်လုပ်ငန်း ဖြစ်ပါတယ်။ သစ်တောနဲ့ ပတ်သက်ပြီး ကျွန်တော်တို့မှာ တည်ဆဲဥပဒေတွေနဲ့ လုပ်နေပါတယ်။ တစ်ဖက်မှာလည်း ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို လုပ်ပိုင်ခွင့်ပေးထားတယ်။ ဒါပေမယ့် ကျွန်းသစ်အပါအဝင် သစ်မာမှအပ ကျန်တဲ့ဟာကို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ လုပ်ပိုင်ခွင့်ရှိပေမယ့် အဲဒီ့ထဲမှာမှ စာရင်းအရ (၁၅၀)လောက်ပါသွားတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအတွက် သစ်ကနေ သူတို့ဘဏ္ဍာငွေရဖို့က ဝါးပဲကျန်ပါတော့မယ်။

အဲလိုမျိုး အခြေခံဥပဒေတွေတော့ ကောင်းပါရဲ့၊ ဒါပေမယ့် အဲဒီ့ကောင်းတဲ့ အခြေခံဥပဒေတွေကို လက်တွေ့အကောင်အထည်ဖော်ဆောင်တဲ့အချိန်မှာ ကျင့်သုံးတဲ့ ဒီတည်ဆဲဥပဒေတွေကို ကျွန်တော်တို့ အရင်ဆုံးစိစစ်ရမယ်။ အဲဒီဟာတွေ စိစစ်ပြီးမှ လက်ရှိ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၁)ရယ်၊ (၂)ရယ်၊ (၅)ရယ် ကောင်းကောင်းလုပ်လာတဲ့အခါကျရင် ကျွန်တော်တို့ အဲဒီ့အခါမှ ဇယား(၁)ကနေ နည်းနည်းများနေမလား၊ ဇယား(၂)ကိုပြောင်းရင် မကောင်းဘူးလား၊ (၂)ကဟာကို(၃)ကိုပြောင်းရင် မကောင်းဘူးလား၊ (၅)ထဲမှာ ဒီ(၁)နဲ့(၂)ကို ဘယ်လိုညှိမလဲဆိုတာကို အခြေခံဥပဒေပြုပြင်နေတဲ့ကိစ္စတွေကို လုပ်ဆောင်ရင်တော့ ကျွန်တော်တို့ နည်းလမ်းကျတယ်လို့ ထင်ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ အကောင်းဆုံးသော မြန်မာပြည်အတွက် အကောင်းဆုံးသော အခြေခံဥပဒေရှိခဲ့တယ်ဆိုပါစို့။ အဲဒီ့ဥပဒေတွေရဲ့အောက်မှာ တည်ဆဲဥပဒေတွေက အလုပ်လုပ်နေတာဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ တည်ဆဲဥပဒေတွေကို မပြောင်းနိုင်ဘူးဆိုရင် ဘယ်လိုကောင်းတဲ့ အခြေခံဥပဒေမျိုးဖြစ်စေ ဖြစ်စေ၊ ကျွန်တော်တို့မှာ မကျေနပ်ချက်တွေကတော့ အမြဲတမ်းရှိနေမှာပဲ။ အဲဒီတော့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်က အသစ်ရေးဖို့ ကျွန်တော် လုံးဝမစဉ်းစားရဲပါဘူး။ ပြုပြင်ဖို့တောင်မှနည်းနည်းစောနေလား၊ တည်ဆဲဥပဒေတွေကို အရင်ပြုပြင်ပြီးတော့ အဲဒီ့အခါကျမှ တည်ဆဲဥပဒေ (၄၀၀) ကျော်နဲ့ လက်ရှိ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ လိုက်လျောညီထွေရှိတဲ့အခါကျမှ တကယ်တမ်း ၂၀၀၈ ခုနှစ်အခြေခံဥပဒေဟာ တကယ်အလုပ်လုပ်နိုင်သလား၊ မလုပ်နိုင်ဘူးလား၊ ပြည်သူတွေရဲ့ လိုလားချက်ကို တကယ်ဆန္ဒဖြည့်စွမ်းနိုင်သလားဆိုတဲ့ဟာကို သိနိုင်မယ်လို့ ယူဆပါတယ်။

နောက်ဆုံးအနေနဲ့ ပြောချင်တာကတော့ ကျွန်တော်တို့မှာ ပုဒ်မ (၄၄၆) ရှိပါတယ်။ အဲဒီ့ (၄၄၆) က လက်ရှိတည်ဆဲဥပဒေတွေဟာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မဆန့်ကျင်ရင် အတည်ဖြစ်ရမယ်။ ဆန့်ကျင်ရင် ပျက်ပြယ်ရမယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့မကိုက်ညီတဲ့ တည်ဆဲဥပဒေတွေ၊ နည်းဥပဒေတွေ၊ အက်ဥပဒေတွေ၊ အမိန့်တွေ၊ ကြေညာချက်တွေ၊ ပြန်တမ်းတွေအများကြီးရှိနေတယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ အဲဒီ့ဟာတွေကို လက်ရှိအခြေအနေနဲ့ ကိုက်ညီခြင်း ရှိ/မရှိ စုံစမ်းစစ်ဆေးပြီးတော့၊ သုတေသနပြုပြီးတော့ အများပြည်သူသိဖို့၊ လွှတ်တော်တွေ သိဖို့၊ အစိုးရတွေသိဖို့၊ အခြားသက်ဆိုင်ရာဌာနအသီးသီးတွေသိဖို့ လုပ်ပေးမယ့် ကော်မရှင်လိုဟာမျိုး တစ်ခုခုလောက်တော့ ကျွန်တော်တို့တိုင်းပြည်မှာ လိုအပ်နေတယ်လို့ ကျွန်တော်တော့ယူဆပါတယ်။

ဦးသန်းအောင်။ ဟုတ်ကဲ့ပါခင်ဗျာ။ ကျေးဇူးတင်ပါတယ်။ ဒေါက်တာအင်ဒရူးဆွေးနွေးသွားလိုက်တော့ သယံဇာတနဲ့ ဘဏ္ဍာငွေခွဲဝေမှုနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုခွဲဝေသင့်တယ်ဆိုတဲ့ အမြင်လေးကို ကျွန်တော်တို့ မမြင်သေးတဲ့အပိုင်းတွေလည်း အများကြီး တွေ့ရပါတယ်။ ပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ကြမလား။ အသစ်ရေးကြမလား ဝိဝါဒကွဲပြားနေတဲ့အပေါ်မှာလည်း ဆရာအမြင်လေးကို ပြက်ပြက်ထင်ထင်မြင်သာတယ်လို့ ကျွန်တော်ယူဆပါတယ်ဆရာ။ ဆက်လက်ပြီးတော့ ဆရာဦးကျော်ဝင်းအနေနဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါဝင်တဲ့ လွှတ်တော်အသီးသီးမှာ တပ်မတော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းပါဝင်နေမှုနဲ့ ပတ်သက်ပြီး လက်ရှိအနေအထားအရထားရှိရမယ့် သဘောထားအမြင်လေးနဲ့ ပတ်သက်ပြီး ဆရာရဲ့အမြင်လေးကိုဆွေးနွေးပေးစေချင်ပါတယ်ခင်ဗျာ။

ဦးကျော်ဝင်း။ ကျွန်တော်ဥဏ်မီသလောက် ဆွေးနွေးကြည့်ပါမယ်။ ဒီကိစ္စပြောရရင်တော့ ကျွန်တော်တို့ တိုင်းပြည်တစ်ခုတည်း ကွက်ဖြစ်တာ မဟုတ်ဘူးလို့ ထင်ပါတယ်။ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ဖြစ်တဲ့ကိစ္စဖြစ်ပါတယ်။ သမိုင်းနဲ့ချီပြီး ပြောရရင် ကမ္ဘာပေါ်မှာကမ္ဘာစစ်ကြီးတွေ မတိုင်ခင်ကတော့ တပ်မတော်ဆိုတာ Professional Institution လွှတ်လပ်တဲ့ အဖွဲ့အစည်းတစ်ခုပါ။ Political Metric ရဲ့ အပြင်ဘက်မှာလို့ ပြောလို့ရပါတယ်။ သို့သော် လက်တွေ့မှာ ကမ္ဘာပေါ်မှာ ကမ္ဘာစစ်ကြီးနှစ်ကြိမ်ဖြစ်လိုက်တော့ တိုင်းပြည်တိုင်းအတွက်က လုံခြုံရေးသည်ပင် နိုင်ငံရေးဖြစ်လာပါတယ်။ အဲဒီတော့ တပ်မတော်ကိုယ်တိုင်ကလည်း Political Institution အဖြစ်ပြောင်းသွားတာလည်းရှိတယ်။

ဒါက ကျွန်တော်တို့ ကြိုက်ခြင်း၊ မကြိုက်ခြင်းနဲ့ သိပ်မဆိုင်ဘူးလို့ ထင်တယ်။ အခြေအနေကိုက ဒီလိုဖြစ်လာကြတာ။ စစ်ပြီးခေတ်ရောက်တဲ့အခါ ဒီကိစ္စက တော်တော်များများ အများကြီးစဉ်းစားရမယ့်ကိစ္စဖြစ်တယ်လို့ ထင်ပါတယ်။ နိုင်ငံရေးမက်ထရစ်ထဲမှာ ထဲထဲဝင်ဝင်ပါလာတဲ့ တပ်မတော်ကို ဘယ်လိုနေရာချထားကြမလဲ၊ ဒီမိုကရေစီနဲ့ သဟဇာတဖြစ်အောင် ဘယ်လိုလုပ်ကြမလဲ၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော်လက်လှမ်းမီသလောက် ပထမဦးဆုံးထွက်တဲ့ကျမ်း၊ ဒီကျမ်းလို့ပြောနိုင်တဲ့ ၁၉၇၅ ခုနှစ်ကထွက်တဲ့ စာအုပ်ထဲမှာ အဲဒီမှာ ဂျပန်နဲ့ဂျာမနီသွားတဲ့လမ်းကြောင်းဖြစ်ပါတယ်။ သူကတော့ စစ်ဝါဒကို ပြန်လည်ခေါင်းထောင်မလာရေးဆိုတဲ့ ရည်ရွယ်ချက်နဲ့ တပ်မတော်ကို Political Metric အပြင်ဘက်မှာထားတဲ့၊ တတ်နိုင်သလောက်မဖွံ့ဖြိုးအောင် ရည်ရွယ်ချက်ရှိရှိလုပ်ထားတဲ့ သဘောရှိပါတယ်။

စောစောက ဖက်ဆစ်ဝါဒ၊ စစ်ဝါဒပြန်မပေါ်ရေးဆိုတဲ့ ရည်မှန်းချက်အောင်မြင်ပေမယ့် လုံခြုံရေးဘက်က ကြည့်ရင် ဂျပန်ရော၊ ဂျာမနီရောဟာ စစ်အေးခေတ်တစ်လျှောက်လုံးမှာ လုံခြုံရေး အားအနည်းဆုံးဖြစ်နေတယ်။ ကိုယ်ပိုင်လုံခြုံရေးအင်အားမရှိဘဲနဲ့ အမေရိကန်ထီးရိပ်ကို တစ်ဖက်သတ်မှီခိုနေရတဲ့ အနေအထားရှိပါတယ်။ အကျိုးဆက်အနေနဲ့ သူကစီးပွားရေးအရ ဆူပါပါဝါအဖြစ်တတ်နိုင်ပေမယ့် တကယ်ဆူပါပါဝါအဆင့် နှစ်နိုင်ငံစလုံး ရောက်မလာဘူး။

တပ်ကို လွှတ်လိုက်တဲ့ Autonomous Institution တစ်ခုအနေနဲ့ ထားသင့်တယ်။ အဲဒီဘောင်ထဲမှာပဲ အမေရိကန်ရဲ့ ပေါ်လစီမှာ ဒီ Impact တွေ တော်တော်ပါတယ်လို့ ထင်ပါတယ်။

ကျွန်တော်နားလည်သလောက်ပြောရရင် အမေရိကမှာ Election နဲ့ မဟုတ်ဘဲနဲ့ Official Organization အရ ခွင့်ပြုထားတဲ့ အဖွဲ့အစည်းသုံးခုရှိတယ်လို့ ထင်ပါတယ်။ တစ်ကတော့ တပ်မတော်၊ ပင်တဂွန်ပေါ့။ နောက်တစ်ခုကတော့ ရှေ့နေချုပ်၊ နောက်တစ်ခုက ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဲဒါက အမေရိကန်ဖွံ့ဖြိုးတိုးတက်မှုမှာ အားသာချက်လို့ သုံးသပ်ကြတာတွေလည်းရှိတယ်။ ဒါက တပ်ကို ဘယ်လိုနေရာချထားမလဲ ဆိုတဲ့ဟာပေါ့။ အဲဒီစာအုပ်ထဲမှာ ကျွန်တော်တို့ လွတ်လပ်ခါစ ဖွံ့ဖြိုးဆဲနိုင်ငံတွေအတွက် တိုက်ရိုက်သက်ဆိုင်တာ သိပ်မတွေ့ဘူး။ ကျွန်တော်တို့ကျတော့ ဒီမိုပြင်နိုင်ငံတွေရဲ့ တပ်မတော်တွေနဲ့ကိုမတူဘူး။ ကျွန်တော်တို့ရဲ့ တပ်မတော်တွေက အမျိုးသားလွတ်လပ်ရေးလှုပ်ရှားမှုနဲ့အတူ ပေါ်ပေါက်လာတာတွေများတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ တပ်မတော်ဆိုရင် ၁၃၀၀ ပြည့်မှာ သန္ဓေတည်တယ်၊ ဘီအိုင်အေခေတ်မှာ စမွေးဖွားလာတယ်။

ဖက်ဆစ်တော်လှန်ရေးနဲ့အတူ အရွယ်ရောက်တယ်။ စဖွဲ့ကတည်းက Volunteer ပုံစံဖြစ်တယ်။ လွတ်လပ်ရေးရတဲ့အခါမှာလည်း ကျွန်တော်တို့လို နိုင်ငံတွေမှာ ပြည်တွင်းစစ်တွေနဲ့ ကြုံရတယ်။ စစ်ဖြစ်နေတဲ့ တိုင်းပြည်တစ်ပြည်မှာဆိုရင် တပ်မတော်ရဲ့ အခန်းကဏ္ဍက အရေးကြီးတယ်။ ကျွန်တော်တို့ အိမ်နီးနားချင်းတွေ ပြန်ကြည့်ရင် ထိုင်းပဲဖြစ်ဖြစ်၊ တောင်ကိုရီးယားပဲဖြစ်ဖြစ်၊ အင်ဒိုနီးရှားပဲ ကြည့်ကြည့်၊ တိုင်းပြည်တွေရဲ့ အပြောင်းအလဲမှာ တပ်မတော်ရဲ့ အခန်းကဏ္ဍက

စာမျက်နှာ ၇ သို့

ဥပဒေစကားဝိုင်း

စာမျက်နှာ ၆ မှ

ထဲထဲဝင်ဝင်ပါနေတာ တွေ့ရတယ်။ သူတို့လည်း ဒီလိုပဲလို့ ထင်ပါတယ်။

ဒါပေမယ့် ၁၉၈၉ ခုနှစ် နောက်ပိုင်း တိတိကျကျပြောရရင် ဘာလင်တံတိုင်းပြိုပြီးနောက်ပိုင်း ပညာရှင်တွေ သတ်မှတ်တာက အပြောင်းအလဲသုံးခုဖြစ်လာတယ်၊ တစ်ကတော့ ဒီမိုကရေစီစနစ်ဟာ တစ်ကမ္ဘာလုံးသဘောဆောင်လာတယ်၊ နိုင်ငံအားလုံးက ဒီမိုကရေစီစနစ်ကို ဦးတည်လာတယ်။ နှစ်ကတော့ ဆိုဗီယက်ကွန်မြူနစ်ဝါဒ ကျဆုံးသွားတယ်။ သုံးက စစ်အေးပြီးသွားတယ်။

ဒီလိုအခြေအနေသစ်တွေအောက်မှာ တပ်တွေ ဘယ်လိုပြန်ပြီးတော့နေရာချကြမလဲဆိုတဲ့ ခေါင်းစဉ်ကလည်း Current Affair လို့ထင်ပါတယ်။ တစ်ချိန်ကတော့ စစ်အေးရဲ့ အထွတ်အထိပ်ကာလပေါ့။ ၁၉၆၀ ပြည့်လွန်နှစ်ကာလဆိုတော့ ကျွန်တော်တို့နိုင်ငံတွေတင်မကပါဘူး။ လွတ်လပ်ခါစနိုင်ငံတော်တော်များများနိုင်ငံတွေမှာ စစ်ဘက်အာဏာသိမ်းမှုတွေ ရှိခဲ့တာကိုး။

သို့သော် အခုစစ်အေးလွန်ခေတ် နောက်ပိုင်းရောက်တော့ တပ်ကို Professional Institution ဖြစ်အောင် ဘယ်လိုနေရာချကြမလဲ။ ဒီကိစ္စတွေကလည်း အတော်အရေးကြီးလိမ့်မယ်ထင်ပါတယ်။ သိပ်မကြာသေးခင်ကဖတ်ရတဲ့ စာအုပ်တစ်အုပ်ဆိုရင် ဒါနဲ့အများဆုံးသက်ဆိုင်ပါတယ်။ အဲဒီစာအုပ်ထဲမှာ ကျွန်တော်တို့နဲ့ တော်တော်အသွင်သဏ္ဌာန်တူတဲ့ အာရှနိုင်ငံတွေနဲ့ လက်တင်အမေရိကနိုင်ငံတွေရဲ့ အပြောင်းအလဲတွေလည်း ပါတယ်။ ရည်ရွယ်ချက်ကတော့ တပ်ကို Professional Institution ဖြစ်အောင် ဒီမိုကရေစီနဲ့ သဟဇာတဖြစ်အောင် ဘယ်လိုနေရာချထားကြမလဲ ဆိုတဲ့ကိစ္စတွေပေါ့။

အားလုံးသိတဲ့အတိုင်းပဲ ကျွန်တော်တို့က တပ်မတော်အစိုးရကနေပြီးတော့ အရပ်ဘက်အစိုးရပြောင်းရေးအတွက် လိုအပ်ချက်အရ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်လာရတာကိုး။ သို့သော် အဲဒီမှာ အငြင်းပွားကြတဲ့ ပြဿနာတစ်ခုကတော့ ၂၅ ရာခိုင်နှုန်းပေါ့။ ဒါကလည်း စောစောက ဟာတွေနဲ့ ဆက်စပ်ပြီးတော့ လိုအပ်ချက်အရကိုက တပ်က Political Institution ဖြစ်တယ်။ နောက်တစ်ခုက ကျွန်တော်တို့ တိုင်းပြည်မှာ အခုထိလည်းပြန်ပေါ်နေတာ လက်နက်ကိုင်အင်အားစုတွေထဲက အင်အားအကြီးဆုံးလို့ဆိုရမယ့် ဗမာပြည်ကွန်မြူနစ်ပါတီတော့မရှိတော့ပါဘူး။ အဲဒီအနေအထားမှာတောင် လက်နက်ကိုင်အင်အားစုပေါင်းလိုက်ရင် တစ်သိန်းအထက်မှာရှိတယ်လို့ ကျွန်တော်ကြားဖူးတယ်။ လူဦးရေနဲ့ အချိုးချကြည့်ရင် လက်နက်ကိုင်တိုင်းရင်းသားတွေ တော်တော်များနေသေးတဲ့ တိုင်းပြည်ဖြစ်ပါတယ်။ဒီအချိန်မှာ တပ်က လုံခြုံရေးအကြောင်းပြချက်ဟာ ကျွန်တော်တို့ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ဒါဟာမှန်းလို့တော်တော်ခက်တယ်ပေါ့။ နောက်ပြီး နှစ်ပေါင်းရာစုနှစ်တစ်ဝက်လောက် အဆက်ပြတ်နေတဲ့ ဒီမိုကရေစီစနစ်ကိုပြန်အသက်သွင်းရတာ။ Constitution အသက်ဝင်တာကလည်း အခု နှစ်နှစ်ခွဲလောက်ပဲ ရှိသေးတယ်။ လ ၃၀ သာသာလောက်ပဲရှိသေးတယ်။ အပြည့်အဝ Function မဖြစ်သေးတာလည်း ဝန်ခံရမှာပဲထင်တယ်။

နိုင်ငံတော်သမ္မတကြီး ပြောတဲ့အထဲမှာလည်း ပါပါတယ်။ ဒီပွတ်တိုက်မှုတွေ ရှိနေဆဲဆိုတာ။ ကျွန်တော်တစ်ဦးချင်းအမြင်အရတော့ Constitution ဟာ အပြည့်အဝ Function မဖြစ်သေးတာနဲ့ပဲဆိုင်မယ်ထင်ပါတယ်။ ဒါက ဒုတိယအချက်ပေါ့။ နောက်တစ်ချက်ကတော့ ကုန်ခဲ့တဲ့လပေါင်း ၃၀ ကိုပဲ ပြန်ကြည့်။ စိန်ခေါ်ချက်တွေက မျှော်မှန်းထားတာထက် အများကြီးပိုများတယ်။ ဒီလိုအခြေအနေမျိုးအောက်မှာ တပ်မတော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းကို ဖယ်ရှားရေးဟာ ဘယ်လိုစိန်ခေါ်မှုတွေဖြစ်စေနိုင်မလဲ။ နောက် Constitution ဆိုတာဟာ ရေးဆွဲတဲ့ကာလတစ်ခုမှာရှိတဲ့ နိုင်ငံရေးအင်အားစုတွေအားလုံး အလုပ်လုပ်လို့ရအောင် ကြားအဖြေတစ်ခုကို ထားရတဲ့ အခြေအနေတစ်ခုလို့ ထင်ပါတယ်။ အဲဒီတော့ ဒီမိုကရေစီနှုန်းစံတွေနဲ့ ကြည့်ရင်တော့ လိုအပ်ချက်တွေ ရှိကောင်းရှိမှာပေါ့။ ကျွန်တော်တို့ကိုပဲ မကြည့်နဲ့။ ဒီနေ့ ဒီမိုကရေစီ အရင့်ကျက်ဆုံးဆိုတဲ့ အမေရိကန်နိုင်ငံကိုပဲကြည့်ရင် ဒီမိုကရေစီစံအရကြည့်ရင် အားနည်းချက်တွေရှိမှာပဲ။ လူ့ယဉ်ကျေးမှုနဲ့ သိပ်မအပ်စပ်တဲ့ ကျွန်စနစ်တောင် ရှိသေးတော့ ရှိခဲ့သေးတာ။

ဒါကြောင့် ၂၅ ရာခိုင်နှုန်းသော တပ်မတော်သားကိုယ်စားလှယ်ကို ထည့်ထားတာလည်း လိုအပ်ချက်အရ ထည့်ထားတာလို့ မြင်ပါတယ်။ တစ်သက်လုံးရာသက်ပန်ထည့်မယ့် အနေအထားမရှိဘူးလို့ ကျွန်တော်နားလည်ထားတယ်။ ဘာကြောင့်လဲဆိုတော့ ပြန်ဖတ်ကြည့်တော့ ပြည်သူ့လွှတ်တော်ဖွဲ့စည်းပုံထဲမှာ ၁၁၀ ထက်မပိုသော တပ်မတော်သားကိုယ်စားလှယ်ဆိုပြီး ပါထားတယ်။ ၂၅ ရာခိုင်နှုန်းထက်မပိုသောဆိုတော့ ဒါဟာ အလွန်ဆုံးပါဝင်မှုပဲ၊ ဒီထက်မပိုတော့ဘူး၊ လိုအပ်ရင်လျှော့ချင်ရင် လျှော့သွားမယ့်သဘောလို့ ယူလို့ရမယ်ထင်ပါတယ်။

> **“ဒီမိုကရေစီ ရင့်ကျက်လာတာနဲ့အမျှ Constitution Function ဖြစ်လာတာနဲ့အမျှ ဒီ ၂၅ ရာခိုင်နှုန်းသော တပ်မတော်သား ကိုယ်စားလှယ်လျှော့ချရေးဟာ ဖြစ်ကောင်းဖြစ်နိုင်တယ်လို့ ထင်ပါတယ်။ လောလောဆယ်က စောသေးတယ်လို့ ထင်တယ်။ အခြား မလိုလားအပ်တဲ့ ဘေးထွက်ဆိုးကျိုးကို ဖိတ်ခေါ်သလိုလည်း ဖြစ်သွားနိုင်တယ်လို့ ထင်ပါတယ်။**
>
> **အခု ကျွန်တော်တို့က ပြည်တွင်းစစ်က ရှိနေဆဲ။ အခု ပြည်တွင်းစစ် ရပ်စဲရေးအတွက် အစိုးရသစ်လက်ထက်မှာ ထိထိရောက်ရောက် ကြိုးစားနေတာလည်း အမှန်ပါ။ သို့သော် တစ်ပြည်လုံး အတိုင်းအတာနဲ့ အပစ်အခတ်ရပ်စဲရေး မဖြစ်သေးဘူး။”**

အမျိုးသားညီလာခံကာလကလည်း ကျွန်တော်မှတ်မိနေတာ တစ်ခုကချင်းက တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်က တပ်မတော်သားကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းဆိုတဲ့ဟာကို လက်ရှိတော့ လက်ခံပြီးတော့ တဖြည်းဖြည်းနဲ့ အခြေအနေကြည့်ပြီးတော့ လျှော့ချမယ်ဆိုတာ ဆွေးနွေးခဲ့တာမှတ်မိနေပါတယ်။ သိပ်မကြာသေးခင်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း ဒီသဘောတွေ ပြောခဲ့တာရှိတော့ ဒါတွေက တဖြည်းဖြည်းနဲ့ လျှော့သွားမယ့်အခြေအနေရှိတယ်လို့ ထင်ပါတယ်။ လောလောဆယ် လျှော့ချဖို့ ဖြစ်နိုင်၊ မဖြစ်နိုင်။ အခုလက်ရှိအခြေအနေအရတော့ သိပ်များစောနေဦးမလား။ တစ်ချိန်မဟုတ်၊ တစ်ချိန်တော့ ရှိလာနိုင်ပါတယ်။ လျှော့ချဖို့ဆိုရင် ကျွန်တော်စဉ်းစားမိသလောက် အခုရှိနေတဲ့ ပြည်တွင်းစစ်ရပ်ဖို့လိုတယ်။ တိုင်းပြည်ငြိမ်းချမ်းရေးရဖို့လိုတယ်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံရေးလိုအပ်ချက် ညှိယူရတာ တော်တော်လျော့သွားမယ်။ နံပါတ်နှစ်ကတော့ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေ အပြည့်အဝ Function ဖြစ်အောင် ဝိုင်းကြိုးစားရဦးမယ်ထင်တယ်။ ကျွန်တော်တို့ ယဉ်ကျေးမှုအရကြည့်ရင် ယုံကြည်မှုက အားနည်းတော့ မြန်မာ့နိုင်ငံရေးသမိုင်းမှာ မကွဲဘူးတဲ့ နိုင်ငံရေးပါတီမရှိဘူး။ ဂိုဏ်းဂဏသဘော မကွဲကြသည့်တိုင် ပွတ်တိုက်မှုတွေကတော့ အများကြီး။ ဒီအချိန်မှာ Blancing Power အင်အားချိန်ခွင်လျှာထိန်းနိုင်တဲ့ အဖွဲ့အစည်းတစ်ခုရှိဖို့ မလိုပေဘူးလား။

နောက်တစ်ချက်ကတော့ ဒီမိုကရေစီရင့်ကျက်လာတာနဲ့အမျှ Constitution Function ဖြစ်လာတာနဲ့အမျှ ဒီ ၂၅ ရာခိုင်နှုန်းသော တပ်မတော်သား ကိုယ်စားလှယ်လျှော့ချရေးဟာ ဖြစ်ကောင်းဖြစ်နိုင်တယ်လို့ ထင်ပါတယ်။ လောလောဆယ်က စောသေးတယ်လို့ထင်တယ်။ အခြားမလိုလားအပ်တဲ့ ဘေးထွက်ဆိုးကျိုးကို ဖိတ်ခေါ်သလိုလည်းဖြစ်သွားနိုင်တယ်လို့ထင်ပါတယ်။ ဒါက ၂၅ ရာခိုင်နှုန်းနဲ့ပတ်သက်လို့ ကျွန်တော်ရဲ့နားလည်ချက်ပါ။ အိမ်နီးချင်းတွေ ပြန်ကြည့်ရင်လည်း ဒီသဘောတွေ အများကြီးတွေ့ရတယ်လို့ ထင်ပါတယ်။ ဥပမာ အင်ဒိုနီးရှားနိုင်ငံဆိုရင် ၁၉၈၈ ခုနှစ်လောက်အထိ ၄၀ ရာခိုင်နှုန်းထားတယ်၊ ကျွန်တော်တို့ကမှ ၂၅ ရာခိုင်နှုန်းထားတယ်။ ၁၉၈၉ ခုနှစ်ရောက်မှ ၂၅ ရာခိုင်နှုန်း ဖြစ်သွားတယ်။ ဘယ်တော့မှ အပြီးလျှော့သလဲဆိုတော့ ၂၀၀၄ ခုနှစ်မှ လျှော့တယ်။ အဲဒီမှာလည်း ပြန်ကြည့်ရင် အားချေးပြဿနာပြီးတော့မှ ဖြစ်တယ်။ အခုကျွန်တော်တို့က ပြည်တွင်းစစ်က ရှိနေဆဲ။ အခု ပြည်တွင်းစစ်ရပ်စဲရေးအတွက် အစိုးရသစ်လက်ထက်မှာ ထိထိရောက်ရောက် ကြိုးစားနေတာလည်း အမှန်ပါ။ သို့သော် တစ်ပြည်လုံးအတိုင်းအတာနဲ့ အပစ်အခတ်ရပ်စဲရေး မဖြစ်သေးဘူး။

ပြီးရင်လည်း နိုင်ငံရေးဆွေးနွေးပွဲလုပ်ရဦးမယ်။ အားလုံးသဘောတူညီမှုရ မရဆိုတာ ကံသေကံမ မပြောနိုင်သေးဘူး။ တော်တော်များများရဖို့တော့ ရှိပါတယ်။ အခုလိုအခြေအနေမှာ အခုကိစ္စကိုစဖို့ မသင့်သေးဘူးလို့တော့ ထင်ပါတယ်။

Constitution ဆိုတဲ့သဘောကလည်း ဘယ် Constitution မှ ပြီးပြည့်စုံတယ်လို့မရှိပါဘူး။ ဒီလိုပဲ ပြင်ရင်းပြင်ရင်းနဲ့ ကောင်းသွားကြတဲ့သဘောရှိပါတယ်။ တစ်ခါပြန်ကြည့်ရင် ကျွန်တော်တို့ရဲ့ Constitution မှ မဟုတ်ပါဘူး။ တခြား Constitution လည်း ဒီအတိုင်းပဲ။ ပြင်လိုက်ပေမယ့် ပြီးပြည့်စုံသွားမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့သက်တမ်းအတွင်းမှာ လိုအပ်ချက်တွေအားလုံးပြင်နိုင်သည်ပဲထားဦး၊ ကျွန်တော်တို့သားသမီးတွေလက်ထက်မှာ နောက်ထပ်ပြင်စရာတွေပေါ်ကောင်းပေါ်လာမှာ ဖြစ်ပါတယ်။ ကျွန်တော်နားလည်သလောက်ကတော့ Constitution ဆိုတာ Generation အလိုက် လိုအပ်ချက်တွေကို ပြင်ပြင်သွားကြရတာမျိုးလို့ ထင်ပါတယ်။

ဒါကြောင့်လည်း Constitution ထဲမှာ တရားဝင်ပြင်ဆင်ရေးဆိုတဲ့ အပိုဒ်ကို ထည့်ထားကြဟန်တူပါတယ်။ အခုခက်နေတာက ကျွန်တော်တို့က ဘာမှ အသားမကျသေးတော့ အလွန်နုနယ်သေးတဲ့အချိန်မှာ လုံးဝဖျက်၊ အသစ်ရေးဆိုတော့ တော်တော်အန္တရာယ်များတယ်လို့ ထင်တယ်။ အဲဒီတော့ ဆရာတို့ကျတော့ ဥပဒေပညာရှင်အနေနဲ့ ဥပဒေရှုထောင့်က ဘယ်လိုမျိုးဆိုးကျိုးတွေပေါ်နိုင်မလဲ။ ဒါလေးကို ဆရာတို့က ဆက်ဆွေးနွေးပေးစေချင်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

❐ *ကျောဖုံးမှ*

ကျောင်းသားတွေကို အပြင်ထွက်ခွင့်မပြုဘူး။ ကစားခွင့်လည်း မပြုဘူး။ အပေါ့အပါးသွားတဲ့အခါ ဆရာ ဆရာမများကလိုက်ပြီးစောင့်ရှောက်ပြီးပို့ပေးတယ်။ စက်တင်ဘာ ၁၅ ရက် ည ၁၂ နာရီလောက်မှာ ကမ်းပါးစပြိုတာပဲ” ဟု ပြောသည်။ ထို့နောက် ရွာတောင်ပိုင်းကမ်းနားတန်း၌ နေထိုင်သူ ဦးထွန်းလှိုင်က“ကျွန်တော့်အိမ်လည်း ၁၅ ပေလောက်ပဲကျန်တော့ နွားခြံကိုတော့ စိတ်မချလို့ ပြောင်းရွှေ့ထားပြီး မိုးတွင်း မိုးရွာတဲ့အခါ အက်ကြောင်းကြီးတွေ ပေါ်လာတာ။ ပေ ၃၀လောက်ရှည်တယ်။ အက်ကြောင်းတွေက တစ်တောင်လောက်ကျယ်တယ်။ မိုးတိတ်လို့နေပူတဲ့အခါ အက်ကြောင်းတွေက ပြန်စိသွားတယ်။ ကမ်းပါးအမြင့်ကတော့ မြင့်တဲ့အတိုင်း မတ်စောက်ကြီး ပေ ၂၀ လောက်မြင့်တယ်။ ရွှံ့စေးမြေဆိုတော့ အတက်အဆင်းလည်း ခက်တယ်၊ အတော်ဒုက္ခရောက်ပါတယ်။ နောက်နောင်မှာ ကမ်းနားတန်းကအိမ်တွေ စိတ်မချရတော့ဘူး” ဟု ပြောသည်။

ကတကျေးရွာသည် အိမ်ခြေ ၁၁၀၊ အိမ်ထောင်စု ၁၁၈၊ လူဦးရေ ၄၇၅ ဦးနေထိုင်ပြီး တောင်သူလက်လုပ်လက်စားနှင့် ရေလုပ်သားများနေထိုင်ကြသည်။ ၂၀၁၃ ခုနှစ် စက်တင်ဘာလအတွင်း ရေကြီးကမ်းပါးပြိုမှုကြောင့် အထက်မင်းလှမြို့နယ်ရှိ အခြေခံမူလတန်းကျောင်း နှစ်ကျောင်းနှင့် စလင်းမြို့နယ်က အခြေခံမူလတန်းကျောင်းတစ်ကျောင်း ပြောင်းရွှေ့ဖို့ အမိန့်ကျထားပြီးဖြစ်ကြောင်း သိရသည်။

မကွေးလှမြင့်

ကတကျေးရွာ မူလတန်းကျောင်း

ပြည်တွင်းသတင်း

မြန်မာ- တရုတ်နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား အကျိုးတူကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၁၆

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော် ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Fan Changlong အား အောက်တိုဘာ ၁၅ ရက် ညနေ ၅ နာရီတွင် ပေကျင်းမြို့ရှိ ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာ Villa No. 6 ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ ဗိုလ်ချုပ်မြထွန်းဦး၊ ဗိုလ်ချုပ်စိုးသိန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဦး၊ စစ်သံမှူး ဗိုလ်မှူးကြီးအောင်ချိန်နှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် ဗဟိုစစ်ကော်မရှင်ဒုတိယဥက္ကဋ္ဌနှင့်အတူ ဒုတိယစစ်ဦးစီးချုပ် General Sun Jian Guo နှင့် တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-တရုတ်နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား အကျိုးတူကိစ္စရပ်များ အရှိန်အဟုန် တိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးနှင့်အဖွဲ့အား တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော် ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော် ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Fan Changlong က ပေကျင်းမြို့ရှိ ကျောက်ယုထိုင် နိုင်ငံတော် ဧည့်ဂေဟာ၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

(မြဝတီ)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ZTE ကုမ္ပဏီကို ကြည့်ရှုလေ့လာစဉ်။

(သတင်း-ကျော)

(ဓာတ်ပုံ-မြဝတီ)

ဓာတ်ပုံနည်းပညာသုံးစကားရပ်အရ မပြည့်စုံမှုအတွက် ယဉ်ကျေးမှုဝန်ကြီးဌာနက ဖြည့်စွက်သတင်းထုတ်ပြန်

နေပြည်တော် အောက်တိုဘာ ၁၆

အောက်တိုဘာ ၁၃ ရက် ညနေပိုင်း အမျိုးသားအားကစားရုံ(၁) သုဝဏ္ဏ ရန်ကုန်၌ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ ပိတ်ပွဲ အခမ်းအနားပြင်ဆင်မှုအခြေအနေနှင့် မီးထွန်းညှိတိုင်(မီးရှူးတိုင်မဟုတ်ပါ) သယ်ယူခြင်းအခြေအနေများကို ရုပ်သံလွှင့်ကုမ္ပဏီများနှင့် တွေ့ဆုံရှင်းလင်း သတင်းပံ့ပိုးပေးမှုအစီအစဉ် ပြုလုပ်ခဲ့သည်။

အစီအစဉ်၌ ဖွင့်ပွဲပိတ်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုကော်မတီ (နောင်တွင် OCCC ဟုသုံးမည်) ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူတက်ရောက်ရှင်းလင်းခဲ့ပြီး ရှင်းလင်းပွဲအပြီးတွင် တက်ရောက်လာသောသတင်းမီဒီယာများ၏မေးမြန်းချက်များကို ဖြေကြားပေးခဲ့သည်။

သတင်းမီဒီယာသတင်းထောက်တစ်ဦးနှင့် တွေ့ဆုံဖြေကြားပေးမှု၌ "ဖွင့်ပွဲပိတ်ပွဲအခမ်းအနားတွင် အသုံးပြုရန်တောင်းဆိုချက်အရ မြန်မာနိုင်ငံ ဓာတ်ပုံပညာရှင်များအသင်းမှ ပေးပို့သောပုံများမှာ Resolution အရ အသုံးပြုလို့ မရ" ဟု စက္ကန့်ပိုင်းအတွင်းဖြေကြားခဲ့မှုအပေါ် ဓာတ်ပုံပညာရှင်များဘက်က စိတ်အနှောင့်အယှက်ဖြစ်ကြသည်ဟု ကြားသိရခြင်းအတွက် များစွာစိတ်မကောင်းဖြစ်ရပါကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားလိုပါသည်။ ဤကိစ္စသည် ဓာတ်ပုံနည်းပညာကိစ္စသာဖြစ်၍ အောက်ပါအတိုင်း ဖြည့်စွက်သတင်းထုတ်ပြန်လိုပါသည်။

"ဓာတ်ပုံအားလုံးကို မဆိုလိုကြောင်း Resolution အရ လက်ခံနိုင်သည်များရှိသော်လည်း အကျယ်ချဲ့ပုံစံ Panoramic Size အရ LED နောက်ခံမှန်သားပြင်ပြီးတွင် တင်မရသော ပုံအချို့ကိုသာ မရွေးချယ်ရခြင်းဖြစ်ပါကြောင်း"

"နိုင်ငံသားအားလုံးနှင့်ဆိုင်သော SEA Games ဖွင့်ပွဲအခမ်းအနားကြီးတွင် ဓာတ်ပုံပညာရှင်များဘက်က စိတ်အားထက်သန်စွာ ထောက်ပြမှု၊ ပါဝင်ကူညီမှုများအတွက် များစွာဂုဏ်ယူကျေးဇူးတင်ပါကြောင်း၊ နိုင်ငံ၏ဂုဏ်သိက္ခာအောင်မြင်မှုအတွက် ပူးပေါင်းကူညီဆောင်ရွက်မှုများကိုလည်း ဆက်လက်ဖိတ်ခေါ်ပါကြောင်း"

ယဉ်ကျေးမှုဝန်ကြီးဌာနက (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲပိတ်ပွဲအခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးကြိုတင်ပြင်ဆင်မှုကော်မတီကိုတာဝန်ခံ၍ သတင်းဖြည့်စွက်ထုတ်ပြန်ပေးအပ်ပါသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီး ပြည်သူများနှင့်တွေ့ဆုံ

မူဆယ် အောက်တိုဘာ ၁၆

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ပြည်နယ်ဝန်ကြီး ညွှန်ကြားရေးမှူးချုပ်များ လိုက်ပါလျက် ရှမ်းပြည်နယ် မူဆယ်ခရိုင် မူဆယ်မြို့ မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သည်ကြီးများအသင်းရုံးခန်းမ၌ အောက်တိုဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီက မူဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင်မြို့နယ်များမှ ဌာနဆိုင်ရာများ၊ သန်းခေါင်စာရင်း ကောက်ယူရေးကော်မတီအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံ၍ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ၁၉၈၃ ခုနှစ် နောက်ပိုင်းမှစ၍ မကောက်ဖြစ်သော ပြည်လုံးကျွတ်သန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ်တွင် ကောက်ယူမည်ဖြစ်သည်။ ထိုသို့ကောက်ယူရာတွင် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ကောက်ယူသွားမည်ဖြစ်ပြီး ပြည်သူလူထုအားလုံးမှ ဝိုင်းဝန်းကူညီပေးမှသာ တိကျတဲ့အဖြေရရှိမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။ ပြည်ထောင်စုဝန်ကြီးနှင့်အတူ လိုက်ပါလာသော ယူဂန္ဓာမှ ကုလသမဂ္ဂကိုယ်စားလှယ် မစ္စ-ဂျက်နက် ဂျက်ဆင်က မြန်မာနိုင်ငံအား သန်းခေါင်စာရင်းကောက်ယူရာတွင် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ နိုင်ငံတကာ နည်းပညာများကိုရယူရန် အစွမ်းကုန်ကူညီမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ပြည်သူများမှ မေးမြန်းချက်များကို ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားပြီး အခမ်းအနား ပထမပိုင်းကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များ၊ နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ မူဆယ်နယ်စပ် ဝင်/ထွက်ပေါက်များကို နိုင်ငံတကာ ဝင်/ထွက်ပေါက်များအဖြစ် တိုးမြှင့်ဖွင့်လှစ်ရန်အတွက် ပြည်သူများ၏ သဘောထားကို တောင်းခံသည်။ ပြည်သူများက တင်ပြသော အချက်အလက်များကို ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက ပြန်လည်ဖြေကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရှိရသည်။

အယ်လ်စိုး(iprd)

ဖုံးသီးပုံစံ ကော်ပြောက်အိုးများရောင်းချနေ

နေပြည်တော် အောက်တိုဘာ ၁၆

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ အခြေခံပညာ အထက်တန်းကျောင်း မုန့်ဆိုင်တန်း၌ အန္တရာယ်ရှိသော ကော်ဖြင့် ဖုံးသီးပုံစံ ပုံလောင်းပြုလုပ်ထားသော ကော်ပြောက်အိုးများ ရောင်းချနေမှုကို တွေ့မြင်ရသည်။

ရောင်းချ

သီတင်းကျွတ် မီးထွန်းပွဲတော်ကျင်းပရာ၌ ယမ်းပြောက်အိုးဖောက်ခြင်းသည် ရိုးရာဓလေ့ အလေ့အကျင့်သဖွယ် ရှိနေသော်လည်း ယခင် ယမ်းပြောက်အိုးများသည် စက္ကူချပ်များ ထပ်ကာလိပ်၍ ပြုလုပ်ထားသော်လည်း ယခု (၂၀၁၃) တွင် ကော်နန်းဆွဲပြီး ဖုံးသီးသဏ္ဍာန် ကော်အလုံး၌ ယမ်းသိပ် စနက်တံ ထုတ်ထားသော ကော်သီးပြောက်အိုးများအဖြစ် ရောင်းချနေသည်ကို တွေ့မြင်ရသည်။

ကော်သီးယမ်းပြောက်အိုးပုံ

အန္တရာယ်ရှိ

၎င်းကော်သီး ပြောက်အိုးပေါက်ကွဲရာတွင် လွင့်စဉ်လာမည့် ကော်အပိုင်းအစများသည် ကလေးသူငယ်များအတွက် အန္တရာယ်ရှိသောကြောင့် ဈေးသည်များ မရောင်းသင့်ကြောင်း၊ ကျောင်းတာဝန်ရှိသူများကလည်း ခွင့်မပြုသင့်ကြောင်း၊ ငွေမျက်နှာတစ်ခုတည်း မကြည့်စေချင်ပါသောကြောင့် ရေးသားတင်ပြလိုက်ရပါသည်။

ကျော်သူရ (နေပြည်တော်)

ပျဉ်းမနားမြို့နယ် ဥယျာဉ်စုကျေးရွာအုပ်စု မူလတန်းကျောင်းအား ဗလာစာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်းပွဲကို အောက်တိုဘာ ၁၄ ရက်က ကျင်းပရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်ဝင်းနှင့်အဖွဲ့က ကျောင်းသားတစ်ဦးလျှင် ဗလာစာအုပ်နှစ်အုပ်နှင့် ခဲတံနှစ်ချောင်းစီ ပေးအပ်စဉ်။

ကိုကိုရှုပ

ပြည်တွင်းသတင်း

▲ ရှေ့ဖုံးမှ

အဆိုပါ ပြဿနာများသည် ကမ္ဘာ့ပြည်သူများအတွက် အစားအစာ ဖူလုံမှုနှင့် အာဟာရပြည့်ဝမှုအပေါ် အဓိကစိန်ခေါ်မှုကြီးဖြစ်နေပြီး စားနပ်ရိက္ခာဖြည့်တင်းနိုင်မှုစနစ် တည်တံ့ခိုင်မာရေးကို မီးမောင်းထိုးပြလျက်ရှိပါကြောင်း။

ကမ္ဘာ့ပြည်သူတိုင်း စားနပ်ရိက္ခာ ရရှိပိုင်ခွင့်၊ အာဟာရပြည့်ဝစွာစားသောက်နေနိုင်ခွင့်သည် ယနေ့ ကမ္ဘာလုံးဆိုင်ရာ အဓိကအကြောင်းတရား ဖြစ်လာသည်နှင့်အညီ အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် စားနပ်ရိက္ခာနှင့် အာဟာရဆိုင်ရာအမျိုးသား စီမံကိန်းအကောင်အထည်ဖော်ရေး လုပ်ငန်းများ ရေးဆွဲချမှတ်ခြင်းသည် မိမိတို့နိုင်ငံအတွက်သာမက ဒေသတွင်းနှင့် ကမ္ဘာကြီးအတွက် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းများအဖြစ် အလေးအနက်ခံယူပါကြောင်း။

ကုလသမဂ္ဂထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီရေးအတွက် နိုင်ငံအသီးသီးက ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ရည်မှန်းချက်၏ တစ်စိတ်တစ်ပိုင်း မောင်းနှင်အားအဖြစ် စားနပ်ရိက္ခာစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာခြင်းမှသည် ငတ်မွတ်သူပပျောက်ရေးအစီအစဉ် (Zero Hunger Program) အောင်မြင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရာတွင် အခြေခံရိက္ခာထုတ်လုပ်မှု ကဏ္ဍကြီးများဖြစ်သည့် လယ်ယာစိုက်ပျိုးရေးနှင့် သားငါးကဏ္ဍသည် ထိန်းချုပ်နိုင်စွမ်းမရှိသည့် သဘာဝသယံဇာတနှင့် ရာသီဥတုအပေါ် မှီခိုနေရသည့်အတွက် စားနပ်ရိက္ခာထုတ်လုပ်ရာမှာ အကန့်အသတ်များနှင့် အခက်အခဲများရှိနေပါကြောင်း။

ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ကို မပျက်စီးအောင်ထိန်းသိမ်းစောင့်ရှောက်သွားရန် အရေးကြီးလာပြီဖြစ်သည့်အလျောက် အစိမ်းရောင်စီးပွားစနစ် (Green Economy) ကို ထိထိရောက်ရောက် အလေးမူ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှသာ စားနပ်ရိက္ခာဖူလုံမှုကိုလည်း များစွာ အထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လက်ရှိအားဖြင့် စားနပ်ရိက္ခာဖူလုံပိုလျှံလျက်ရှိသော်လည်း လက်ရှိလူဦးရေ သန်း ၆၀ မှ ၂၀၅၀ ခုနှစ်တွင် တိုးပွားလာမည့် လူဦးရေသန်း ၁၀၀ အတွက် ရေရှည်မျှော်မှန်းပြီး ရေတိုရေရှည် စီမံကိန်းများကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံ၏ လက်ရှိသဘာဝကပေးသည့် အနေအထားများအရ ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးအတွက်လည်း ပိုလျှံသည်များကို ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်နိုင်သည့် နိုင်ငံဖြစ်ပါကြောင်း၊ လူဦးရေတိုးပွားလာမှုအတွက် စားနပ်ရိက္ခာ ဖြည့်ဆည်းနိုင်ရေးအပေါ် တွက်ချက်ဆောင်ရွက်ရသလို တစ်ဖက်တွင်လည်း ရာသီဥတု ပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်တို့၏ လယ်ယာကဏ္ဍအပေါ် အကျိုးသက်ရောက်မှုများကိုလည်း စီမံဆောင်ရွက်လျက် ရှိပါကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့် နိုင်ငံတော်၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် လူဦးရေ ၇၀ ရာခိုင်နှုန်း မှီခိုအသက်မွေးဝမ်းကျောင်း ပြုနေရသည့် လယ်ယာကဏ္ဍကြီး ဖွံ့ဖြိုးတိုးတက်ရေးကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို အားလုံးသိရှိကြပြီးဖြစ်ပါကြောင်း၊ လယ်ယာကဏ္ဍတိုးတက်မှုကို အခြေခံပြီး နိုင်ငံ၏ စီးပွားရေးအခြေခံအုတ်မြစ်ကို တည်ထောင်လျက် အခြေခံလူတန်းစားများ၏ လူနေမှုအဆင့်အတန်း တိုးတက်အောင် တစ်ပြိုင်တည်း ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း။

သီးနှံ၊ သားငါးများ စိုက်ပျိုးမွေးမြူ ထုတ်လုပ်သူများအနေနှင့် သဘာဝပတ်ဝန်းကျင် မထိခိုက်စေမည့် နည်းလမ်းများကို အသုံးပြုရေး၊ သီးနှံအထွက်နှုန်း ကောင်းမွန်ရေးအတွက် ဓာတ်မြေဩဇာနှင့် ဓာတုဆေးများ၊ ပိုးသတ်ဆေးများကို သတ်မှတ်နှုန်းထားအတိုင်း ထည့်သွင်းအသုံးပြုရေး၊ သဘာဝမြေဩဇာ တိုးတက်သုံးစွဲရေး၊ အော်ဂဲနစ်နည်းလမ်းများ အသုံးချရေးအတွက် ပညာပေးနည်းလမ်းများ၊ စံပြစိုက်ကွင်းများဖြင့် လက်တွေ့ပြသခြင်းလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အပြင် ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် စီးပွားရေး အကျိုးအမြတ်ရရှိမှု ရှုထောင့်မှသုံးသပ်ပြီး စိုက်ပျိုးသည်မှ ဈေးကွက်ရောက်သည်အထိ လုပ်ငန်းစဉ်အဆင့်တိုင်း၌ တောင်သူလယ်သမားများနှင့် တန်ဖိုးမြှင့်ထုတ်လုပ်သူများ လက်တွေ့လိုက်နာကျင့်သုံးနိုင်မည့် နည်းပညာများ၊ ခေတ်မီစက်ကိရိယာများ၊ သိုလှောင်မှုစနစ်များ၊ ပြင်ဆင်ထိန်းသိမ်းမှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာအောင် မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့အပြင် စားသုံးသူများကို ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာများ ဖြည့်ဆည်းပေးနိုင်ရန် လိုအပ်သည့် ကျန်းမာရေးဆိုင်ရာမူဝါဒများ၊ လုပ်ငန်းစဉ်များ၊ အသိပညာပေးမှုများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အထူးသဖြင့် ငါးနှစ်အောက်ကလေးငယ်များနှင့် ကျောင်းနေအရွယ်ကလေးသူငယ်များ အာဟာရပြည့်ဝရေးအတွက် စာသင်ကျောင်းများတွင် အာဟာရဖြည့်အစားအစာ တိုက်ကျွေးမှုများ၊ မိခင်နှင့်ကလေး ကျန်းမာရေး စောင့်ရှောက်မှုများ၊ ကာကွယ်ဆေးထိုးနှံမှုများ၊ သွေးလွန်တုပ်ကွေး ကာကွယ်ရေးလုပ်ငန်းများ စသည်တို့ကို ပြည်သူများအကြား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

စိုက်ခင်းမှသည် စားပွဲဆီသို့ (Farm to Table) ဆိုသည့်အတိုင်း စနစ်တကျဟန်ချက်ညီညီ စီမံထိန်းကျောင်း ဆောင်ရွက်သွားနိုင်မည့် စားနပ်ရိက္ခာ ထုတ်လုပ်မှုစနစ်ကို ရေရှည်တည်တံ့ခိုင်မြဲစွာ ထူထောင်ဆောင်ရွက်သွားနိုင်မှသာ မျှော်မှန်းထားသည့် လူသားတိုင်း စားနပ်ရိက္ခာဖူလုံပြီး အာဟာရပြည့်ဝစွာဖြင့် သက်တမ်းစေ့ ကျန်းမာစွာ နေထိုင်သွားနိုင်ရေး ပန်းတိုင်ကို ရောက်ရှိနိုင်မည်ဖြစ်ပြီး ဆင်းရဲငတ်မွတ်မှုကို ထိရောက်စွာ တိုက်ဖျက်နိုင်မည်ဖြစ်ပါကြောင်း။

ဒုတိယသမ္မတ ဦးညာဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ကမ္ဘာသူ ကမ္ဘာသား အားလုံး အသက်ရှည်ကျန်းမာပြီး သက်တမ်းစေ့ပျော်ရွှင်စွာ နေထိုင်သွားနိုင်ရန်အတွက် ရည်မှန်းချမှတ်ထားသည့် **"အာဟာရပြည့်ဝရေးနှင့် စားနပ်ရိက္ခာဖူလုံရေး၊ တည်တံ့ခိုင်မြဲသောရိက္ခာထုတ်လုပ်မှုစနစ် ထူထောင်ပေး"** ဆိုသည့် ယခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ဆောင်ပုဒ်နှင့်အညီ အစိုးရများ၊ အဖွဲ့အစည်းများ၊ ပြည်သူများ အားလုံးပါဝင်ကြသည့် Stakeholders တစ်ရပ်လုံး၊ ကမ္ဘာ့လူသားအားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် အလေးအနက်တိုက်တွန်းပါကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ကမ္ဘာ့လူသားအားလုံးအတွက် "မွေးဖွားသည်မှ သေဆုံးသည်အထိ" နေ့စဉ်နှင့်အမျှ သက်ရှင်လှုပ်ရှားနေထိုင်နိုင်ရန် စားရေရိက္ခာသည် မရှိမဖြစ် လိုအပ်ချက်ဖြစ်ပါကြောင်း၊ စားရေရိက္ခာမရှိဘဲ လူသားများ၏ ဘဝ ရှင်သန်ရပ်တည်နိုင်မှုသည် လုံးဝမဖြစ်နိုင်ကြောင်းကို အားလုံးသိရှိကြပြီး ဖြစ်ပါကြောင်း။

ကမ္ဘာ့နိုင်ငံ အသီးသီးတို့သည် နေ့စဉ် စဉ်ဆက်မပြတ်တိုးတက်လျက်ရှိသည့် ကမ္ဘာ့လူဦးရေနှင့်လျော်ညီစွာ ကမ္ဘာ့စားနပ်ရိက္ခာ ထုတ်လုပ်မှုကိုလည်း တိုးတက်အောင် အာရုံစူးစိုက် (Focus) ပြီး အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၃ ခုနှစ် စက်တင်ဘာလအတွင်း စားနပ်ရိက္ခာစိုက်ပျိုးရေးအဖွဲ့ကြီး ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတစ်ခုတွင် ကမ္ဘာတစ်ဝန်းထုတ်လုပ်သည့် စားနပ်ရိက္ခာအားလုံး၏ သုံးပုံတစ်ပုံသည် လေလွင့်အလဟဿဖြစ်ခဲ့ရသဖြင့် ကမ္ဘာ့စီးပွားရေးကို တစ်နှစ်လျှင် ဒေါ်လာဘီလီယံ ၇၅၀ မျှ လေလွင့်ဆုံးရှုံးစေခဲ့ကြောင်းကို ဖော်ပြထားပါကြောင်း၊ ယင်းဆုံးရှုံးမှုသည် ရိက္ခာတန်ချိန်ပေါင်း ၁ ဒသမ ၃ ဘီလီယံခန့်ရှိပြီး တရုတ်နိုင်ငံအပါအဝင် အာရှဒေသတွင် အဆိုးရွားဆုံးဖြစ်ကြောင်း သိရှိရပါကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ထုတ်လုပ်ချိန်၌ ပျက်စီးဆုံးရှုံးမှုများရခြင်းဖြစ်ပြီး ဖွံ့ဖြိုးပြီးနိုင်ငံများတွင် စားနပ်ရိက္ခာ အသုံးပြုစားသုံးချိန်တွင် အလဟဿဖြစ်ပြီး လေလွင့်ဆုံးရှုံးရခြင်းများဖြစ်ကြောင်း ဖော်ပြထားပါကြောင်း။

ယင်းလေလွင့်ဆုံးရှုံးမှုများသည် ကမ္ဘာလုံးဆိုင်ရာစားနပ်ရိက္ခာဖူလုံမှု ပြဿနာများကို ကျော်လွှားရန်အတွက် အဓိကစိန်ခေါ်မှုများလည်း ဖြစ်ပါကြောင်း၊ ထုတ်လုပ်မှုတိုးတက်လာခြင်းမှသည် စားနပ်ရိက္ခာဖူလုံရေး ရှေးရှုဆောင်ရွက်ရသလို ထွက်ရှိလာသည့် စားနပ်ရိက္ခာများ အကျိုးရှိရှိဖြင့် ထိရောက်စွာ အလေအလွင့်နည်းပါးအောင် စားသုံးနိုင်ရေးကိုလည်း စနစ်တကျစီမံခန့်ခွဲဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

ကမ္ဘာ့စားနပ်ရိက္ခာနေ့ဆောင်ပုဒ်ဖြစ်သည့် "Sustainable Food Systems for Food Security and Nutrition," **"အာဟာရပြည့်ဝရေးနှင့် စားနပ်ရိက္ခာဖူလုံရေး၊ တည်တံ့ခိုင်မြဲသော စားရေရိက္ခာ ထုတ်လုပ်မှုစနစ် ထူထောင်ပေး"** နှင့် ကိုက်ညီစွာ လူသားများအတွက် အမှန်တကယ် အခြေခံလိုအပ်ချက် ဖြစ်သည့် လူတိုင်းအာဟာရပြည့်ဝစွာဖြင့် သက်တမ်းစေ့ သက်ရှည်ကျန်းမာစွာ နေထိုင်စားသောက်နိုင်ရေး၊ စားနပ်ရိက္ခာဖူလုံရေးတို့ အတွက် ရေရှည်တည်တံ့ခိုင်မြဲသော လယ်ယာကဏ္ဍစားနပ်ရိက္ခာထုတ်လုပ်မှုစနစ်များကိုထူထောင်ပေးနိုင်ရေး၊ အခြေခံလိုအပ်ချက်များအပေါ် လေးလေးနက်နက်အာရုံစူးစိုက်ပြီး နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်အကောင်အထည် ဖော်ပေးကြခြင်းအားဖြင့် ဤကမ္ဘာမြေကြီးနှင့် ဤလူ့ဘောင်ဘဝကြီးကို မဝေးတော့သည့် အနာဂတ်ကာလတွင် ပိုမိုထွန်းတောက်သာယာလှပအောင် အစွမ်းကုန်အားထုတ်ကြိုးပမ်းဆောင်ရွက်ကြရန် အလေးအနက် တိုက်တွန်းပါကြောင်း ဖြင့် ပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Ms. Bui Thi Lan က နှုတ်ခွန်းဆက်စကားပြောကြားပြီး ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို Video နှင့် ရှင်းလင်းပြသသည်။

ထို့နောက် ဖိလစ်ပိုင်နိုင်ငံ အခြေစိုက် အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်နှင့် အကြီးတန်းသိပ္ပံပညာရှင် Ms. Madonna C.Casimero က ဒေသအတွင်း စားရေရိက္ခာဖူလုံရေးနှင့် မြန်မာနိုင်ငံ၏ ဆန်စပါးသီးနှံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလားအလာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညာဏ်ထွန်းက ဂျပန်သံအမတ်ကြီး၊ ကိုရီးယားသံအမတ်ကြီး၊ အိန္ဒိယ သံအမတ်ကြီး၊ JICA နှင့် KOICA တို့မှ ကိုယ်စားလှယ်များအား စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် လွှတ်တော်ကော်မတီဥက္ကဋ္ဌများက စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု ဂုဏ်ပြုမှတ်တမ်းလွှာများ၊ ဝက်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှု ထူးချွန်ဆု၊ နို့စားနွားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှု ထူးချွန်ဆု၊ ရေငန်ပုစွန်မွေးမြူရာတွင် သဘာဝမွေးမြူနည်းမှ အထွက်နှုန်း အကောင်းဆုံးဆု၊ ရေချိုငါးမွေးမြူထုတ်လုပ်ရေး ဂုဏ်ပြုဆု၊ ပုဂ္ဂလိကကျွန်းစိုက်ခင်း တည်ထောင်ခြင်းအကောင်းဆုံးဆု၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် စိုက်ခင်း တည်ထောင်ခြင်း လုပ်ငန်းထူးချွန်ဆု၊ ပုဂ္ဂလိကသစ်မာစိုက်ခင်း တည်ထောင်ခြင်း အကောင်းဆုံးဆု၊ သစ်တောစိုက်ခင်း တောင်ယာသမားထူးချွန်ဆု၊ ပြောင်းသီးနှံနှင့် စပါးသီးနှံ စိုက်ပျိုးထုတ်လုပ်မှု စွမ်းဆောင်ရည်ဂုဏ်ပြုဆု၊ လယ်ယာဖွံ့ဖြိုးတိုးတက်ရေး စက်ကိရိယာဆိုင်ရာဂုဏ်ပြုဆုနှင့် ဆန်စပါးထုတ်လုပ်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ဂုဏ်ပြုဆု၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စွမ်းဆောင်ရည်ဂုဏ်ပြုဆု၊ ကြံစိုက်ပျိုးထုတ်လုပ်မှု အကောင်းဆုံးဂုဏ်ပြုဆု၊ ကြံစိုက်ပျိုးထုတ်လုပ်မှုနှင့် သကြားထုတ်လုပ်မှုဂုဏ်ပြုဆု၊ လယ်ယာကဏ္ဍပညာပေး ဆောင်းပါးဂုဏ်ပြုမှတ်တမ်းလွှာ၊ လယ်ယာကဏ္ဍပညာပေး ကဗျာစာပေ ဂုဏ်ပြုမှတ်တမ်းလွှာ၊ လယ်ယာကဏ္ဍပညာပေးထုတ်လုပ်မှု ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဆန်စပါးသီးနှံဖွံ့ဖြိုးရေး ဂုဏ်ပြုမှတ်တမ်းလွှာ၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဓာတ်မြေဩဇာလုပ်ငန်း ဂုဏ်ပြုမှတ်တမ်းလွှာ၊ လယ်ယာကဏ္ဍပညာပေးတေးသီဆိုမှု ဂုဏ်ပြုမှတ်တမ်းလွှာ၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဥယျာဉ်ခြံသီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ထုတ်လုပ်ရေးဂုဏ်ပြုဆု၊ စပ်မျိုးစပါး စိုက်ပျိုးထုတ်လုပ်မှု ဂုဏ်ပြုမှတ်တမ်းလွှာ၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Tissue Culture ဂုဏ်ပြုဆု၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စက်ကိရိယာဆိုင်ရာ ဂုဏ်ပြုမှတ်တမ်းလွှာ၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဓာတ်မြေဩဇာထုတ်လုပ်မှု ဂုဏ်ပြုမှတ်တမ်းလွှာ၊ စပ်မျိုးစပါးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး သုတေသနပညာရှင်ဆု၊ အလားအလာကောင်းသော စပ်မျိုးစပါး မိဘလိုင်းများ၊ ပြည်တွင်း စပ်မျိုးစပါး မွေးမြူထုတ်လုပ်ခြင်း သုတေသနလုပ်ငန်း ထူးချွန်ဆု၊ စပ်မျိုးပြောင်း မိဘလိုင်းမွေးမြူထုတ်လုပ်ပွားများခြင်း သုတေသနနှင့် အထွက်ကောင်း ရေဆင်းစပ်မျိုးပြောင်းမျိုးသစ် အောင်မြင်စွာ မွေးမြူထုတ်လုပ်ခြင်း ထူးချွန်ဆု၊ ရေဆင်း ပုလဲသွယ်(၁) စပ်မျိုးစပါး မွေးမြူထုတ်လုပ်သော သုတေသနလုပ်ငန်း ထူးချွန်ဆု၊စပါးစိုက်ပျိုး ထုတ်လုပ်မှု ထူးချွန်တောင်သူဆု၊ အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူဆု၊ မြေပဲစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူဆု၊ နေကြာစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူဆု၊ ပဲတီစိမ်း စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူဆု၊ စိုက်ပျိုးရေးပညာပေးရေးပညာရှင် ထူးချွန်ဝန်ထမ်းဆု၊ စိုက်ပျိုးရေးပညာရပ်ဆိုင်ရာ စာပေထူးချွန်ဆုနှင့် ထူးချွန်ဝန်ထမ်းဆုများကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညာဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြပြီး ပြခန်းများအား လှည့်လည် ကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် ဆုချီးမြှင့်ခြင်းအစီအစဉ်များကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီးများနှင့် FAO ဌာနေကိုယ်စားလှယ်တို့က ထူးချွန်ဆုရရှိကြသူများအား ဆုများကို အသီးသီးပေးအပ်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

ပြည့်ဝမ်းစာရိက္ခာတိုးအောင်လို့

✦ "သဗ္ဗေသတ္တာ အဟာရဋ္ဌိတိကာ--"
စောဗုဒ္ဓါ ရွှေနှုတ်ဖျားမှ
မြွက်ကြားခဲ့ပါ။
အလုံးစုံ သတ္တဝါ
အာဟာရ ပဓာန။
စားစရာ ရိက္ခာပြတ်လျှင်ဖြင့်
ရပ်တည်ရန် အမှန်ခက်
ပျက်လိမ့်ဘဝ။

✦ လူသားတွေ စုစည်းတဲ့
ကမ္ဘာကြီး တစ်ခွင်တစ်ပြင်။
စားရိက္ခာဖွံ့ဖြိုးဖို့
ကြိုးပမ်းအစဉ်။
စိုက်ပျိုးကြ အစုံအလင်
နည်းသစ်ထွင် ဆန်းကြယ်စွ။
လူသားနွယ် အမျိုးဆက်ဖို့
တိုးတက်ကြဲဆ။

✦ ကမ္ဘာမှာ ကမ္ဘာ့နည်းနဲ့
မြန်မာမှာ မြန်မာ့နည်းနဲ့
သီးနှံအထွက် တိုးပွားအောင်----။
လက်မှု လယ်ယာမှ
စက်မှုလယ်ယာကဏ္ဍသစ်
ဖွင့်လှစ်ဖော်ဆောင်။
စပါးတွေ ရွှေအရောင်
ဝင်းပြောင်လို့ ရှုမဆုံး။
အမြဲကွယ် နိုးကြားပါလို့
ပုလဲသွယ် မျိုးစပါးကိုဖြင့်
ကြိုးစားကာ တီထွင်တော့
ပြည်တစ်ခွင် စည်ပင်ကြောင်းပေပ
ကောင်းပေ့အထွက်နှုန်း။

✦ ပြည့်ဝမ်းစာ ရိက္ခာတိုးအောင်လို့
ကြိုးပမ်းစို့ နည်းအသွယ်သွယ်။
စိုက်ပျိုးရေး မွေးမြူရေး
အလေးပေးတယ်။
အရင်းအနှီးလည်း မခက်ဖွယ်
ခုခါဝယ် စီမံပေး။
အတွေးသစ် အမြင်သစ်တွေနဲ့
ခေတ်အခြေကောင်း စနစ်တွေ ပြောင်းစဉ်၌
အကောင်းမြင် ကြိုးပမ်းကြလျှင်ဖြင့်
မြန်မာ့ရိက္ခာဘယ်မကပါပဲ
ကမ္ဘာ့ရိက္ခာကြွယ်ဝသည်အထိ
မြန်မာ့မြေ အထောက်အကူပြုမှာမို့
ရှေးရှုကာ စက်မှုတစ်ခေတ်
ဆန်းသစ်စို့လေး။ ။

(အောက်တိုဘာလ ၁၆ ရက် ကမ္ဘာ့စားနပ်ရိက္ခာနေ့ကို ဂုဏ်ပြုလျက်)

မြင်းမူမောင်နိုင်မိုး

မန္တလေးနှင့် အထက်မြန်မာပြည်သတင်း

နေပြည်တော် ဥတ္တရသီရိမြို့နယ် ဧကေ ၉၀၀ စိုက်ကွင်း၌ ဓာတုကင်းလွတ်သီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် အောက်တိုဘာ ၁၅ ရက် နံနက် ၇ နာရီက နေပြည်တော် စက်စက်ယိုဆည်ရေသောက် ဧကေ ၉၀၀ စိုက်ကွင်းသို့သွားရောက်ပြီး ဓာတုကင်းလွတ် ငရုတ်၊ ဖရုံ၊ ဖရဲ၊ ကြက်ဟင်းခါးသီး၊ ရုံးပတီသီး၊ သခွားမွေးစိုက်ခင်းများနှင့် ပျိုးဥယျာဉ်၌ ပျိုးထောင်ထားသော ဖရဲ၊ ဖရုံ၊ ဘူး၊ သခွား၊ သင်္ဘော၊ ပိန္နဲ၊ ငရုတ်၊ ခရမ်း ပျိုးပင်များကို ကြည့်ရှုစစ်ဆေးပြီး **(ယာပုံ)** မျိုးစေ့နှင့် ပျိုးပင်ပေါက်များကို တောင်သူလယ်သမားများ စိုက်ပျိုးရာသီအချိန်မီ စိုက်ပျိုးနိုင်ရေး ဖြန့်ဖြူးပေးနိုင်ရန် မှာကြားသည်။

ထို့နောက် နာနတ်၊ ဂေါ်ဖီ၊ ကိုက်လန်၊ ဖရုံ၊ ဂျုံးမြစ်စိုက်ခင်းများ၊ ဇေယျာသီရိမြို့နယ် သပြေပင်ကျေးရွာရှိ အထူးအထွက်တိုး စံပြကြံစိုက်ခင်းနှင့် ကိုးရွာသပြေကုန်းရှိ မျိုးသန့် မျိုးပွားကြံစိုက်ခင်းတို့ကို လှည့်လည်စစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ရာသီအလိုက် စိုက်ပျိုးသီးနှံများကို တစ်ရွာလျှင် ထုတ်ကုန်တစ်မျိုး စီးပွားဖြစ်ထုတ်လုပ်ရောင်းချရန်၊ ဈေးကွက်ရှိမှုမှာအရေးကြီး၍ သီးနှံများကိုရွေးချယ်စိုက်ပျိုးရန်နှင့် ဈေးကွက်နှင့်ချိတ်ဆက်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

ပြည်တွင်းစားသုံးမှုမှ ဖူလုံပိုလျှံသည့်သီးနှံများကို နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရန်နှင့် ဈေးကွက်လိုအပ်ချက်အရ ဂျုံးမြစ်၊ ပိန်းဥ၊ ဖရုံသီး စသော သစ်သီးဝလံအမယ်သစ်များကို ရွေးချယ်၍ ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရေး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

နိုင်ငံတကာဈေးကွက်တွင် အော်ဂဲနစ်သီးနှံသည် ဈေးနှစ်ဆမှ သုံးဆအထိ ပိုမိုရရှိနေသည့်အတွက် အခြေခံစိုက်ပျိုးကြသည့် တောင်သူလယ်သမားများ အော်ဂဲနစ်သီးနှံစိုက်ပျိုးရေးကို ပိုမိုကျွမ်းကျင်စွာဖြင့် သိရှိဆောင်ရွက်ကြရေးအတွက် ပညာပေးလုပ်ငန်းများ ထိရောက်ကျယ်ပြန့်စွာ အကောင်အထည်ဖော်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုအားနည်းနေဆဲဖြစ်

မန္တလေး အောက်တိုဘာ ၁၆

စက်ဘီးမြို့တော်မှ ဆိုင်ကယ်မြို့တော်ဟု တဖြည်းဖြည်းနာမည်ရလာခဲ့သည့် ဆိုင်ကယ်စီးသူဦးရေ များပြားသည့် မန္တလေးမြို့တွင် **(အောက်ပုံ)** သက်ဆိုင်ရာတာဝန်ရှိသူများက အသိပညာပေးခြင်း၊ ရှောင်တခင်စစ်ဆေးအရေးယူခြင်းများကို ပြုလုပ်ပေးလျက်ရှိသော်လည်း ဆိုင်ကယ်မောင်းနှင်သူများအနေနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု အားနည်းနေဆဲဖြစ်ကြောင်း အောင်မြေသာစံမြို့နယ်မှ အမျိုးသားတစ်ဦးက ပြောသည်။

"မန္တလေးမှာ ယာဉ်တိုက်မှုဖြစ်ရင် ဆိုင်ကယ်နဲ့ကားနဲ့၊ ဒါမှမဟုတ် ဆိုင်ကယ် ဆိုင်ကယ်ချင်းဖြစ်တယ်။ ယာဉ်တိုက်မှုတွေ တဖြည်းဖြည်းလျော့နည်းလာပြီလို့ထင်ရပေမယ့် မဆင်မခြင်မောင်းနှင်သူတွေရှိနေဆဲမို့ အချို့နေရာတွေမှာ မကြာခဏယာဉ်တိုက်မှု ဖြစ်ဖြစ်နေတဲ့ သတင်းလည်းကြားရတယ်။ ကိုယ်တွေ့လည်း မြင်နေရတယ်။ အထူးသဖြင့် မန္တလေးက ဆိုင်ကယ်စီးသူဦးရေများပြားပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု အားနည်းလို့ ဆိုင်ကယ်တိုက်မှုတွေပဲ ဖြစ်လေ့ရှိတာများတယ်။ တာဝန်ရှိသူတွေကတော့ အသိပညာပေးတာရော ရှောင်တခင်စစ်ဆေးအရေးယူတာမျိုးပါ လုပ်ပေမယ့် လုပ်တုန်းခဏလိုက်နာကြတာ။ မကြာဘူး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုမရှိဘဲ ယာဉ်မောင်းနှင်တဲ့သူတွေကို ပြန်တွေ့ရတယ်။ ကိုယ့်အသက်ဘေးအန္တရာယ်အတွက် အသိပညာပေး၊ ရှောင်တခင်စစ်ဆေးအရေးယူတာမျိုးတွေ ပြုလုပ်ပေးတာလို့ နားလည်ပြီး လိုက်နာတဲ့သူတွေပဲ ယာဉ်အန္တရာယ်ကင်းရှင်းနိုင်မှာပါ"ဟု ၄င်းက သုံးသပ်ပြောကြားသည်။

ယာဉ်အန္တရာယ် အသိပေးကြေညာချက်များကို အသံချဲ့စက်များတပ်ဆင်ကာ ကျွဲဆည်ကန်လမ်းဆုံနှင့် ယာဉ်စည်ကားရာနေရာများတွင် ကြေညာအသိပေးခြင်း၊ လမ်းဆုံများတွင် မီးပွိုင့်များ တိုးချဲ့တပ်ဆင်ခြင်းစသည့် ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်နှင့်လမ်းစည်းကမ်းထိန်းသိမ်းခြင်း လုပ်ငန်းများကို သက်ဆိုင်ရာတာဝန်ရှိသူများက ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

အသက်ကယ်အောက်ဆီဂျင်ဘူးများ လှူဒါန်း

မန္တလေး အောက်တိုဘာ ၁၆

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက် ဣန္ဒာသယပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တကုမုဒ ဦးစီးတည်ထောင်သည့် ဝါခင်းကုန်း "ဗုဒ္ဓအလိုကျ နှလုံးလှ မေတ္တာလူမှုကူညီသူများ" အသင်း၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အထောက်အကူပြုရန်အတွက် အသက်ကယ်အောက်ဆီဂျင်ဘူးများကို လာရောက်လှူဒါန်းကြရာ အလှူရှင် လမ်း(၈၀× ၃၇) လမ်းထောင့်နေ ဦးအောင်စိုးမြင့်- ဒေါ်ဝင်း မမမော် သား မောင်ရဲလင်းအောင်၊ ဗိုလ်ကြီး ဖွဲ့လင်းအောင် (ဖွဲ့ရဲမာန် ဆောက်လုပ်ရေး) မိသားစုက ငွေကျပ် ၁၅၅၀၀၀ တန်ဖိုးရှိ အောက်ဆီဂျင်ဘူး နှစ်ဘူးအတွက် အလှူငွေကျပ် ၃၁၀၀၀၀ ကိုလည်းကောင်း၊ ယာဉ်ပျံ့ရပ်ကွက်နေ ဦးအုံးမောင်-ဒေါ်ချစ်ချစ် မိသားစုက အောက်ဆီဂျင်တစ်ဘူးအတွက် အလှူငွေကျပ် ၁၅၅၀၀၀ ကိုလည်းကောင်း၊ ဦးလှချိန်-ဒေါ်မြအုံ (ကျောက်မဲ)အား ရည်စူး၍ ကျန်ရစ်သူမိသားစုက အောက်ဆီဂျင်တစ်ဘူးအတွက် အလှူငွေကျပ် ၁၅၅၀၀၀ ကိုလည်းကောင်း၊ ဦးကြည်အားရည်စူး၍ ကိုကျော်ဝေမြင့်(ခ) ကိုကျောက်ခဲ-မဝင်းနုဝါ မိသားစုက ထာဝရငွေပဒေသာပင် အလှူငွေကျပ် တစ်သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးသန်းလှိုင်နှင့် အတွင်းရေးမှူး ဦးဝင်းရွှေတို့က လက်ခံယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြကြောင်း သိရသည်။

တင်မောင်(မန္တလေး)

မွေးမြူရေးချေးငွေ နေ့ချင်းပြီးထုတ်ချေးပေး

ကသာ အောက်တိုဘာ ၁၆

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ အစီအစဉ်ဖြင့် ကသာမြို့နယ်အတွင်းရှိ ကျေးရွာခုနစ်ရွာမှ ဝက်မွေးမြူသူများကို အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

ကသာမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာဝင်းထွန်းနှင့် ဝန်ထမ်းများသည် အောက်တိုဘာ ၁၄ ရက်က သံပုရာ၊ တုန်းပေါ၊ ပြည်သာယာ၊ စေတီကုန်း၊ နွားကူး၊ တုတ်ကြီး၊ မိုးတားကြီးကျေးရွာများသို့ သွားရောက်၍ ကျေးရွာတစ်ရွာလျှင် ဝက်မွေးမြူသူ ၁၀ ဦးကို တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် တောင်သူဦးရေ ၇၀ အတွက် မွေးမြူရေးချေးငွေကျပ် ၁၀၅ သိန်းကို နေ့ချင်းပြီး ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အဆိုပါချေးငွေကျပ် ၁၀၅ သိန်းကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေမှ ထုတ်ချေးပေးခြင်းဖြစ်ပြီး ချေးငွေကျပ် ၁၅၀၀၀၀ အတွက် တစ်လလျှင် အတိုးငွေ ကျပ် ၇၅၀ နှုန်းဖြင့် ၁၂ လအတွင်း ပြန်လည်ပေးဆပ်ရမည်ဖြစ်ကြောင်း သိရသည်။

စမ်းဦး(ကသာ)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ အောက်ဖော်ပြပါတက္ကသိုလ်များတွင် ဆရာ/ဆရာမဆောင်များတည်ဆောက်ခြင်းအတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

ဆရာ/ဆရာမဆောင်များတည်ဆောက်ခြင်းလုပ်ငန်း

(က) နည်းပညာတက္ကသိုလ် (ဘားအံ)
ဆရာ/ဆရာမဆောင် (၁၃၂'× ၄၅'×၁၂') ခြောက်ခန်းတွဲတစ်ထပ်တစ်လုံး (RC) ဆောက်လုပ်ခြင်းလုပ်ငန်း

(ခ) ကွန်ပျူတာတက္ကသိုလ် (ဘားအံ)
ဆရာ/ဆရာမဆောင် (၁၃၂'×၄၅'×၁၂') ခြောက်ခန်းတွဲတစ်ထပ်တစ်လုံး (RC) ဆောက်လုပ်ခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၈-၁၀-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာတက္ကသိုလ် (ဘားအံ)တွင် စတင်ရောင်းချမည်ဖြစ်ပြီး ၁၈-၁၁-၂၀၁၃ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်ဖြစ်သည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များ၊ ဗီသုကာပုံစံနှင့် အသေးစိတ်အချက်အလက်များကို နည်းပညာတက္ကသိုလ်(ဘားအံ) ဖုန်း-၀၉-၅၆၆၀၄၆၆၊ ၀၉-၈၇၃၁၀၁၄၊ ၀၅၈-၂၁၅၈၉တို့တွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

တင်ဒါကြီးကြပ်ရေးအဖွဲ့

ဟိုင်းလပ်၊ ပစ်ကပ် ဘတ်စ်ကားများမှ အစပြု၍ ပြန်လည်တင်သွင်းရာတွင် စီးတီးဘတ်စ်များ စတင်ခွင့်ပြု

ရန်ကုန် အောက်တိုဘာ ၁၆

မြို့တွင်းပြေးဆွဲနေသော ဟိုင်းလပ်၊ ပစ်ကပ်နှင့် လိုက်ထရပ်များ အပ်နှံပါက ခရီးသည်တင်လိုင်းများတွင် ပြန်လည်ပြေးဆွဲရန်အတွက် မီနီဘတ်စ်ကားထက်ကြီးသော စီးတီးဘတ်စ်များကို ပြန်လည်၍ အစားထိုးတင်သွင်းခွင့်ပြုသွားမည်ဖြစ်ကြောင်း နေပြည်တော်ရှိ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ခရီးသည်တင်လိုင်းများတွင် ပြေးဆွဲနေသော ဟိုင်းလပ်၊ ပစ်ကပ်နှင့် လိုက်ထရပ်ယာဉ်များကို ဖျက်သိမ်းအပ်နှံပါက တင်သွင်းခွင့်အသစ်ပြန်လည်အစားထိုးတင်သွင်းချထားပေးမှုတွင် ယခင်က မီနီဘတ်စ်တစ်မျိုးတည်းသာ ချထားခွင့်ပြုရာ ယခုအခါ စီးတီးဘတ်စ်ကြီးများလည်း တင်သွင်းခွင့်ပြုလိုက်ပြီဖြစ်သည်။ "အရင်က တင်သွင်းခွင့်ပြုထားတဲ့ မီနီဘတ်စ်တွေထက်ကြီးတဲ့ စီးတီးဘတ်စ်တွေကို တင်သွင်းခွင့်ပြုလိုက်တာပါ" ဟု အထက်ပါပုဂ္ဂိုလ်က ရှင်းပြသည်။

ယာဉ်အို ယာဉ်ဟောင်းစီမံချက်အရ ယခင်က မြို့တွင်း ပြေးဆွဲနေသော ဟိုင်းလပ်ကားများဖြစ်သည့် ၁၀၇ နံပါတ်ကားများ၊ နံပါတ် ၃ ကားများအပြင် လိုက်ထရပ်ကဲ့သို့သော ဒိုင်နာများပါအပ်နှံပါက ပြန်လည်တင်သွင်းခွင့်ကို မြို့တွင်းပြေးဆွဲသည့် အဲကွန်းဘတ်စ်(စီးတီးဘတ်စ်များ)အဖြစ် ပြန်လည် တင်သွင်းခွင့်ပြုမှာဖြစ်သည်။

ကူးသန်းရောင်းဝယ်ရေးနှင့် သက်တမ်းကြာမြင့်နေသော ဖျက်သိမ်းယာဉ် ထောက်ခံချက်ပုံစံ(ဃ)တွင် ခရီးသည်ယာဉ်လိုင်းပြေးဆွဲယာဉ်ဖြစ်၍ မီနီဘတ်စ်အပြင် စီးတီးဘတ်စ်ယာဉ်များပါ ပါမစ်လျှောက်ထားခွင့်ကို ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနက ခွင့်ပြုခဲ့သည်။

ကြည်(ရန်ကင်း)

တာမွေမြို့နယ်၌ ကျပ် ၁၀၀၀ တန် ငွေစက္ကူအတုများ ဖမ်းဆီးရမိ

ရန်ကုန် အောက်တိုဘာ ၁၆

အောက်တိုဘာ ၁၂ ရက် ညနေ ၆ နာရီ ၁၅ မိနစ်ခန့်က တာမွေမြို့နယ် ရဲတပ်ဖွဲ့မှူးခေါင်းဆောင်သော တာမွေမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သတင်းအရ အရိုးကုန်းရပ်ကွက် ဗညားဒလလမ်းနှင့် (၁၄၆)လမ်းထောင့်ရှိ လက်ဖက်ရည်ဆိုင်တွင် အသင့်စောင့်ဆိုင်းနေစဉ် သတင်းရရှိထားသူ မလွင်လွင်ခိုင်(ခ)မသိမ့်သိမ့်ရောက်ရှိလာသဖြင့် ရှာဖွေရာ ၎င်းကိုင်ဆောင်ထားသော Maddox စာတန်းပါ အဖြူစင်းအနက်ရောင် လက်ဆွဲအိတ်တစ်လုံးအတွင်း အနက်ရောင်ကြွပ်ကြွပ်အိတ်ဖြင့် ထုပ်ထားသော မြန်မာနိုင်ငံတော်ဗဟိုဘဏ်စာတန်းပါ ငွေစက္ကူအတု ၁၀၀၀ ကျပ်တန်(အသေး) ၄၁၂ ရွက်၊ ဆင်းကတ်ပါ Forme တံဆိပ် အနက်ရောင် (ဘေးအစင်းအနီရောင်) လက်ကိုင်ဖုန်းတစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၁၂ ရက်နေ့တွင် တာမွေမြို့နယ်၌ ကျပ် ၁၀၀၀ တန် ငွေစက္ကူအတုများ ဖမ်းဆီးရမိသည့် မှတ်တမ်းဓာတ်ပုံ။ (ဓာတ်ပုံ-ပြည်ထဲရေး)

ဆောင်ရွက်

ဖမ်းဆီးရမိသူ မလွင်လွင်ခိုင်(ခ) မသိမ့်သိမ့်အား ထပ်မံစစ်ဆေးခဲ့ရာ အဆိုပါ ငွေစက္ကူအတုများကို တောင်ဥက္ကလာပမြို့နယ်နေသူ မျိုးသူရထံမှ ငွေကျပ် လေးသိန်းဖြင့် ဝယ်ယူထားခြင်းဖြစ်ကြောင်းနှင့် ၎င်းနေထိုင်ရာ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၁၀၇) ရပ်ကွက်ရှိ နေအိမ်တွင် ငွေစက္ကူအတုများ သို့ဝှက်သိမ်းဆည်းထားကြောင်း စစ်ဆေးဖော်ထုတ်ရမိသဖြင့် ၎င်း၏နေအိမ်သို့ သွားရောက်ရှာဖွေ သိမ်းဆည်းခဲ့ရာ ထင်းရှူးသေတ္တာထဲတွင် အနက်ရောင် ကြွပ်ကြွပ်အိတ်နှင့်ထုပ်လျက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်စာတန်းပါ ၁၀၀၀ ကျပ်တန် (အသေး) ငွေစက္ကူအတု ၁၉၉၇ ရွက်ကို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် တာမွေမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့သည်။

အမှုကို မှုခင်းတပ်ဖွဲ့သို့ လွှဲပြောင်းခဲ့ပြီး ကွင်းဆက်များဖြစ်ကြသော မျိုးသူရနှင့် ခင်ဇော်ဦးတို့ကို ဖမ်းဆီးစစ်ဆေးခဲ့ရာ ၁၀၀၀ ကျပ်တန် ငွေစက္ကူအတု ၂၆၃၄ ရွက် စုစုပေါင်း ၅၀၄၃ ရွက်၊ သိန်း ၅၀ ကျော်နှင့် ငွေတုလုပ်သည့် ကာလာပရင်တာ နှစ်လုံး၊ ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

စိုးဝင်း (SP)

အလုပ်ခွင်မပျက် အဝေးသင်စီမံချက် ဆန်းစစ်စာမေးပွဲကျင်းပ

ပဲခူး အောက်တိုဘာ ၁၆

ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်ဥပဒေရုံးအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဒုတိယမြို့နယ်ဥပဒေအရာရှိများ လုပ်ငန်းစွမ်းရည် ပိုမိုတိုးတက်စေရေးနှင့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကို ပိုမိုနားလည် လိုက်နာနိုင်ရေးတို့ကို ရည်ရွယ်၍ မိမိတာဝန်ကျရာဒေသ၏ လုပ်ငန်းများကိုလည်း လစ်ဟင်းမှုမရှိစေဘဲ လုပ်ငန်းခွင်မပျက်လေ့လာစေပြီး ဆန်းစစ်ချက်စာမေးပွဲကို ပဲခူးတိုင်းဒေသကြီး ဥပဒေရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၄ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်၊ တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးဇော်လင်းမောင်၊ တိုင်းဒေသကြီးဥပဒေရုံးမှ ဥပဒေအရာရှိကြီးများနှင့် ခရိုင်ဥပဒေအရာရှိများ တက်ရောက်ခဲ့ကြပြီး တိုင်းဥပဒေအရာရှိဦးဇော်လင်းမောင်က အလုပ်ခွင်မပျက် အဝေးသင်စီမံချက် ဆန်းစစ်စာမေးပွဲတွင် ဆုရရှိသူတစ်ဦးကို ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

သန့်စင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဆိုင်းဘုတ်တင်ပွဲ

ရမ်းဗြဲ အောက်တိုဘာ ၁၆

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရမ်းဗြဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို စက်တင်ဘာ ၃၀ ရက် နံနက် ၈ နာရီခွဲက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးထွန်းခင်က ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

(၁၅၇)

ပြည်တွင်းသတင်း



နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် တပ်ကုန်းမြို့ ငွေတောင်ပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တပညာသိရီ(အဘိဇဓ မဟာရဋ္ဌဂုရု)ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် နေပြည်တော်ကောင်စီ၊ တပ်ကုန်းမြို့၊ ကြို့ကြာအင်းရွာ ခမည်းတော် ဦးမင်းကျော်၊ မယ်တော် ဒေါ်တုတ်တို့မှ ၁၂၈၆ ခုနှစ်၊ ပြာသိုလပြည့်၊ ကြာသပတေးနေ့တွင် ဖွားမြင်တော်မူခဲ့ပါသည်။

ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း

ဆရာတော် လောင်းလျာသည် ၁၃၀၁ ခုနှစ်တွင် ညောင်လွန့်တောရကျောင်းတိုက်၊ တိုက်ကြပ်ဆရာတော် ဦးဥတ္တမကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူပြီး၊ ၁၃၀၅ ခုနှစ်တွင် တပ်ကုန်းမြို့၊ ငွေတောင်ကျောင်းတိုက် ဒုတိယမြောက်ဆရာတော် ဘဒ္ဒန္တလက်ာရကို ဥပဇ္ဈာယ်ပြု၍ ယင်းကျောင်းခဏ္ဍာသိမ်၌ဦးအောင်ဘ၊ ဒေါ်မိကြီး၊ သမီး ဒေါ်ရွှေခိုင်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း

ဆရာတော် လောင်းလျာသည် တပ်ကုန်းမြို့နယ်၊ ကြို့ကြာအင်းရွာ၊ ညောင်လွန့်တောရကျောင်းတိုက်၊ ဦးဥတ္တမ၊ တပ်ကုန်းမြို့၊ ငွေတောင်တောရကျောင်းဆရာတော် ဦးလက်ာရ၊ ဦးသောမန၊ မန္တလေးတိုင်းဒေသကြီး၊ အမရပူရ(တောင်မြို့)၊ မိုးကုတ်ဆရာတော် ဦးဝိမလ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ သပြေပင်တောရ၊ ဦးကေဝလာဘိဝံသစသော ဆရာတော်များထံ လောကုတ္တရာအခြေခံပရိယတ္တိစာပေများ၊ အဘိဓမ္မာညဝါဆည်းပူးခြင်း၊ ပရိယတ္တိစာပေများ လေ့လာဆည်းပူးခဲ့ပါသည်။

သာသနာ့တာဝန် ထမ်းဆောင်တော်မူခြင်း

၁၃၀၅ ခုနှစ်တွင်၊ တပ်ကုန်းမြို့၊ ငွေတောင်တောရ ကျောင်းတိုက်၌ စာချတာဝန်ကိုလည်းကောင်း၊ ၁၃၂၀ ခုနှစ်တွင် ငွေတောင်တောရကျောင်း၌ နာယကအဖွဲ့ဝင် တာဝန်ကို လည်းကောင်း၊ ၁၃၄၂ ခုနှစ်တွင် တပ်ကုန်းမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ တာဝန်ကိုလည်းကောင်း၊ ၁၃၅၇ ခုနှစ်တွင် စတုတ္ထမြောက် ကျောင်းတိုက်ပဓာန နာယကတာဝန်နှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် တာဝန်တို့ကို ဆောင်ရွက်တော်မူခဲ့ပါသည်။

ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း

၁၃၅၉ ခုနှစ်တွင် နိုင်ငံတော်အစိုးရက “အဂ္ဂမဟာပဏ္ဍိတ” ဘွဲ့တံဆိပ်တော်နှင့် ၂၀၁၀ ခုနှစ်တွင် “အဘိဇဓမဟာရဋ္ဌဂုရု” ဘွဲ့တံဆိပ်တော်မြတ်တို့ကို အလှူခံရရှိတော်မူခဲ့ပါသည်။

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သက်တော် ၈၉ နှစ်၊ သိက္ခာ ၆၉ ဝါအရတွင် ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်၊(၁၅-၁၀-၂၀၁၃)အင်္ဂါနေ့၊ နံနက် ၁ နာရီ မိနစ် ၂၀ အချိန်တွင် ငွေတောင်တောရ ပရိယတ္တိစာသင်တိုက်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

တပ်ကုန်းမြို့ ငွေတောင်ပရိယတ္တိစာသင်တိုက်ဦးစီးပဓာန နာယကဆရာတော် ဘဝနတ်ထံပျံလွန်

နေပြည်တော် အောက်တိုဘာ ၁၅

နေပြည်တော်၊ တပ်ကုန်းမြို့ ငွေတောင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက၊ သက်တော် ၈၉ နှစ်၊ သိက္ခာတော် ၆၉ ဝါရှိ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ဘဒ္ဒန္တပညာသိရီ (အဘိဇဓမဟာရဋ္ဌဂုရု) မဟာထေရ်မြတ်သည် ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်၊ (၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်) အင်္ဂါနေ့ နံနက် ၁ နာရီ မိနစ် ၂၀ တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၆-၁၀-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၈၀၅၀၀-၆၉၀၅၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၇၉၀၀၀-၆၃၉၀၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၆၈-၉၇၈	ကျပ်
ဥရောပ	တစ်ယူရို	၁၃၀၃-၁၃၂၅	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၀-၇၈၀	ကျပ်
ထိုင်း	တစ်ဘတ်	၃၁-၃၁. ၇	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅. ၈-၁၆	ကျပ်
တရုတ်	တစ်ယွမ်	၁၅၉-၁၆၅	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၉-၃၀၅	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ခါတ်ဆီ	တစ်လီတာ	၈၂၀ ကျပ်
ဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၀၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၇၀၀-၄၈၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၅၀၀-၃၇၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၃၉၀၀-၆၅၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၅၀၀၀-၇၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၁၀၀၀-၂၇၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၈၀၀၀-၂၄၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၀။အမဲ	တစ်ပိဿာ	၄၅၀၀-၇၀၀၀	ကျပ်
၁၁။ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

စာအုပ်စာပေဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေးပွဲနှင့် စာအုပ်ဈေးပွဲတော်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၆

မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက ကြီးမှူးကျင်းပသည့် မြန်မာရသစာပေဝတ္ထုရှည်၊ ဝတ္ထုတို၊ ကဗျာ(ဂန္ထဝင်ကဗျာ/ခေတ်ပေါ်ကဗျာ)၊အက်ဆေး၊ ဘာသာပြန်အက်ဆေးစာပေနှင့် စာပေထုတ်ဝေရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို အမှတ် ၂၉ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ရှိ (UMF-CCI) မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ချုပ်ခန်းမတွင် အောက်တိုဘာ ၂၀ရက်မှ ၂၂ ရက်အထိ သုံးရက်တိုင်တိုင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅နာရီအထိကျင်းပသွားမည်ဖြစ်သည်။ အလုပ်ရုံဆွေးနွေးပွဲ၌ စာပေပညာရှင် ၃၀ ကျော်ကကဏ္ဍအလိုက် ဆွေးနွေးဟောပြောကြမည်ဖြစ်ပြီးစာအုပ်တိုက်ပေါင်း ၅၀ ကျော်၏ စာအုပ်ဈေးရောင်းပွဲတော်ပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်ရာ စာရေးဆရာများ၊ ထုတ်ဝေ/ဖြန့်ချိသူများ၊ စာပေလောကသားများနှင့် စိတ်ပါဝင်စားသူမည်သူမဆို အခမဲ့တက်ရောက်နိုင်ကြောင်းမြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းကဖိတ်ခေါ်ထားသည်။

(မြန်မာ့အလင်း)

ပိုလ်တထောင်စေတီ သီတင်းကျွတ်လပြည့်နေ့ တရားပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်တွင် သီတင်းကျွတ်လပြည့် အောက်တိုဘာ ၁၉ ရက်၌ နံနက် ၉ နာရီ၊ မွန်းလွဲ ၁၂ နာရီခွဲနှင့် ညနေ ၃ နာရီတို့တွင် စေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သား စုပေါင်းဓမ္မာရုံ၌ ဥပုသ်နေ့ သီလပေးတရားတော်များ ဟောကြားတော်မူမည် ဖြစ်ကြောင်း သိရသည်။

ခင်ချိုဝင်း

ကြော်ငြာဆိုင်းဘုတ် လုပ်ငန်းရှင်များအား အသိပေးခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်အားသန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် ကြော်ငြာ ဆိုင်းဘုတ်များကိုလည်း စနစ်တကျချိတ်ဆွဲထားရှိစေရန် (၈-၃-၂၀၁၃)မှ(၁၀-၃-၂၀၁၃) ရက်နေ့အထိ သတင်းစာများတွင် ကြော်ငြာခေါ်ယူ၍ (၁၆-၅-၂၀၁၃)ရက်နေ့တွင် ဆိုင်းဘုတ်များအား မံနီကျ် နေရာချထား ခွင့်ပြုပေးခဲ့ပါသည်။

အဆိုပါ ဆိုင်းဘုတ်ချိတ်ဆွဲခွင့်ရရှိခဲ့သော လုပ်ငန်းရှင်များအား ဌာနသို့ လာရောက်ဆက်သွယ်ရန် စာတိုက်မှတဆင့် အကြောင်းကြားစာများပေးပို့ခြင်း၊ ဖုန်းဖြင့်ဆက်သွယ်၍အသိပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ အကြိမ်ကြိမ် အကြောင်းကြားဆက်သွယ်ခဲ့သော်လည်း လုပ်ငန်းရှင်အချို့သည် ယနေ့အချိန်ထိ လာရောက် ဆက်သွယ်ဆောင်ရွက်ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

သို့ပါ၍ အဆိုပါလုပ်ငန်းရှင်များသည် မိမိရရှိထားသည့် ဆိုင်းဘုတ်များအား ရယူလုပ်ကိုင်လိုခြင်း ရှိ/မရှိကို ၂၀၁၃ခုနှစ် အောက်တိုဘာလ(၃၁)ရက်အတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာန၊ လုပ်ငန်းရေးရာဌာနခွဲ၊ ကြော်ငြာဌာနစိတ်သို့ ဆက်သွယ်၍စာဖြင့် အကြောင်းပြန်ကြားပေးရန်ဖြစ်ပါသည်။

သတ်မှတ်ရက်အတွင်း ဆက်သွယ်အကြောင်းပြန်ကြားခြင်းမရှိပါက အဆိုပါဆိုင်းဘုတ်အား ရယူလုပ်ကိုင် လိုခြင်း မရှိဟုယူဆ၍ နေရာချထားပြီးသည့် ဆိုင်းဘုတ်လုပ်ကိုင်ခွင့်အား ပြန်လည်သိမ်းယူ စီမံခန့်ခွဲသွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

စီမံရေးရာဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံးကြောင်း

ကျွန်တော် အောင်နှင်းကို၏ (4 Ticket) No. 29285/12 လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၄၂၀၀၂၉၇၀၅

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့၊ရပ်ကွက်(၅)၊ဗိုလ်ချုပ်လမ်း၊အမှတ်(၆၀)နေ(ဦးမောင်ငယ်)၃/ကဆက(နိုင်)၀၀၄၂၆၅-ဒေါ်အေးတင် ၃/ကဆက(နိုင်) ၀၁၈၀၉၄ (ဝေဝေစတိုး)တို့၏ သမီး မနှင်းဝေလွင် ၃/ကဆက(နိုင်) ၀၁၂၂၇၆ သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိဆန္ဒအလျောက်ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။

နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှကို လုံး၀ (လုံး၀)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဒေါ်အေးတင်

ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
စစ်ကိုင်းမြို့နယ်တရားမရုံးတော်၌
၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၉ နှင့်ဆက်သွယ်သည့်
၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၄၀

ဦးစန်းဝင်း ပါ-၃	**နှင့်**	**၁။ ဦးမျိုးထွန်း** **၂။ ဒေါ်သန်းသန်းမြင့်**
ဒီကရီအနိုင်ရသူများ		**တရားရှုံးများ**

ဦးမျိုးထွန်း(မြတ်ရွှေရည်ရွှေဆိုင်)ပန်းဘဲတန်းရပ်၊ စစ်ကိုင်းမြို့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၉တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်များကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခု ခုရှိလျှင် ပြသ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြသချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၈ ရက် (၁၃၇၅ခုနှစ် သီတင်းကျွတ်လဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၁ နာရီတွင် ဤရုံးရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် အောက်တိုဘာ ၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းမောင်)
မြို့နယ်တရားသူကြီး
စစ်ကိုင်းမြို့နယ်တရားရုံး

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၆၅၄/၆၆၆)၊ ကုန်သည်လမ်း၊ (၂၈)လမ်းနှင့် ရွှေဘုံသာလမ်းကြား အဆောက်အအုံနှင့် ပတ်သက်၍ လက်ရှိနေထိုင်အသုံးပြုသူများနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၅စီ^၁)၊ မြေကွက် အမှတ် (Eastern ½ of I.6 and Western ½ of I.6)၊ အကျယ်အဝန်းပေ(၁၁၅×၁၀၀) မြေပေါ်ရှိ အထက်ဖော်ပြပါ အဆောက်အအုံအား အမည်ပေါက် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ နေထိုင်အသုံးပြုထားသူများအား အဆောက်အအုံ၏အထပ်လိုက် စိစစ်ဆောင်ရွက်ရန်ရှိပါသဖြင့် နေထိုင်အသုံးပြုထားသူများနှင့် သက်ဆိုင်သူများသည် အသုံးပြုခွင့်ရရှိသည့် ခိုင်လုံသော အထောက်အထားမူရင်းများနှင့်အတူ ၂၃-၁၀-၂၀၁၃ ရက် နောက်ဆုံးထား၍ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ (ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်နှင့် ၎င်းသတ်မှတ်ရက်ထက်ကျော်လွန်ပါက လက်ခံစဉ်းစားမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ပြည်တွင်းသတင်းနှင့် ဆောင်းပါး



ရက်ပေါင်း ၅၄ ရက်သာလိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်ဆင်နွှဲ

မြန်မာဒိုင်ဗင်အားကစားလူငယ်များ ဆီးဂိမ်းတွင် အတွေ့အကြုံကောင်းများရယူနိုင်မည်

နေပြည်တော် အောက်တိုဘာ ၁၆

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (ဆီးဂိမ်း)တွင် ဒိုင်ဗင်အားကစားအနေဖြင့် ဆုမျှော်မှန်းနိုင်မှုအားနည်းသော်လည်း အနာဂတ်မျိုးဆက်သစ်များအတွက် အတွေ့အကြုံကောင်းတစ်ခု ရယူသွားနိုင်လိမ့်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရေကူးအားကစားအဖွဲ့ချုပ် အတွင်းရေးမှူးက ပြောကြားသည်။

"ကျွန်တော်တို့အနေနဲ့ ဒီအားကစားနည်းအနေနဲ့ ခါးဆက်ပြတ်နေတဲ့ သဘောရှိပါတယ်၊ ပြိုင်ပွဲမှာ ပါဝင်မယ့် မြန်မာ Player တွေ အနေနဲ့ အတော်ငယ်သေးတယ်၊ ခုမှ ၁၂ နှစ်၊ ၁၃ နှစ်လောက်တွေပဲ ရှိနေသေးတယ်၊ တကယ့် ဆီးဂိမ်းပြိုင်ပွဲဝင်မယ့် အခြားနိုင်ငံက အားကစားသမားတွေနဲ့ ယှဉ်လိုက်ရင်ငယ်သေးတယ်။ အသက် ၂၀ ကျော်ဆိုလို့ မြန်မာဒိုင်ဗင်သမားက နှစ်ဦး၊ သုံးဦးလောက်ပဲရှိတယ်။ ဒီပြိုင်ပွဲမှာ ဆုတော့ မမျှော်မှန်းနိုင်ပါဘူး။ ဒီထဲမှာ မလေးရှားကတော့ အတော်ကောင်းပါတယ်၊ ဒါပေမယ့် မြန်မာ ဒိုင်ဗင် လူငယ်တွေအနေနဲ့ ဒီပြိုင်ပွဲက တစ်ဆင့် အတွေ့အကြုံကောင်းတွေရယူပြီး အနာဂတ်အတွက် အောင်မြင်မှုတွေရအောင် ကြိုးစားသွားနိုင်မှာဖြစ်ပါတယ်"ဟု ဦးမျိုးဝဏ္ဏထွန်းက ပြောကြားသည်။

လာမည့် ဆီးဂိမ်းပြိုင်ပွဲကြီးတွင် ဒိုင်ဗင်ပြိုင်ပွဲများကို နေပြည်တော် ဝဏ္ဏသိဒ္ဓိရေကူးကန်ရှိ ဒိုင်ဗင်ဘုတ်တွင် ဒီဇင်ဘာ ၁၈ ရက်မှ ၂၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲ၌ အမျိုးသားပြိုင်ပွဲ လေးမျိုးနှင့် အမျိုးသမီးပြိုင်ပွဲလေးမျိုး စုစုပေါင်း ရှစ်မျိုးတွင် ရွှေတံဆိပ်ဆု ရှစ်ဆု ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲ၌ ဆုရနိုင်ခြေရှိသည့်နိုင်ငံများတွင် မလေးရှားနှင့် စင်ကာပူတို့ပါဝင်ကြောင်း သိရသည်။

ကြည့်ရှု

အဆိုပါ ဒိုင်ဗင်ပြိုင်ပွဲနေရာသည် ရေကူးပြိုင်ပွဲများ ကျင်းပမည့် ဝဏ္ဏသိဒ္ဓိရေကူးကန်နှင့် တစ်ဆက်တည်း တည်ဆောက်ထားသည်။ ပြိုင်ပွဲလာ ပရိသတ်များအနေဖြင့် ပြိုင်ပွဲခန်းမကြီးအတွင်း လေအေးပေးစက်ကြီးများ ပေးထားမည်ဖြစ်၍ အဆင့်မြင့်မားစွာ ကြည့်ရှုနိုင်ကြမည်ဖြစ်သည်။

မောင်ရွှေရိုး

ဝဏ္ဏသိဒ္ဓိ ဒိုင်ဗင်ပြိုင်ပွဲ ကျင်းပမည့်နေရာကို တွေ့ရစဉ်။

ဂျူဒိုပြိုင်ပွဲဝင်အသင်းများအား ကြိုဆို

နေပြည်တော် အောက်တိုဘာ ၁၆

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို ဂျူဒိုပြိုင်ပွဲကို အောက်တိုဘာ ၁၇ ရက်နှင့် ၁၈ရက်တို့တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ လာအို၊ ဖိလစ်ပိုင် ငါးနိုင်ငံဖြင့် ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းများကို ကြီးကြပ်ရန် အာရှဂျူဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ အရှေ့တောင်အာရှ ဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ Mr. Hassabodim သည် အောက်တိုဘာ ၁၄ ရက် ည ၇ နာရီတွင် ထိုင်း၊ လာအို၊ ပြိုင်ပွဲဝင်အသင်းများနှင့် အတူ နေပြည်တော်လေဆိပ်သို့ ရောက်ရှိလာရာ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် အမှုဆောင်အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

အောက်တိုဘာ ၁၄ ရက်က ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အားကစားကွင်းကြီး၌ ကျင်းပသည့် တောင်ငူမြို့နယ် အုပ်ချုပ်ရေးမှူး ဖလား ရပ်ကွက်နှင့် ကျေးရွာအုပ်စု ဘောလုံးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲတွင် အနိုင်ရ ဗိုလ်စွဲသွားသည့် အမှတ် ၁၁၊ ၁၂၊ ၁၃ ရပ်ကွက် ဘောလုံးအသင်းအား တံခွန်စိုက်ဆုကို တောင်ငူမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်း ပေးအပ်ချီးမြှင့်စဉ်။

ကျော်လှ(တောင်ငူ)

ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၁၊ မြေကွက်အမှတ် ၂၇၀၊ မြေဧရိယာ ပေ (၄၀×၆၀)အကျယ်အဝန်းရှိ ပါမစ်မြေမြေကွက်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးကြည်သိန်း ၁၂/တမန(နိုင်)၀၁၇၀၅၇ထံမှ အစဉ်အဆက်စာချုပ်များအရ ဝယ်ယူပိုင်ဆိုင်ထားသည့်မြေကွက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၁၊ မြေကွက်အမှတ် ၂၇၁၊ မြေဧရိယာ ပေ (၄၀×၆၀)အကျယ်အဝန်းရှိ ပါမစ်မြေမြေကွက်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးသိန်းလှ ၁၂/ပဇတ(နိုင်)၀၀၃၇၆၈ ကွယ်လွန်သွားသည့်အတွက် ၎င်း၏အမွေဆက်ခံပိုင်ဆိုင်သူ သား ဦးတင်ဟန် ၁၂/ပဇတ(နိုင်)၀၀၃၇၆၉နှင့်သမီး ဒေါ်အေးအေးကြိုင် ၁၂/ပဇတ(နိုင်)၀၀၃၇၇၀တို့ထံမှ အစဉ်အဆက်စာချုပ်များအရ ဝယ်ယူပိုင်ဆိုင်ထားသည့်မြေကွက်နှစ်ကွက်ကို ဦးဟုန်ကွယ်ချင်း ၁၃/လရန(နိုင်)၁၁၈၇၂၅၈ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှစ်ကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ LL.B — **တရားလွှတ်တော်ရှေ့နေ (၄၃၇၃)**

ဒေါ်လှလှခိုင် LL.B — **တရားလွှတ်တော်ရှေ့နေ (၅၄၁၀)**

အမှတ် (၉/၁၁)၊ အခန်းအမှတ် (၂၀၁A)၊ ဒုတိယထပ်၊ ၃၆လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ်အဆင့်မြင့်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ် ၁၁၇၆+၁၁၇၇၊ မြေအကျယ်အဝန်း အလျား ပေ ၆၀× အနံ ပေ ၅၀ ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယခုအခေါ် ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၅)ရပ်ကွက်၊ မြရိပ်ညို ၇လမ်း၊ အမှတ် ၁၁၇၆+၁၁၇၇ ဟုခေါ်တွင်သည့် မြေကွက်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ကြည်ကြည်အုန်း ၁၂/ဗတထ(နိုင်)၀၂၃၁၂၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏ စရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

ဒေါ်မြလဲ့ဝင်း (LL.B,D.B.L) **အထက်တန်းရှေ့နေ**

အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ ၂ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

Fax ၀၁-၉၆၆၉၀၀၄၊ ဖုန်း-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်အတွင်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါဌာနများမှ လုပ်ငန်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

(က) ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၁) ကတ္တရာ	၂/၀	မိုင်/ဖာလုံ
(၂) မြေသားလမ်းသစ်	၁၆၉/၄	မိုင်/ဖာလုံ
(၃) ၁၈ပေ အကျယ်မြေသားလမ်းတိုးချဲ့ခြင်း	၉၃/၀	မိုင်/ဖာလုံ
(၄) ဘေလီသံဘောင်တံတား	၇၅	ပေ
(၅) မြေသားရေကန်	၁	ကန်
(၆) ဂါလန် (၁၀၀၀၀)ဆံ့ အုတ်ရေကန်	၄	ကန်
(၇) စိမ့်စမ်းရေသွယ်	၃၀	လုပ်ငန်း
(၈) နေရောင်ခြည်စွမ်းအင်	၆၃၉	လုပ်ငန်း

(ခ) ပြည်နယ်နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၁) မြေသားလမ်းသစ်	၈၃/၀	မိုင်/ဖာလုံ
(၂) ကျောက်လမ်း	၂၆/၀	မိုင်/ဖာလုံ
(၃) စိမ့်စမ်းရေသွယ်	၉	လုပ်ငန်း
(၄) နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာ	၉	လုံး

(ဂ) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့

(၁) မြေသားလမ်း	၄၉	မိုင်/ဖာလုံ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁၀-၁၀-၂၀၁၃ရက်တွင် စတင်ရောင်းချမည်ဖြစ်ပြီး ၃၁-၁၀-၂၀၁၃ ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို ရောင်းချမည့်လိပ်စာနှင့် တင်ဒါတင်သွင်းရမည့်လိပ်စာမှာ တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၊ ဟားခါး-ဂန့်ဂေါလမ်း၊ ပြည်တော်သာရပ်ကွက်၊ ဟားခါးမြို့ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၀-၂၁၃၂၅၊ ၀၉-၂၄၅၀၃၈၅၊ ၀၉-၆၅၀၀၁၄၅၊ ၀၉-၂၄၅၀၀၂၁၊ ၀၉-၄၇၁၇၀၀၉တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

အများသိစေရန်ကြေညာခြင်း

ဦးမောင်မောင်နိုင် ၁၁/စတန(နိုင်)၀၄၈၈၂၁နှင့် ဒေါ်သိန်းမြ ၁၂/ကမရ(နိုင်)၀၄၁၈၇၇ တို့၏ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ဉာဏရပ်ကွက်၊ ၄ဝါလမ်းဟုခေါ်တွင်သော လူနေရပ်ကွက်၇၅ပေါင်းငူဉာဏ၊ မြေတိုင်းရပ်ကွက် ၅၃၂/ဘီ/၅၊မြေကွက်အမှတ် ၂၉၅/က၊ အလျားပေ၊ ၇၄.၆ အနံပေ ၁၄၀/၁၃၇ ခန့်ကို ဦးမောင်မောင်နိုင်သည် မူလပိုင်ရှင် ဦးလှထွန်းဖြူ ၁၂/ဥကတ(နိုင်)၀၂၅၅၀၁ထံမှ ဝယ်ယူပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် နှစ် ၆၀မြေငှားစာချုပ်ချုပ်ဆို၍လည်းကောင်း။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ဉာဏရပ်ကွက်၊ ၄ဝါလမ်းဟု ခေါ်တွင်သော လူနေရပ်ကွက် ပေါင်းငူဉာဏ၊ မြေတိုင်းရပ်ကွက် ၅၃၂/ဘီ/၅၊ မြေကွက်အမှတ်(၂၉၅/ခ)၊ အလျားပေ ၇၅/၇၄.၆ ပေ၊ အနံ ၁၃၇/၁၃၅ ပေမြေကွက်ကို ဒေါ်သိန်းမြက မူလပိုင်ရှင်ဦးလှထွန်းဖြူ ၁၂/ဥကတ(နိုင်)၀၂၅၅၀၁ထံမှ ဝယ်ယူပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် နှစ် ၆၀မြေငှားစာချုပ်ချုပ်ဆို၍လည်းကောင်း လက်ရှိထားပြီး အုတ်တိုင်၊ သံဆူးကြိုးတို့ဖြင့် ခြံစည်းရိုးပိုင်းခြားသတ်မှတ်ကာရံထားကြပါသည်။

သို့ပါ၍ မည်သူမဆို အချင်းဖြစ်ဝင်းခြံအတွင်းသို့ ကျူးကျော်ဝင်ရောက်ခြင်း၊ ခြံစည်းရိုးကိုဖျက်ဆီးခြင်း၊ ခြံစည်းရိုးတွင်ခတ်ထားသောသော့ကို ဖျက်ဆီးခြင်း နှင့် လက်ရှိထားသူများနစ်နာစေရန်တစ်နည်းနည်းဖြင့် တစ်စုံတစ်ရာပြုပါက ဥပဒေအရအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၁။ ဦးမောင်မောင်နိုင် ၂။ ဒေါ်သိန်းမြတို့၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသိန်းရွှေ B.A,H.G.P,R.L

တရားလွှတ်တော်ရှေ့နေ(စဉ်-၅၂၆၈)

အမှတ်(၄၅၂)၊ သုတ ၂ လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၅၁၈၄၈၉၃

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ အမှတ် ၁၉၊ မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ ခြောက်ထပ်တိုက် အဆောက်အအုံနှင့်အတူ ပတ်သက်ဆက်နွှယ်သော အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် ပတ်သက်၍ အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ လူနေရပ်ကွက်အမှတ် ကမာရွတ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁၊ မြေကွက်အမှတ် ၈၄၊ ဧရိယာ ၀ ဒသမ ၀၅၁၈ဧကအကျယ်အဝန်းရှိ ဂရန်မြေကွက်ဟုခေါ်တွင်သော ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ ခြောက်ထပ်တိုက် အိမ်အဆောက်အအုံနှင့်အတူ ပတ်သက်ဆက်နွှယ်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြေကွက်အမည်ပေါက်ပိုင်ရှင် ဒေါ်ပြုံးရီ ၁၂/ပဘတ(နိုင်)၀၂၂၁၈၂၏ တရားဝင်သဘောတူခွင့်ပြုချက်မရဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းစွန့်လွှတ်လှူဒါန်းခြင်း၊ အငှားချထားခြင်း၊ အာမခံတင်သွင်းခြင်း၊ မြေပုံမြေရာဇဝင်ကူးယူခြင်း၊ ဂရန်အမည်ပြောင်းလျှောက်ထားခြင်းတို့ကို လုံးဝမပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။

အထက်ဖော်ပြပါမြေကွက်နှင့်နေအိမ်အဆောက်အအုံတို့အား ကျွန်ုပ်မိတ်ဆွေ ဒေါ်ပြုံးရီ၏ တရားဝင်သဘောတူခွင့်ပြုချက်မရဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းစွန့်လွှတ်လှူဒါန်းခြင်း၊ အငှားချထားခြင်း၊ အာမခံတင်သွင်းခြင်း၊မြေပုံမြေရာဇဝင်ကူးယူခြင်း၊ ဂရန်အမည်ပြောင်းလျှောက်ထားခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ခဲ့ပါက တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်သူရ(မြောင်းမြ) **LL.B, A.G.T.I(EP), D.B.L** **D.M.L WIPO(SWITZERLAND)** **တရားလွှတ်တော်ရှေ့နေ(၈၁၀၈)** **ဘဏ်ရှေ့နေနှင့်ဥပဒေအကြံပေး**

ဦးဇေယျာထွန်း(စဉ်-၂၅၇၈၅) **LL.B, WIPO (SWITZERLAND)** **ဦးစိုးလွင်ဦး (စဉ်-၃၇၉၈၁)** **LL.B, WIPO(SWITZERLAND)** **အထက်တန်းရှေ့နေများ**

အမှတ် ၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၃၁၁၆၇၀၈၆၊ ၀၉-၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁



ကြော်ငြာ

SEA Games အထိမ်းအမှတ်လက်ဆောင်ပစ္စည်းများ ပြပွဲပြိုင်ပွဲ ပြုလုပ်ရန်ကြော်ငြာခြင်း

၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလအတွင်း နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ငွေဆောင်ကမ်းခြေတို့တွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲကို ပြည်သူလူထုများ စိတ်ပါဝင်စားလာစေရန်နှင့် ပြိုင်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်းများကို သင့်တင့်သောဈေးနှုန်းဖြင့် ထုတ်လုပ်ရောင်းချ ခွင့်ပြုနိုင်ရေးအတွက် SEA Games အထိမ်းအမှတ်လက်ဆောင်ပစ္စည်းများ ပြပွဲပြိုင်ပွဲကို ရန်ကုန်မြို့၊ သိမ်ဖြူအားကစားခန်းမအတွင်း ၂၀၁၃ခုနှစ်၊ အောက်တိုဘာလ (၂၇)ရက်နေ့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

ပြိုင်ပွဲသို့ ဝင်ရောက်ပြသယှဉ်ပြိုင်လိုသူများအနေဖြင့် မိမိတို့ပြသယှဉ်ပြိုင်လိုသော ပြိုင်ပွဲအထိမ်းအမှတ် Logo နှင့် Mascot အရုပ်များပါဝင်သည့် အထိမ်းအမှတ်လက်ဆောင်ပစ္စည်းတစ်မျိုးလျှင် နမူနာ(၁၀)ခုစီကို ရန်ကုန်မြို့၊ ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏသို့ (၂၅-၁၀-၂၀၁၃)ရက်နေ့ နောက်ဆုံးထား၍ ရုံးချိန်အတွင်း ကိုယ်တိုင်ပေးပို့အပ်နှံသွားကြရန်နှင့် အောက်ပါ အချက်အလက်များ တစ်ပါတည်းတင်ပြကြရန်ဖြစ်ပါသည်-

(က) ကိုယ်တိုင်ထုတ်လုပ်သည့်ပစ္စည်းဖြစ်ကြောင်း ဝန်ခံကတိပြုချက်

(ခ) ရောင်းချမည့်ပစ္စည်းဈေးနှုန်း

(ဂ) (၂၅-၁၁-၂၀၁၃)ရက်မတိုင်မီ ထုတ်လုပ်နိုင်မည့်အရေအတွက်

ရွေးချယ်ခံရသော အထိမ်းအမှတ်ပစ္စည်းများအား အများပြည်သူဝယ်ယူနိုင်ရေးအတွက် ထုတ်လုပ်ရောင်းချခွင့် တရားဝင်ခွင့်ပြုလက်မှတ်ထုတ်ပေးသွားမည်ဖြစ်ပြီး ပြိုင်ပွဲကျင်းပမည့်အားကစားကွင်း/ရုံများနှင့် အားကစားရွာတို့အပြင် တစ်ပြည်လုံးတွင် ရောင်းချခွင့်ပေးသွားမည်ဖြစ်ပါသည်။

ပြိုင်ပွဲအထိမ်းအမှတ်ပစ္စည်းပြပွဲပြိုင်ပွဲတွင် ပါဝင်ပြသလိုသူများအနေဖြင့် အသေးစိတ်သိရှိလိုပါက ဦးမိုးဇော်ထွတ်၊ ညွှန်ကြားရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော်၊ ဖုန်း(၀၉-၅၂၆၁၃၁၈၊ ၀၆၇-၄၀၆၂၃၈)နှင့် ဒေါ်စောနှင်းထွေး၊ လ/ထအင်ဂျင်နီယာ၊ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၊ ရန်ကုန်မြို့၊ ဖုန်း(၀၉-၅၆၈၀၁၂၁၊ ၀၁-၅၇၇၃၈၀)တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကာလအတွင်း ကုန်ပစ္စည်းကြော်ငြာများဖိတ်ခေါ်ခြင်း

၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလအတွင်း နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ငွေဆောင်ကမ်းခြေတို့တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ပြည်သူလူထုများ စိတ်ပါဝင်စားလာစေရန်နှင့် ပြိုင်ပွဲကျင်းပမည့် အားကစားကွင်း/ရုံများ၊ အားကစားရွာနှင့် မြို့တွင်းလမ်းများ၊ အဝိုင်းများတွင် လှပနေစေရေးအတွက် ပြိုင်ပွဲအထိမ်းအမှတ် Logo နှင့် Mascot အရုပ်များပါဝင်သည့် ကုန်ပစ္စည်းကြော်ငြာဘုတ်များ၊ ပိုစတာများ၊ Aဘုတ်များ၊ Banner များစသည်တို့ကို ကြော်ငြာခွင့်စိစစ်ခွင့်ပြုသွားမည်ဖြစ်ပါသည်။

စိတ်ပါဝင်စားလိုသူများအနေဖြင့် ပြိုင်ပွဲအထိမ်းအမှတ် Logo နှင့် Mascot အရုပ်များပါဝင်သည့် မိမိတို့ကြော်ငြာလိုသော ကုန်ပစ္စည်းကြော်ငြာနမူနာများနှင့် Soft Copy ကို အောက်ပါအချက်အလက်များနှင့်အတူ အားကစားဝန်ကြီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော်နှင့် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)(သုဝဏ္ဏ)၊ ရန်ကုန်မြို့တို့သို့ (၂၇-၁၀-၂၀၁၃)ရက်နေ့ နောက်ဆုံးထား၍ ပေးပို့သွားကြရန်ဖြစ်ပါသည်-

(က) မိမိကုမ္ပဏီနှင့် သက်ဆိုင်သော ကြော်ငြာဖြစ်ကြောင်းဝန်ခံချက်

(ခ) ကြော်ငြာလိုသည့် အရေအတွက်

တင်ပြလာသည့်ကြော်ငြာများအား ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီမှ ကြော်ငြာခွင့်ပြုမည့်နေရာနှင့် အရေအတွက်ကို စိစစ်ခွင့်ပြုပေးသွားမည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက ဦးမိုးဇော်ထွတ်၊ ညွှန်ကြားရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော် ဖုန်း(၀၉-၅၂၆၁၃၁၈၊ ၀၆၇-၄၀၆၂၃၈)နှင့် ဒေါ်စောနှင်းထွေး၊ လ/ထအင်ဂျင်နီယာ၊ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)(သုဝဏ္ဏ)၊ ရန်ကုန်မြို့ ဖုန်း(၀၉-၅၆၈၀၁၂၁၊ ၀၁-၅၇၇၃၈၀) တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ

ဗုဒ္ဓမြတ်စွယ်တော်ကိန်းဝပ်စံပယ်မည့် ဂန္ဓကုဋိတိုက် တည်ဆောက်ရန် ရတနာပန္နက်တော်တင်နှင့် တွင်းတော်ဝန်း မဟာမင်္ဂလာအခမ်းအနားကျင်းပ

လှိုင်ကော် အောက်တိုဘာ ၁၆

ကယားပြည်နယ် လှိုင်ကော်မြို့ မြို့နာမ်ရွှေစေတီတော်ဝင်း အတွင်း၌ ဗုဒ္ဓမြတ်စွယ်တော်ကိန်းဝပ်စံပယ်တော်မူရန် ဂန္ဓကုဋိတိုက် တည်ဆောက်ရန်အတွက် ရတနာပန္နက်တော်တင်နှင့် တွင်းတော်ဝန်းမဟာ မင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၁၃ ရက် နံနက် ၈ နာရီက ကျင်းပရာ အခမ်းအနားသို့ ကယားပြည်နယ် အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆက်လက်ပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ မင်းကျောင်းစာသင်တိုက်ကြီး၏ ပဓာနနာယက ဆရာတော်ဘဒ္ဒန္တသေဋ္ဌိလာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)ထံမှကိုးပါးသီလကို ခံယူဆောက်တည်ကြပြီး ကယားပြည်နယ် ဝန်ကြီးချုပ်ဦးခင်မောင်ဦးက ရတနာရွှေပန္နက်၊ ရွှေလက်ရိုက်၊ ရွှေတူရွင်း၊ ရွှေပန္နက်ကြိုးများကိုလည်းကောင်း၊ ဥပသကာတို့က ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ချည်၊ ပရိတ်ကျောက်များကို ဆရာတော်ကြီးများထံသို့ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်ဝန်ကြီးများကဆရာတော်ကြီးထံသို့ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မင်းကျောင်း စာသင်တိုက်ကြီး၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသေဋ္ဌိလာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)ထံမှ ရေစက်သွန်းချ အနုမောဒနာတရားကို နာကြားသည်။ ဥပသကာတို့က ရတနာ ရွှေပန္နက်၊ ရွှေလက်ရိုက်၊ ရွှေတူရွင်း၊ ရွှေပန္နက်ကြိုးများကို ဂန္ဓကုဋိဝတ္ထုကံသို့ပင့်ဆောင်လာပြီး စိုက်ထူပူဇော်ကာပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်ခြင်းများ ပြုလုပ်ကြသည်။

ဆောင်ရွက်ကြ

ဥပသကာတို့က ရွှေတူရွင်းများ ပင့်ဆောင်ကာ တာဝန်ရှိသူများကနဂါးခေါင်းနေရာ၊ နဂါးဝမ်းနေရာ၊ နဂါးအမြီးပိုင်းနေရာများတွင် ရတနာပန္နက်တော်ကျွတ်သည်အထိ တွင်းတော်ဝန်းခြင်းများကို ဆောင်ရွက်ကြကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အခွန်တံဆိပ်ခေါင်းများ အကန့်အသတ်မရှိ ရောင်းချပေးစေချင်

ကျွဲပွဲ အောက်တိုဘာ ၁၆

မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်ဖြင့် ကျင့်သုံးနေသည်ဖြစ်ရာ ရောင်းရေးဝယ်တာကြွေးမြီကိစ္စများ ယှဉ်တွဲပေါ်ပေါက်လျက်ရှိသည်။ ပြည်သူများအတွက် ဥပဒေနှင့်အညီ စာချုပ်စာတမ်းများ ချုပ်ဆိုလုပ်ကိုင်လာစေရန်၊ အကျင့်ကောင်းများလိုက်နာစေရန် အသိပညာပေးရမည်။

ထိုစာချုပ်စာတမ်းများပြုလုပ်ချုပ်ဆိုရန် အခွန်တံဆိပ်ခေါင်းများကို လိုအပ်သည့်အချိန်လိုအပ်သလောက် ဝယ်ယူရရှိစေရန် လိုအပ်သည်။ ဘဏ္ဍာရေးဝန်ကြီးဌာနကတံဆိပ်ခေါင်းများကို လိုအပ်သလောက်ရောင်းချနိုင်ရန် ရိုက်နှိပ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယခုအခါ မြို့နယ်ရုံးများတွင် လိုအပ်သည့် အမျိုးအစားလိုအပ်သလောက် ဝယ်ယူခွင့်မရရှိဘဲ အကန့်အသတ်နှင့်ရောင်းချနေသည်ကိုတွေ့ရသည်။

တံဆိပ်ခေါင်းသည် နိုင်ငံခြားသို့မှောင်ခိုရောင်းချနိုင်သည့် ပစ္စည်းမဟုတ်သည့်အပြင် လိုအပ်သူလုပ်ငန်းလုပ်ကိုင်သူများသာ ဝယ်ယူကြခြင်းဖြစ်ရာ များများရောင်းချရလျှင် နိုင်ငံတော်မှ အခွန်များများရရှိမည်ဖြစ်သည့်အပြင် ပြင်ပတွင် မှောင်ခိုရောင်းဝယ်ခြင်းများလည်း ပပျောက်သွားမည်ဖြစ်သည်။

သို့ပါ၍ မြို့နယ်အခွန်ဦးစီးဌာနရုံးများတွင် အသုံးများသော အခွန်တံဆိပ်ခေါင်းများ၊ တရားစွဲခေါင်းများကို လိုအပ်သလောက်ဝယ်ယူခွင့်ရရှိစေလိုကြောင်း ရှေ့နေများထံမှ သိရသည်။

(၁၁၄)

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

ကျောက်ဖြူမြို့တွင် ဓာတ်အားထုတ်လုပ်မှုနှင့်ဖြန့်ဖြူးပေးမှု

ကျောက်ဖြူမြို့ကို ၁၉၅၄ ခုနှစ်တွင် လစဉ် ၅၅ ကီလိုဝပ် မီးစက်ဖြင့် မီးသုံးသူ ၁၀၄ ဦးအား စတင်ဓာတ်အားပေးခဲ့သည်။တိုးတက်လာသော အိမ်ထောင်စုပေါ်မူတည်၍ မီးစက်များတိုးမြှင့်ဓာတ်အားပေးဆောင်ရွက်ခဲ့ရာ ၂၀၁၂ ခုနှစ်တွင် ၁၀၀၀ ကေဗွီအေ မီးစက်တစ်လုံး၊ ၅၀၀ ကေဗွီအေ မီးစက်တစ်လုံးဖြင့် မီးသုံးသူ ၂၈၀၉ ဦးကို ဓာတ်အားဖြန့်ဖြူးပေးခဲ့သည်။ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ကျောက်ဖြူမြို့ရှိ ဓာတ်အားမရရှိသေးသော ရပ်ကွက်များ ဓာတ်အားပေးနိုင်ရေးအတွက် ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ခြင်း၊ လက်ရှိဓာတ်အားပေးနေသော ရပ်ကွက်များရှိ ဓာတ်အားလိုင်းများ၊ ထရန်စဖော်မာများ အဆင့်မြှင့်တင်ခြင်းများဆောင်ရွက်ခဲ့သည်။ ကျောက်ဖြူမြို့အတွင်းတွင် ယခင်က ထရန်စဖော်မာ ငါးလုံးသာရှိရာမှ ထရန်စဖော်မာ ၁၂ လုံး တိုးချဲ့တည်ဆောက်ခြင်း၊ ၁၁ ကေဗွီဓာတ်အားလိုင်း ၃ ဒသမ ၃၅ မိုင်၊ ၄၀၀ ဗို့လိုင်း ၆ ဒသမ ၄၈မိုင်တိုးချဲ့တည်ဆောက်ခြင်း၊ ၁၁ကေဗွီလိုင်း ၁ ဒသမ ၁၆ မိုင်နှင့် ၄၀၀ ဗို့လိုင်း ၁၀ မိုင်ကို Insulated Wire များဖြင့် တိုးချဲ့တည်ဆောက်ခြင်းများကို ၂၀၁၃ ခုနှစ် မတ်လတွင် အပြီးဆောင်ရွက်ပေးခဲ့ပြီး ၁၀၀၀ ကေဗွီအေ မီးစက်ထပ်မံအင်အားဖြည့်၍ ဓာတ်အားဖြန့်ဖြူးပေးခဲ့သည်။ ယင်းကာလဓာတ်အားပေးမှုတွင် ဌာနက နှစ်နာရီစာ စက်သုံးဆီဖိုး ကျခံပေးပြီး မီးလင်းရေးကော်မတီအစီအစဉ်ဖြင့် တစ်ရက် ၁၇ နာရီ ဓာတ်အားပေးခဲ့သည်။

ကျောက်ဖြူမြို့နှင့်ပတ်ဝန်းကျင်ကျေးရွာများကို ရွှေကမ်းလွန် သဘာဝဓာတ်ငွေ့မှ ထွက်ရှိသော ဓာတ်ငွေ့အသုံးပြုကာ ၂၄ နာရီ ဓာတ်အားပေးနိုင်ရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဆောင်ရွက်ရာတွင် ရှေးဦးစွာ အင်္ဂလန်နိုင်ငံ Aggreko ကုမ္ပဏီထံမှ ၁ ဒသမ ၁ မဂ္ဂါဝပ်၊ ဂက်စ်အင်ဂျင်မီးစက်သုံးလုံးကို ၁၈ လအတွက် US $ ၂ ဒသမ ၂၆သန်းဖြင့် ငှားရမ်းကာ ဓာတ်အားပေးရန်ဆောင်ရွက်ခဲ့သည်။ ဂက်စ်အင်ဂျင်မီးစက်များသည် ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၅ ရက်မှစ၍ ကျောက်ဖြူမြို့ တစ်မြို့လုံးနှင့်ပတ်ဝန်းကျင်ကျေးရွာ ၁၃ ရွာကို စတင်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့သည်။ ဆက်လက်ပြီး ညောင်ဝတီရေတပ်စခန်းနှင့်ပတ်ဝန်းကျင်ကျေးရွာ ခြောက်ရွာကိုလည်း မကြာမီ ဓာတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။ မဒဲကျွန်းပေါ် ကျေးရွာသုံးရွာနှင့် ကျောက်ဖြူပတ်ဝန်းကျင်ကျေးရွာများဖြစ်သည့် ကုလားဘာနှင့်ရွာသစ် ရွာများသည် မိုးရာသီစိုက်ပျိုးကာလတွင် ဓာတ်အားလိုင်းတိုင်များတည်ဆောက်ရန် ခက်ခဲမှုရှိသဖြင့် စပါးစိုက်ပျိုး ရာသီကုန်ဆုံးချိန် ပွင့်လင်းရာသီတွင် ဓာတ်အားလိုင်းများ တည်ဆောက်၍ ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ ဆောင်ရွက်သွားနိုင်ရန် စီစဉ်ထားသည်။

ကျောက်ဖြူမြို့နှင့်ပတ်ဝန်းကျင်ကျေးရွာများအား ဓာတ်အားဖြန့်ဖြူး ပေးနိုင်ရေးအတွက် နိုင်ငံတော်က ကျောက်ဖြူမြို့တွင် ၂၃၀ /၆၆ ကေဗွီ ၁၀၀ ကေဗွီအေ ဓာတ်အားခွဲရုံနှင့် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ၊ ဓာတ်အားခွဲရုံ တည်ဆောက်ပေးခြင်း၊ ၆၆ကေဗွီ ဓာတ်အားလိုင်း ၃၄ မိုင်၊ ၁၁ ကေဗွီလိုင်း ၃၅ ဒသမ ၆ မိုင်၊ ၄၀၀ ဗို့လိုင်း ၅၈ ဒသမ ၄ မိုင်နှင့် ၁၁/ ၀ဒသမ ၄ ကေဗွီ ထရန်စဖော်မာ ၃၈ လုံး တိုးချဲ့တည်ဆောက်ပေးခြင်းတို့အတွက် အမေရိကန်ဒေါ်လာ ၂၄ သန်းကျော်ခန့် ကုန်ကျမည်ဖြစ်သည်။

ကျောက်ဖြူမြို့နှင့်ကျေးရွာများ လူနေမှုစနစ် ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုလုပ်ငန်းများထွန်းကားရေး၊ စီးပွားရေးလုပ်ငန်းများ ထွန်းကားရေးအတွက် ထရန်စဖော်မာများ၊ ပါဝါမီတာများ၊ အိမ်သုံးမီတာများကိုလည်း ခွင့်ပြုတပ်ဆင်ပေးလျက်ရှိသည်။ ကျောက်ဖြူမြို့ စက်မှုလုပ်ငန်းများ၊ တည်းခိုခန်းများ၊ ဟိုတယ်များက ထရန်စဖော်မာများ တပ်ဆင်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ကျောက်ဖြူမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများသည် ဓာတ်အားစနစ်က ဓာတ်အားရရှိသောမြို့၊ ကျေးရွာများနည်းတူ နိုင်ငံတော်က သတ်မှတ်သော ဓာတ်အားခဈေးနှုန်းအတိုင်း ၂၄ နာရီ ဓာတ်အားရရှိလာပြီဖြစ်၍ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ လက်ရှိအချိန် ဂက်စ်အင်ဂျင်များဖြင့် ဓာတ်အားဖြန့်ဖြူးပေးရာ စတင်သုံးစွဲသောကာလတွင် ဓာတ်အားသုံးစွဲမှုမှာ ၉၈၀ ကီလိုဝပ် (၁ မဂ္ဂါဝပ်)ခန့်သာ အသုံးပြုရာမှ တစ်လကျော် ကာလတွင်၁ ဒသမ ၆ မဂ္ဂါဝပ်အထိ တိုးတက်အသုံးပြုလာပြီဖြစ်သည်။ ဂက်စ်အင်ဂျင်စက် သုံးလုံး ထုတ်လုပ်နိုင်မှုသည် ၃ မဂ္ဂါဝပ်ရှိသဖြင့် ပိုလျှံသောဓာတ်အားကို ဓာတ်အားစနစ်နှင့် ချိတ်ဆက်ပို့လွှတ်ရန် ဓာတ်အားလိုင်းများတည်ဆောက်လျက်ရှိသည်။ ထို့အပြင် ကျောက်ဖြူမြို့တွင် ရွှေသဘာဝဓာတ်ငွေ့က ထွက်သော ဓာတ်ငွေ့ကို အသုံးပြုကာ ၅၀ မဂ္ဂါဝပ် ခန့်ထွက်ရှိမည့် Gas Turbine တစ်လုံး တည်ဆောက်ရန်အတွက် ဆောင်ရွက်လျက်ရှိသည်။ ထွက်ရှိလာသော ဓာတ်အားများကို နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ချိတ်ဆက်ပြီး ရခိုင်ပြည်နယ်ရှိ မြို့၊ ကျေးရွာများသို့ ဖြန့်ဖြူးပေးနိုင်ရေးအတွက် မဟာဓာတ်အားလိုင်းများ တည်ဆောက်လျက်ရှိရာ ကျန်ရှိသော ရခိုင်ပြည်နယ်ရှိ မြို့၊ ကျေးရွာများနှင့် ဓာတ်အားစနစ်ရောက်ရှိသော နေရာများက ရယူအသုံးပြုနိုင်မည်ဖြစ်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။

စိန်လှ

ငါးကျမ်းပြန်(ထားဝယ်)သာသနာ့ရိပ်သာ
စုပေါင်းဘုံကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ငါးကျမ်းပြန်(ထားဝယ်)သာသနာ့ရိပ်သာ၏ အကြိမ်(၄၀)မြောက် စုပေါင်းဘုံကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၂၇-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၃ ရပ်ကွက်၌ ကျင်းပမည်ဖြစ်ပါ၍ ဓမ္မမိတ်ဆွေအပေါင်းတို့အား လေးမြတ်စွာဖိတ်ကြားအပ်ပါသည်။

လှူဒါန်းပွဲတွင် ဦးစီးပဓာန နာယကဆရာတော် ဒေါက်တာအရှင်ဓမ္မပိယ(Ph.D၊ ဓမ္မာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ပါမောက္ခ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်)နှင့် နာယကဆရာတော်များ၊ ဝန်ဆောင်ဆရာတော်များ၊ ပင့်သံဃာတော်များနှင့် ကျောင်းတိုက်ရှိ သာမဏေ၊ သီလရှင်များ စုစုပေါင်း အပါး ၂၀၀ တို့အား သင်္ကန်းနှင့် အခြားလှူဖွယ်ပစ္စည်းတို့ကို ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ပါ၍ အခြားလှူဖွယ်ပစ္စည်းများကို အကျိုးဆောင်အဖွဲ့ ဖုန်း-၀၁-၅၇၁၃၁၂၊ ၀၉-၇၃၀၄၄၆၄၀၊ ၀၉-၃၁၂၈၄၀၁၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဂ/၄၃၉၇ Mitsubishi Fuso MS715/ Bus (4× 2)R ယာဉ်လက်ဝယ်ရှိသူ ဦးဇာနည်အောင် ၉/မရမ(နိုင်)၀၀၄၉၀၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

အမြန်ပြန်လာပါ

သမီး ဖူးဖူးဗိုလ်(ခ)အေဖူး အဖေနှင့် အမေတို့ အားလုံးခွင့်လွှတ်သည်။ အမေ နေမကောင်းဖြစ်နေသည်။ အမြန်ပြန်လာပါ။ အဖေနှင့် အမေတို့ စိတ်ပူနေသည်။ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဦးဗိုလ်ဌေး-ဒေါ်ထွေးကြူ
ထိုမာကျေးရွာ၊ ကလေးမြို့
ဖုန်း-၀၉-၄၀၀၃၁၀၀၅၆

ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ဓမ္မာရုံကျောင်း ပရိယတ္တိစာသင်တိုက်၌ စာချ/စာသင် သံဃာတော်အရှင်သူမြတ်များ သီတင်းသုံးရန်အတွက် ပေ(၇၀×၆၇)အကျယ်အဝန်းရှိ ၃½ ကျောင်းဆောင်သစ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီခွင့်ပြုချက်ဖြင့် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ
ဓမ္မာရုံပရိယတ္တိစာသင်တိုက်
ဖုန်း-၀၁-၇၀၈၈၇၄၊ ၀၉-၈၆၃၀၅၁၆

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၄ယ/၂၃၇၃၀၊ V-ANBO-125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှဖေ ၅/ဇနဗ(နိုင်)၀၀၅၃၈၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ပျောက်ဆုံး

ဒေါ်သဇင်ပိုင် ယာဉ်အမှတ် ၆က/၆၆၂၇၏ ပုံစံ(၁) အခွန်စိမ်းစာရွက်မူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၇၆၄၅၇

လှိုင်မြို့နယ်၊ စိတ္တသုခလမ်း၊ မြေကွက်အမှတ် ၁၅၊ ဦးပိုင်အမှတ်(၆၇အ၃)တို့ တရားဝင်လက်ရှိထားပိုင်ရှင်ဖြစ်ကြောင်း
အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၂၅)နေ ဒေါ်ကျင်ထွေး အီးဂျီ-၀၁၁၃၂၂၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ စိတ္တသုခလမ်း၊ မြေကွက်အမှတ် (၁၅)၊ ဦးပိုင်အမှတ်(၆၇အ၃)၊ ဧရိယာပေ(၄၀×၆၀)မှာ ဒေါ်ကျင်ထွေး အီးဂျီ-၀၁၁၃၂၂ အမည်ပေါက်တရားဝင်ပိုင်ဆိုင်သော အိုးအိမ်ဂရန်မြေကွက်ဖြစ်ပါသည်။ ဒေါ်ကျင်ထွေးထံတွင် အဆိုပါမြေကွက်ပိုင်ဆိုင်မှုစာတမ်းမူရင်းများ ရှိပါသည်။

အထက်ပါမြေကွက်အမှတ်(၁၅)၊ ဦးပိုင်အမှတ်(၆၇အ၃) မြေကွက်၏အရှေ့ဘက်ခြမ်းတွင် ၁၀ပေချန်လုပ်၍ ဧရိယာပေ(၃၀×၆၀)တိုက်အိမ်ဆောက်လုပ်ခဲ့ပါသည်။ အဆိုပါတိုက်အိမ်၏ အိမ်အမှတ်မှာ(၂၅)၊ စိတ္တသုခလမ်း ဖြစ်ပါသည်။

သို့ဖြစ်၍အမှတ်(၂၅)၊ စိတ္တသုခလမ်း တိုက်အိမ်နှင့်အရှေ့ဘက်ခြမ်းရှိ ပေ(၁၀×၆၀) အကျယ်ရှိမြေမှာ ဦးပိုင်အမှတ်(၆၇အ၃)၊ မြေကွက်အမှတ်(၁၅)ဖြစ်ပြီး ဒေါ်ကျင်ထွေးပိုင် ဂရန်မြေဖြစ်ပါသည်။

သို့ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သတ်၍ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ အငှားချထားခြင်း၊ ရောင်းချခြင်း၊ ကျူးကျော်ခြင်း၊ အကျိုးဖျက်ဆီးခြင်း၊ အဆောက်အအုံသစ်ဆောက်လုပ်ခြင်း၊ အခြားတစ်ဦးဦးကို တစ်နည်းနည်းဖြင့်အသုံးပြုစေခြင်းများ ပြုလုပ်ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုခြင်း၊ ထိရောက်စွာအရေးယူခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးထက် LL.B,D.B.L — **အထက်တန်းရှေ့နေ (၄၀၈၄၄)**

ဦးခင်ဇော် B.A(Law), LL.B — **တရားလွှတ်တော်ရှေ့နေ (၃၀၀၄)**

အခန်း(၉)၊ တိုက်(၂)၊ နာနတ်တော်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၂၃၀၄၂၂၀၊ အမှတ်(၅၆၉/၁)၊ ၈၃လမ်းနှင့် ၄၄လမ်းထောင့်၊ မန္တလေး၊
ဖုန်း-၀၉-၄၃၀၇၀၆၁၁၊ ၀၉-၄၀၂၆၀၀၀၂၄

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

Voice of Social Change ပညာရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၆

ပိုလန်နိုင်ငံအခြေစိုက် The Other Space Foundation မှ မြန်မာနိုင်ငံအတွင်း၌ ရှိနေသော တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အရပ်ဘက်လူငယ်အဖွဲ့အစည်းများနှင့်တွေ့ဆုံကာပညာရေးနှင့်ပတ်သက်သည့် Voice of Socials Change ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်း (လယ်)ရှိ Pansodan Gallery ၌ အောက်တိုဘာ ၁၀ ရက်မှ ၁၂ရက်ထိ နံနက်၉နာရီမှ ညနေ ၅နာရီအတွင်း သုံးရက်တာပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲအတွင်း ဒေသအသီးသီးမှ မီဒီယာများ တိုးတက်လာစေရန်နှင့်အများပြည်သူများဘက်မှ အချို့မီဒီယာ ဖော်ပြသတင်းများကို မှန်မမှန်ဆင်ခြင်သုံးသပ်လာကြစေရန်အတွက်လည်းကောင်း၊ အများပြည်သူ အခြေပြုပညာရေးစနစ်ကိုလည်းကောင်း၊ အမျိုးသမီးများနှင့်သက်ဆိုင်သော အရည်အချင်းမြှင့်တင်မှု အစီအစဉ်များကိုလည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြကာ ၎င်းအချက်အလက်များကို ဒေသအလိုက် လက်တွေ့ကွင်းဆင်းဆောင်ရွက်သွားကြရန် လူငယ်များမှ အချင်းချင်း သဘောတူညီမှုများရရှိခဲ့ကြသည်။

Voice of Social Change ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲ နောက်ဆုံးရက်၌ လူငယ်များ၏ (Presentations) တင်ပြမှုများကို အခြားနိုင်ငံများမှ ဧည့်သည့်တော်များ တက်ရောက်လေ့လာခဲ့ကြပြီး ပိုလန်နိုင်ငံအခြေစိုက် The Other Space Foundation မှာ ပိုလန်နိုင်ငံအစိုးရ၏ ထောက်ပံ့မှုများဖြင့် ရပ်တည်နေသော အဖွဲ့အစည်းဖြစ်ကြောင်း Foundation မှတာဝန်ရှိ martyna gacek ၏ ပြောပြချက်အရ သိရသည်။ **စိုးဝင်း (S.P)**

တာမွေ ၁၄၇ လမ်း ပိသားစု သီတင်းကျွတ်မီးထွန်းပွဲ ဆင်နွှဲမည်

ရန်ကုန် အောက်တိုဘာ ၁၆

ရန်ကုန်မြို့ တာမွေမြို့နယ် အရိုးကုန်းရပ်ကွက် ၁၄၇ လမ်းမိသားစု၏ ဒုတိယအကြိမ် သီတင်းကျွတ်မီးထွန်းပွဲကို သီတင်းကျွတ်လဆန်း ၁၄ ရက်မှ လပြည့်ကျော် ၁ ရက်(အောက်တိုဘာ ၁၈ ရက်မှ ၂၀ ရက်အထိ) ကျင်းပသွားမည်ဖြစ်သည်။ မီးထွန်းပွဲအကြိုအဖြစ် လမ်းအတွင်းရှိ ယာယီဗုဒ္ဓစံကျောင်းတော်၌ ဗုဒ္ဓဒေသနာတော်ဝတ်ရွတ်စဉ်များကို သီတင်းကျွတ်လဆန်း ၈ ရက် (အောက်တိုဘာ ၁၂ ရက်)ညချမ်းမှ စတင်ကာ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်အထိ ညစဉ်ရွတ်ဆိုပူဇော်ကြမည် ဖြစ်သည်။

သီတင်းကျွတ်လဆန်း ၁၄ ရက် နံနက်ပိုင်းတွင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကို အနေကဇာတင်ခြင်း၊ အနေကဇာတင်ပြီးသော ဗုဒ္ဓရုပ်ပွားတော်ကို မဟာဒုက်မဲပေါက်သည့်နေအိမ်၌ အပူဇော်ခံရန်ပင့်ဆောင်ခြင်း၊ ညပိုင်းတွင် ဗုဒ္ဓရှင်တော်မြတ်အား ရည်စူးကာ သီတင်းကျွတ်မီးထွန်းပွဲတော်ကို ဆင်နွှဲကြမည်ဖြစ်သည်။ သီတင်းကျွတ်လပြည့်နေ့ ည ၈ နာရီတွင် တာမွေမြို့နယ် သီရိမင်္ဂလာ ကျောင်းတိုက်မှ ဆရာတော်ဘဒ္ဒန္တကောသလ္လက အဘိဓမ္မာတရားတော် ချီးမြှင့်တော်မူမည်ဖြစ်သည်။ **ကိုချစ်**

သတိပေးချက်

၁။ မီးလောင်မှုဖြစ်ပွားလျှင် ထွက်မပြေးပါနှင့်ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။

၂။ မီးစတင်လောင်ကျွမ်းသောအချိန်တွင် ငြိမ်းသတ်နိုင်လျှင်မီးလောင်ဆုံးရှုံးမှုမများနိုင်ပါ။

၃။ အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ ယာဉ်တိုင်းတွင် D.C.P (Dry Chemical Power Extin guisher) ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူးများ ဆောင်ထားခြင်းဖြင့် အလျင်အမြန် မီးငြိမ်းသတ်နိုင်ပြီး မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်ပါသည်။

မီးသတ်ဦးစီးဌာန

စေတုတ္တရာ အောက်တိုဘာ ၁၆

မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်၌ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်မှတ်ပုံတင်ရေးဦးစီးဌာနတို့ပူးပေါင်း၍ အောက်ပုံကျေးရွာတွင် အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၂ ရက်က ကျင်းပသည်။

သန်းခေါင်စာရင်းကောက်ယူရေး စာဖတ်ရှိန်မြှင့်တင်ရေး ပညာပေးဟောပြော

မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပြီး မွန်းလွဲ ၁ နာရီတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် မှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးခင်မောင်ဦးက ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူခြင်းအကြောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်နေမျိုးပိုင်က စာဖတ်ခြင်း၏ အကျိုးကျေးဇူးအကြောင်း၊ မြို့မရဲစခန်းမှူးရဲအုပ်ဌေးလွင်က လူကုန်ကူးမှုအန္တရာယ်များ အကြောင်းတို့ကို ဟောပြောကြရာ ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာမှပြည်သူများ တက်ရောက်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ ဆက်)

နမ့်ခမ်းမြို့တွင် လူကုန်ကူးမှု လုပ်ကိုင်သူနှစ်ဦး ဖမ်းဆီးအရေးယူ

နမ့်ခမ်း အောက်တိုဘာ ၁၆

နမ့်ခမ်းမြို့အမှတ်(၁၄)ရပ်ကွက်နေ (၁၉)နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် ခင်ပွန်းဖြစ်သူနှင့်စကားများကာ တရုတ်နိုင်ငံ ရွှေလီမြို့သို့ထွက်ခွာသွားပြီး နမ့်ခမ်းမြို့ မန့်ဟောင်းရွာနေ နန်းအေဟွမ်နှင့်တွေ့ဆုံပြီး တစ်နှစ်လျှင် စရိတ်ငြိမ်းတရုတ်ယွမ်ငွေ ၂၅၀၀၀ရမည့် ထမင်းချက်အလုပ်ရှိကြောင်းပြောကာ ရွှေလီမြို့တွင် တွေ့ရှိရသော တရုတ်အမျိုးသမီးတစ်ဦးနှင့် ဆက်သွယ်၍ အပ်နှံခဲ့သည်။

၎င်းအမျိုးသမီးသည် နန်းအေဟွမ်၏ မက်လုံးပေးမှုကြောင့် တရုတ်အမျိုးသမီးနှင့်လိုက်ပါခဲ့သည်။

တရုတ်အမျိုးသမီးက ထမင်းချက်အလုပ်ခိုင်းရန်မဟုတ်ဘဲ မိမိ၏မောင်နှင့်ပေးစားရန်ခေါ်ဆောင်သွားခြင်းသာဖြစ်ကြောင်းကို အိမ်ရောက်သောအခါ သိလိုက်ရပြီး မိမိကသဘောမတူသဖြင့် အခန်းတစ်ခန်း ၁၀ ရက် ပိတ်လှောင်ခြင်းခံရကြောင်း ၁၀ရက်ပြည့်သည့်နေ့တွင် အခန်းကိုဖွင့်၍ သဘောမတူပါက ထပ်မံပိတ်လှောင်ထားမည်ဟု ချိန်းခြောက်ပြောဆိုသဖြင့် တရုတ်အမျိုးသမီး၏ မောင်နှင့်ယူရန် လက်ခံခဲ့ရကြောင်း ဤကဲ့သို့အနိုင်ကျင့်ပေးစားခံရပြီး တစ်လခန့်အကြာတွင် ထိုအမျိုးသမီးငယ်သည် ဈေးဝယ်ထွက်ရင်း တရုတ်နိုင်ငံရဲတပ်ဖွဲ့၏ဖုန်းနံပါတ်ကို စုံစမ်း၍ အိမ်ပြန်လာခဲ့ကြောင်း၊ တရုတ်ရဲတပ်ဖွဲ့နှင့် တိတ်တဆိတ်ဆက်သွယ်အကြောင်းကြားပြီး တရုတ်ရဲတပ်ဖွဲ့ အကူအညီဖြင့် ထွက်ပြေးလွတ်မြောက်ကာ နေအိမ်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

အမှတ်(၁၄) ရပ်ကွက်အုပ်ချုပ်ရေးမှူးထံ မိမိ၏ဖြစ်စဉ်နှင့်ပတ်သက်၍ အကြောင်းကြားခဲ့ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးက မူဆယ်လူကုန်ကူးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့စုမှ ဒုရဲအုပ်သန်းနိုင်ဦးထံ ဖုန်းဖြင့်ဆက်သွယ်အကြောင်းကြားခဲ့သည်။ ဒုရဲအုပ်သန်းနိုင်ဦးက အရောင်းစားခံရသူ မိန်းကလေးအား တွေ့ဆုံပြီး မေးမြန်းခဲ့ရာ နမ့်ခမ်းမြို့ မန့်ဟောင်းရွာနေ နန်းအေဟွမ်(ခ) နန်းအောင်ခင်၏ ရွှေလီမြို့၌ငှားရမ်းနေထိုင်ရာ နေအိမ်ကို စုံစမ်းသိရှိခဲ့ရသည်။ မူဆယ်လူကုန်ကူးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့စုက ရွှေလီမြို့ တရုတ်နိုင်ငံလူကုန်ကူးရဲတပ်ဖွဲ့ထံ ဆက်သွယ်ပြီး ပူးပေါင်းဆောင်ရွက် ဖော်ထုတ်မှုဖြင့် အောက်တိုဘာ ၁၀ ရက်တွင် နန်းအေဟွမ်(ခ) နန်းအောင်ခင်အား ဖမ်းဆီးရမိခဲ့သည်။ အမှုတွင်ပါဝင်ပတ်သက်သော နန်းခမ်းမိုင်မှာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ဖမ်းဆီးရမိခဲ့ခြင်းမရှိခဲ့ပေ။

သို့သော် မူဆယ်လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့စုမှ ဒုရဲအုပ်သန်းနိုင်ဦးနှင့်မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ နမ့်ခမ်းရဲစခန်းမှ နယ်ထိန်းတပ်ဖွဲ့ခေါင်းဆောင် ဒုရဲအုပ်အောင်ကျော်ဦး ပူးပေါင်းပါဝင်သော အဖွဲ့များ စုံစမ်းကြရာ အောက်တိုဘာ ၁၁ ရက် နံနက် ၄ နာရီက ထွက်ပြေးတိမ်းရှောင်နေသော နန်းခမ်းမိုင်အား နမ့်ခမ်းမြို့နယ် ကွန်လုံကျေးရွာနေအိမ်တွင် ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိသော နန်းအေဟွမ်(ခ)နန်းအောင်ခင် (၂၀ နှစ်) နှင့် နန်းအေမိုင်(၃၅ နှစ်)တို့အား နမ့်ခမ်းရဲစခန်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပုဒ်မအရအမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၀၁၇)

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ရုံးခန်းသစ်နှင့်ကုသိုလ်ဖြစ် အခမဲ့ဆေးခန်းဖွင့်

ရန်ကုန် အောက်တိုဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ယုဇနဥယျာဉ်မြို့တော် (၉၄) ရပ်ကွက် ကျွန်းရွှေဝါလမ်းမကြီး (အဝိုင်းအနီး)ဘေး၌ အောက်တိုဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံ ရုံးခန်းသစ်ဖွင့်ပွဲနှင့် ရုံးခန်းတွဲဖက် ကုသိုလ်ဖြစ် အခမဲ့ဆေးခန်းဖွင့်လှစ်ရာ တက်ရောက်လာသော မြို့နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံမှ ယာဉ်မောင်း/လိုက်/ပိုင်ရှင်များနှင့်အဖွဲ့ဝင်ကော်မတီဝင်များတက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မော်တော်ယာဉ်လိုင်းပေါင်းစုံမှ ဒုဥက္ကဋ္ဌဦးသန်းဝင်းက အမှာစကားပြောကြားပြီးနောက်ယာဉ်မောင်းသူများအသင်းမှ ဦးကိုကိုက ရုံးခန်းသစ်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း၊ ကုသိုလ်ဖြစ် အခမဲ့ဆေးခန်း ဒေါက်တာဦးကျော်စိုးဝင်းက ဆေးခန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကိုလည်းကောင်း၊ ယာဉ်မောင်းဦးတင်ဌေးက ယခုလို ရုံးခန်းဖွင့်လှစ်ရခြင်းနှင့်တွဲဖက်ဆေးခန်းဖွင့်လှစ်ရခြင်းကို ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။

(၀၈၁)

သာကေတမြို့နယ်အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၁၆

အောက်တိုဘာ ၁၂ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ သာကေတမြို့နယ် (၁၀)တောင်ရပ်ကွက် သန်လျင်တံတားချဉ်းကပ်လမ်းရှိ (၁၀၈)တောင် မဟာဗောဓိ စွယ်တော်ရှင်စေတီတော်ဝင်းတွင် သာကေတမြို့နယ် ရဲတပ်ဖွဲ့ဝင်များနှင့် သာကေတမြို့နယ်အတွင်းမှ အစ္စလာမ်ဘာသာဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ သန့်ရှင်းရေးဆောင်ရွက်ရာသို့ မြို့နယ်ပဋိပက္ခဖြေလျှော့ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းမင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်တည်ငြိမ်အေးချမ်းရေးနှင့်လုံခြုံရေးကော်မတီအဖွဲ့ဝင်များ၊ သာကေတမြို့နယ်ရဲတပ်ဖွဲ့မှ ရဲအုပ် ကိုကိုထွေးပါ ၃၀၊ သာကေတမြို့နယ်အတွင်းမှ ဦးစိုးအောင်ပါအစ္စလာမ်ဘာသာဝင် ၃၀ စုစုပေါင်း အဖွဲ့ဝင် ၆၅ ဦးတို့က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **စိုးဝင်း(S.P)**

အမည်ပြောင်း

ဦးထွန်းထွန်းထွေး၏သမီး အထက(၂) ကမာရွတ် သူငယ်တန်း(B)တွင် ပညာသင်ကြားနေသော မဆုပြည့်ပြည့်သော်အား ယနေ့မှစ၍ မဆုပြည့်ပြည့်စံဟု ပြောင်းလဲခေါ်ပါရန်။

ဖခင်အမည်မှန်

အထက(ကျုံပျော်) နဝမတန်း(E)မှ မောင်အောင်မျိုးထွဋ်၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်ဦး ၁၄/ရကန(နိုင်)၀၀၀၁၇၈ ဖြစ်ပါသည်။

ဦးကျော်ကျော်ဦး

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၁၊ မြေကွက်အမှတ် ၉၅၊ မြေကွက်တည်နေရာအမှတ် ၉၅၊ ၁၃၁ ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဦးအောင်စိုးသန်းအမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးအောင်စိုးသန်းနှင့်ဇနီး ဒေါ်မေချစ် ကွယ်လွန်သဖြင့် ဒေါ်ယဉ်ယဉ်အောင် ၅/ခဥန(နိုင်)၁၁၄၀၃၉၊ ဒေါ်အေးအေးအောင် ၅/သကန(နိုင်)၀၁၆၀၂၀၊ ဦးနန္ဒလင်းအောင် ၁၂/မဂဒ(နိုင်)၀၉၅၇၂၉၊ ဦးငြိမ်းချမ်းအောင် ၁၀/သဖရ(နိုင်)၀၉၃၆၅၇၊ ဦးရာကျော်အောင် ၁၀/သဖရ(နိုင်)၁၀၆၆၄၀၊ ဦးအောင်မြင့်ဦးအောင် ၅/ခဥန(နိုင်)၀၉၄၈၇၄တို့မှ တရားဝင်အမွေဆက်ခံပိုင်ခွင့်ရှိသော သားသမီးများဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ပါမစ်ပျောက်ဆုံးကြောင်းကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ကော့ကရိတ်မြို့နယ်တရားရုံး

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၉

ဦးဉာဏ်သိန်းစိုး **နှင့်** ဦးလှမောင်

တရားလို **တရားပြိုင်**

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ တံခွန်တိုင်ကျေးရွာအုပ်စု၊ ကော့ညိုင်းကျေးရွာနေ (ဘ) ဦးနဲဒီ၏သား ဦးလှမောင် (ယခုနေရပ်လိပ်စာမသိသူ)မှ သိစေရမည်။

သင့်အပေါ် တရားလိုမှ မတရားကျူးကျော်ဝင်ရောက်လျက် ကာရံထားသော ခြံစည်းရိုးများအား ဖျက်သိမ်းစေပြီး လက်လွတ်ဆုံးရှုံးခဲ့ရသောမြေအား ပြန်လည်လက်ရောက်ပေးအပ်စေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် အောက်တိုဘာ ၃၁ရက် (၁၃၇၅ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလို ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ တစ်ပါတည်းယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် အောက်တိုဘာ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကျော်နိုင်လတ်)
မြို့နယ်တရားသူကြီး
ကော့ကရိတ်မြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်း-၂၀)

သာကေတမြို့နယ်တရားရုံးတော်

၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၄၁

ဦးမောင်မောင်ရွှေ **နှင့်** ဦးသောင်းအေး

တရားလို **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/ရပ်ကွက်၊ အနော်မာ ၁၀လမ်း/ပတ်လမ်း၊ အမှတ် ၄၅၁နေ ဦးသောင်းအေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အိမ်နှင့်မြေအရောင်းအဝယ်စာချုပ်အား တရားဝင်စာချုပ်စာတမ်း မှတ်ပုံတင်ပေးစေလိုမှုအဖြစ် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် အောက်တိုဘာ ၃၀ရက် (၁၃၇၅ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာ မရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ တစ်ပါတည်းယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် အောက်တိုဘာ ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကြူကြူအောင်)
ဒုတိယမြို့နယ်တရားသူကြီး(၁)
သာကေတမြို့နယ်တရားရုံး

ဒေါ်သန္တာမင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းပလာဇာ၊ (၇/၈)နေ ဦးမျိုးမြင့်အောင် ၁၃/မဆတ(နိုင်)၀၄၂၇၂၈၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ် ၁၂၆နေ ဦးယဉ်ထွေးသက် ၁၂/ကတတ(နိုင်)၀၂၅၁၅၃တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ အကွက်အမှတ် ၇၊ အကွက်အမည် (တိရစ္ဆာန်မွေးမြူရေးရပ်)၊ မြေကွက်အမှတ် ၂၀/၁၃၂+၂၀/၁၃၆၊ ဦးပိုင်အမှတ် ၁၃/၆+၁၃/၆၅၊ ဧရိယာ ၀ဒသမ ၁၁၅ဧကရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များကို ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးမြင့်အောင်နှင့် ဦးယဉ်ထွေးသက်တို့က ပိုင်ရှင်ဖြစ်သူ ဒေါ်သန္တာမင်း၏ ကိုယ်စားလှယ်စာလွှဲအပ်ထားသူ ဒေါ်နန်းညွန့်မေထံမှ ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အဆိုပါဥပစာနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါပြီး ခုနစ်ရက်အတွင်း စာရွက်စာတမ်းအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ခုနစ်ရက်အတွင်း လာရောက်မကန့်ကွက်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ထွေး LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၆၂၂/၁၉၉၈)
၁၁၇၈/၈၊ သရေခေတ္တရာလမ်း၊ ညောင်ဖြူစခန်းရပ်၊ တောင်ကြီးမြို့

ဆောင်းပါးနှင့်နယ်သတင်း

ဇယသမင်္ဂလာပြည့်စုံသော သီတင်းကျွတ်အခါ

ဝိသုဇ္ဈက(ပဲခူး)

"သီတင်းကျွတ်၊ တူရာသီ၊ အဿဝဏီရှိန်ဝါ၊ ရွှန်းကြာမျိုး လည်းစို၊ မီးမြင်းမိုရ်၊ ဗဟိုအချာထွန်း" ဟူသော စာဆိုကင်းဝန်မင်းကြီး၏ သံပေါက်နှင့်အညီ တူရာသီသီတင်းကျွတ်လသည် အဿဝဏီနက္ခတ်နှင့် စန်းယှဉ်၏။ မိုးရာသီလည်းမကုန်၊ ဆောင်းရာသီလည်းမမည်သော သရဒ ဥတုပင်ဖြစ်၏။ ဆေးမညီသော ပန်းချီကားတစ်ချပ်ပမာ တစ်မျိုးတစ်ဖုံ သာယာသောလ ဖြစ်ပေ၏။

လှိုင်လှိုင်သာသင်းတော့တယ်၊ ကန်မင်းငယ်နန္ဒာ၊ လျှံဝင်းငယ်ဖြာသည်၊ ပွင့်ရွှေကြာမြိုင်မြိုင်နှင့် ကြိုင်ကြိုင်သင်းတဲ့လကိုလေး။ မဟာအတုလမင်းကြီးက လွမ်းချင်းဖြင့် သီတင်းကျွတ်လကို တန်ဆာဆင်ထားသည်။ သီတင်းကျွတ်လ၏ပုံရိပ်အဖြစ် ကြာငါးမည်ကြိုင်သင်းလျက်၊ ကန်ရေပြင်ဝယ်တင့်တယ် ဝင့်ထည်စွာ ပွင့်လန်းနေကြသည်။ တစ်မျှော်တစ်ခေါ် စိမ်းစိုသည့်မြသားကမ္ဘလာကောက်ပင်တို့ကလည်း သန်စွမ်းလျက်ရှိချေသည်။ တောင်သူလယ်သမားတို့၏ ပျော်မဆုံး အားရဝမ်းသာချိန်ပင်ဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာဓလေ့များဖြင့် အမိအဖအဘိုးအဘွား သက်ကြီးဝါကြီး ဆရာသမားတို့ကို ရှိခိုးပူဇော်ချိန်လည်း ဖြစ်သည်။

ဤသီတင်းကျွတ်လသည် ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမဝိနယ-မွတို့ဖြင့်လည်း ပြည့်စုံလေ၏။ ကျက်သရေမင်္ဂလာအပေါင်းနှင့် ထူးမြတ်စေသည့် အကြောင်းရပ်တို့လည်း ဖြစ်ရှိကုန်၏။

မဟာသက္ကရာဇ် ၁၀၉ ခု သီတင်းကျွတ်လပြည့်နေ့ကား သုံးလောကထွတ်ထားမြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်မှ မယ်တော်မိနတ်သားနှင့်တကွ နတ်ဗြဟ္မာအပေါင်းတို့အား အဘိဓမ္မာတရားကို ဟောကြားတော်မူပြီးသည့်နေ့ဖြစ်သည်။ ထိုနေ့တွင် နတ်ဗြဟ္မာအပေါင်းတို့ ဖန်ဆင်းအပ်သော ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်း သုံးသွယ်တို့ဖြင့် မြတ်စွာဘုရားရှင်သည် သင်္ကဿနဂိုရ်ပြည်သို့ ဆင်းသက်တော်မူခဲ့သည်။

သင်္ကဿနဂိုရ်ပြည်သည် ဘုရားရှင်တိုင်း မစွန့်ပယ်အပ်သော အဝိဇဟိတလေးဌာနတွင်ပါဝင်သည်။ ယခုအခါ သင်္ကဿနဂိုရ်ပြည်သည် အိန္ဒိယနိုင်ငံမြောက်ပိုင်း အူတာပရေ့ဒေ့ရှ်ပြည်နယ်၊ ဖာရုကဘတ်ခရိုင် ဘီဝါးမြို့အနီး ဆန်ကာရှား (Sankasya) ရွာတွင် တည်ရှိသည်။

မြတ်စွာဘုရားရှင်သည် သင်္ကဿနဂိုရ်ပြည်သို့ ဆင်းသက်ရာတွင် လူအပေါင်းသည် ဆီမီးတန်ဆောင်တို့ဖြင့်ထွန်းညှိကာ ဝမ်းပန်းတသာ ပူဇော်ကြကုန်၏။ ပူဇော်ကြသော လူအပေါင်းတို့သည် သုံးဆယ့်ခြောက် ယူဇနာမျှကျယ်ဝန်းသောအရပ်တွင် ပြည့်ကျပ်လျက်ရှိလေသည်။ ဤသို့ ကြိုဆိုပူဇော်သည့်ပွဲကိုအကြောင်းပြု၍ သီတင်းကျွတ်လပြည့်နေ့သို့ကျရောက်တိုင်း ဆီမီးတန်ဆောင်ထွန်းပြောင်ထိန်ညီးပူဇော်လာကြသည်မှာ နှစ်ပေါင်း၂၅၀၀ ကျော်ရှိခဲ့ပြီဖြစ်၏။

တစ်နေ့သော သီတင်းကျွတ်လပြည့် ပဝါရဏာပြုပြီးချိန်၌ဖြစ်သည်။ မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်ဝိသာခါနှင့် ပုဏ္ဏဝဍ္ဎနတို့ လှူဒါန်းအပ်သော ပုပ္ဗာရုံကျောင်းတော်ကြီး၌ သီတင်းသုံးတော်မူနေသည်။ ထိုစဉ်အခါ ပသေနသီကောသလမင်းကြီးသည် မင်းတို့၏အဆင်တန်ဆာများကိုဆင်သလျက် ပူဇော်ဖွယ်ရာပန်းနံ့သာများကိုယူဆောင်၍ မြတ်စွာဘုရား၏ ကျောင်းတော်သို့ ရောက်လာ၏။

မြတ်စွာဘုရားရှင်ရှေ့မှောက်တွင် စျာန်ဝင်စားလျက်ရှိသော ကာဠုဒါယီမထေရ်ကြီးကိုယ်မှ ယှက်ဖြာ၍ ထွက်ပေါ်လာကြကုန်သော အလင်းရောင်တို့သည် ပတ်ဝန်းကျင်ဝယ် ကြည်လင်တောက်ပလျက်ရှိ၏။

ထိုခဏ၌ ပုလဲ၏အရောင်အသွေးကဲ့သို့ လရောင်သည်ဝင်းပလျက် ထွန်းလင်းတောက်ပလျက်ရှိ၏။

ထို့အတူ ပတ္တမြားအဆင်းကဲ့သို့ အဆင်းရှိသောနေမင်းကြီးကလည်း ဝင်လုဆဲဆဲ ရှိနေလေ၏။

မြတ်စွာဘုရားအား ဝတ်ဖြည့်လျက်ရှိသောကောသလမင်းကြီး၏ ချပ်ဝတ်တန်ဆာမှ ကိုယ်ရောင်ကိုယ်ဝါကိုလည်းကောင်း၊ ကာဠုဒါယီ မထေရ်ကြီး၏ ရွှေအဆင်းကဲ့သို့သော ကိုယ်ရောင်ကိုယ်ဝါတို့ကိုလည်းကောင်း၊ ဝင်လုဆဲဆဲနေမင်းနှင့်ထွက်ပေါ်လာသည့်လမင်းတို့၏ အလင်းတို့အား ငေးမောကြည့်ကာ နှစ်သက်ဖွယ်ကောင်းလေစွဟု နှလုံးသွင်းလျက်ရှိသော ရှင်အာနန္ဒာမထေရ်သည် မြတ်စွာဘုရားအား အမှတ်မထင်ဖူးမြော်လိုက်ရသည်။

ပတ်ဝန်းကျင်တွင် အလုံးစုံသောအရောင်တို့ထက် မြတ်စွာဘုရား၏ ရောင်ခြည်တော်ခြောက်သွယ်တို့သည်သာ တင့်တယ်တော်မူလှ၏။ ကျက်သရေမင်္ဂလာအပေါင်းတို့ဖြင့် ပြည့်လျက်ရှိ၏။ ထိုအခြင်းအရာကို မြင်ရသော ရှင်အာနန္ဒာသည် အံ့မခန်းအောင်ရှိလေ၏။

ထို့နောက် ရှင်အာနန္ဒာမထေရ်သည် မြတ်စွာဘုရားကို ပျပ်ဝပ်စွာ ရှိခိုးပြီးလျှင်-

"မြတ်စွာဘုရား ယနေ့ယခု အချိန်အခါဝယ် တပည့်တော်သည် အလုံးစုံသောအရောင်တို့ကို ကြည့်ရှုနေမိပါ၏။ ရှင်တော်မြတ်ဘုရား၏ရောင်ခြည်တော်မြတ်ကိုသာလျှင် နှစ်သက်အပ်ပါ၏။ မြတ်နိုးအပ်ပါ၏။ ကြည်ညိုလေးစားလှပါ၏ အရှင်ဘုရား"ဟူ၍ မြတ်ဘုရားအား လျှောက်လေသည်။

ထိုအခါ ရှင်အာနန္ဒာကို မြတ်စွာဘုရားသည်-"ချစ်သား- အာနန္ဒာ နေမင်းသည် နေ့အခါ၌သာ တင့်တယ်၏။ လမင်းသည်လည်း ညဉ့်အခါ၌သာတင့်တယ်၏။ ပြည့်ရှင်မင်းသည် ချပ်ဝတ်တန်ဆာဆင်သောအခါမှ တင့်တယ်၏။ အာသဝေါတရားကင်းပြီးသော ရဟန္တာသည် စျာန်သမာပတ် ဝင်စားသည့် အချိန်၌သာတင့်တယ်၏။

"ငါဘုရားတို့သည်ကား ညဉ့်အခါ၌လည်းကောင်း၊ နေ့အခါ၌လည်းကောင်း၊ အခါမပြတ်ငါးပါးရှိသော တန်ခိုးတော်အားဖြင့် တင့်တယ်တော်မူကြကုန်၏"ဟူ၍ မိန့်တော်မူပြီး အောက်ပါဂါထာတော်ဖြင့် ဟောကြားတော်မူလေသည်။

ဒိဝါတပတိအာဒိစ္စော၊ ရတ္တိမာဘာတိစန္ဒိမာ
သန္နဒ္ဓော ခတ္တိယော တပတိ၊ စျာယီ တပတိ ဗြဟ္မဏော
အထ သဗ္ဗမဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ။

နေမင်းသည် နေ့အခါ၌သာ ထွန်းလင်းတောက်ပ၏။ လမင်းသည် ညအခါ၌သာ တောက်ပတင့်တယ်၏။ မင်းသည်မင်းမြောက်တန်ဆာဆင်ယင်မှသာလျှင် တင့်တယ်ပေ၏။ ဗြဟ္မာကြီးသည် စျာန်ဝင်စားမှသာတင့်တယ်ပေ၏။ ထိုအရာများထက် မြတ်စွာဘုရားရှင်သည် အလုံးစုံသောတန်ခိုးတော်ဖြင့် နေ့ညဉ့်ပတ်လုံး ထွန်းလင်းတောက်ပတင့်တယ်လှပေ၏။

ဇယသဗ္ဗမင်္ဂလာဂါထာတော်ဖြစ်သည်။ ထိုဂါထာတော်သည် ဓမ္မပဒ ဗြာဟ္မဏဝဂ္ဂဂါထာ ၃၈၇ဖြစ်၍ နိဒါနဝဂ္ဂသံယုတ်မဟာကပ္ပိနသုတ်ပါဠိတော်၌ လာရှိပေသည်။

နောက်ထပ်ရှာဖွေတွေ့ရှိသော ဇယသဗ္ဗမင်္ဂလာဂါထာတော်ကြီးကိုလည်း ဖော်ပြလိုက်ပါ၏

ဒိဝါတပတိအာဒိစ္စော ရတ္တိမာဘာတိစန္ဒိမာ။
သန္နဒ္ဓော ခတ္တိယော တပတိ စျာယီ တပတိ ဗြဟ္မဏော။
အထ သဗ္ဗမဟောရတ္တိံ ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇသမ္ပန္နံ ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

အထက်ပါဇယသဗ္ဗမင်္ဂလာဂါထာတော်ကြီးကို ကုန်းဘောင်ခေတ်နှောင်း ပညာရှိကြီး ဦးသံမှိုက ဖြည့်စွက်၍ မြန်မာမှုပြုထားခြင်းဖြစ်ပါ၏။

ဇယသဗ္ဗမင်္ဂလာဂါထာများတွင် ပထမတင်ပြခဲ့သောဂါထာမှာ ဘုရားဟော မူရင်းဂါထာဖြစ်ပါသည်။ ဒုတိယဂါထာမှာ ကုန်းဘောင်ခေတ်နှောင်းမှ မြန်မာပညာရှိကြီး ဦးသံမှိုက နှောင်းလူများရွတ်ဆိုပူဇော်ကန်တော့ရာ၌ ပိုမိုပြည့်စုံစေရန် ရည်ရွယ်လျက်"တာဒိသံတေဇသမ္ပန္နံ၊ ဗုဒ္ဓံဝန္ဒာမိအာဒရံ"ဟူသော ပါဠိနှစ်ပိုဒ်ကို ဖြည့်စွက်ထားခြင်းဖြစ်၏။ အဓိပ္ပာယ်မှာ ထိုကဲ့သို့ နေ့ည မညိုးတောက်ပဖြိုးလျက် တန်ခိုးတော်များနှင့် ပြည့်စုံတော်မူထသော မြတ်စွာဘုရားကို ကျိုးနွံမသွေရိုသေလှစွာဖြင့် လက်စုံမိုးလက်အုပ်မိုး၍ ရှိခိုးပါ၏။

ပညာရှိကြီးဦးသံမှိုဆိုသည်မှာ မြင်ကွန်းမြင်းခုံတိုင်တို့၏ အထိန်းတော်ကြီးဖြစ်ပါ၏။ ဦးသံမှိုသည် မြင်ကွန်းမြင်းခုံတိုင်တို့၏ အရေးအခင်းကြောင့် မန္တလေး-နေပြည်တော်မှ ရန်ကုန်သို့တိမ်းရှောင်ခဲ့သူဖြစ်ပေသည်။

သီရိလင်္ကာကျွန်း(သီဟိုဠ်ကျွန်း)ဘာတိကမင်းသည် ဗုဒ္ဓဘာသာကိုအလွန်ကြည်ညိုသည်။ ပိဋကစာပေများကျွမ်းကျင်သော ဓမ္မကထိကဆရာတစ်ဦးကို နန်းတော်သို့ပင့်ဆောင်စေသည်။ ထို့နောက် ရတနာသုံးပါးနှင့်စပ်သော မင်္ဂလာရှိသော ဂါထာတစ်ပုဒ်ကို ရေးသားပေးပါရန် တောင်းပန်သည်။ ဓမ္မကထိကဆရာသည် မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး ရွတ်ဆိုသူတိုင်း ကျက်သရေမင်္ဂလာရှိ၍ တိုးတက်ကြီးပွားစေသည်။ ဇယသဗ္ဗမင်္ဂလာဂါထာကို ဘာတိကမင်းအား ဆက်သတော်မူ၏။ ယင်းဂါထာသည် မြတ်စွာဘုရားရှင် ဟောကြားတော်မူအပ်သော "ဒိဝါတပတိအာဒိစ္စော"အစချီသည့်ဂါထာပင်ဖြစ်၏။

ဘာတိကမင်းသည် ထိုဂါထာကို နေ့စဉ်နေ့တိုင်း အိပ်ရာဝင်အိပ်ရာထရွတ်ဆို၏။ ထို့ကြောင့် တိုင်းပြည်၌လည်းကောင်း၊ နန်းတော်အတွင်း၌လည်းကောင်း၊ ကျက်သရေမင်္ဂလာအဖြာဖြာတို့ဖြင့် ပြည့်စုံ၍တိုးတက်စည်ကားလျက်ရှိသည်ဟု နိဒါနဝဂ္ဂဘိက္ခုသံယုတ်အဋ္ဌကထာ၌ ဆိုထား၏။

ဘေးအန္တရာယ်ကင်း၍ ကြီးပွားတိုးတက်မှုအသွယ်သွယ်ကို ရရှိခံစားလိုသူတိုင်းသည် ဤဒိဝါတပတိအစရှိသော ဇယသဗ္ဗမင်္ဂလာဂါထာတော်ကို အလေးအနက်ယုံကြည်ချက်ထားလျက် နေ့စဉ်အိပ်ရာဝင်အိပ်ရာထချိန်၌ ခံတွင်းသန့်သန့်ဖြင့် အနည်းဆုံး ကိုးခေါက်ရွတ်ဆိုပူဇော်ရန် ဖြစ်သည်။ "ဗုဒ္ဓ ဘာသာဝင်ကောင်းတစ်ယောက်"စာအုပ် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနကထုတ်သော စာအုပ်တွင်ပါရှိသည်။

မြန်မာနိုင်ငံ၌ကျော်ကြားခဲ့သော လက္ခဏာဗေဒပညာရှင် ဆရာစန္ဒြ၏ တစ်သက်တာမှတ်တမ်းစာအုပ်တွင် ဤဇယသဗ္ဗမင်္ဂလာဂါထာကို ရေချမ်းဆီမီးတို့ဖြင့် မြတ်စွာဘုရားအားကပ်လှူပြီး နေ့စဉ်(၃၇)ခေါက် ရွတ်ဆိုကန်တော့ပန်ဆင်ခြင်းဖြင့် မိမိကြံသမျှ စီးပွားဥစ္စာများတိုးတက် အောင်မြင်နိုင်ကြောင်း ဖော်ပြထားသည်ကိုတွေ့ရှိရပါ၏။

ဤဇယသဗ္ဗမင်္ဂလာဂါထာတော်ကြီးကို မြန်မာနိုင်ငံ၌ထင်ရှားကျော်ကြားသော စလင်းဆရာတော်ဘုရားကြီး၊ ကျောက်ကွဲဆရာတော်ဘုရားကြီး၊ သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီးနှင့် ရသေ့ကြီးဦးခန္တီတို့ အလေးမြတ်ထားကာ နေ့စဉ်ရွတ်ပွားသရဇ္ဈာယ်ခဲ့ကြပါသည်။ ဤကဲ့သို့ဇယသဗ္ဗမင်္ဂလာဂါထာသည် အစဉ်အလာကြီးမားခဲ့ပါ၏။

လွန်လေခဲ့သော နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်အခါက မိုးမကုန်ဆောင်းမပီတစ်မျိုးတစ်မည်သာယာသော သီတင်းကျွတ်လတွင် နေမင်း၊ လမင်း၊ လူမင်း၊ ဗြဟ္မာမင်းတို့၏ ကျက်သရေတင့်တယ်ကြပုံနှင့် မြတ်စွာဘုရားသည် အဆုံးအမဝိနယဓမ္မတို့ကို ပြတော်မူခဲ့ပါသည်။

ယခုသီတင်းကျွတ်လသည် အဿဝဏီနက္ခတ်လည်း ထွန်းပဆဲ၊ ကြာမျိုးငါးမည်လည်း ထုံလှိုင်ဆဲ၊ မြသားကမ္ဘလာကောက်ပင်များလည်းရှင်သန်ဆဲ၊ အဿဝဏီနက္ခတ်ကုမုဒြာကြာ၊ မြသားကမ္ဘလာကောက်ပင်တို့နှင့်အတူ အဘိဓမ္မာတရားမြတ်ကိုလည်း ရွတ်ဖတ်ပူဇော်ဆဲပင်ဖြစ်ပါ၏။ ထို့အပြင် ဇယသဗ္ဗမင်္ဂလာဂါထာဖြင့် မြတ်စွာဘုရား၏တန်ခိုးတော်များကို ကြည်ညိုလျက် ကျက်သရေမင်္ဂလာအပေါင်း ပြည့်စုံနိုင်ကြပါစေသတည်း။ ။

ကန့်ကွက်ရန်ကြော်ငြာ

တောင်ကြီးခရိုင်၊ အေးသာယာမြို့သစ်၊ ကွင်းအမှတ်/အမည် ၄၂၊ သစ်ပင်ထောင်၊ ဦးပိုင်အမှတ် ၅၅၊ ပိုင်ရှင်အမည် ဒေါ်မမလေးပိုင်ဆိုင်သော မြေကွက်အား ဒေါ်မမလေးမှ ဦးမောင်ကြည်သို့ အရပ်စာချုပ်ဖြင့် ၁၇-၉-၂၀၁၀ရက်စွဲဖြင့် အပြီးအပိုင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုထားပါသည်။ ဒေါ်မမလေးမှ မြေပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများ ပျောက်ဆုံးကြောင်း ၁၈-၁၁-၀၈ နှင့် ၃၀-၉-၂၀၁၃ ဖြင့် ကျမ်းကျိန်ဆိုထားပြီး ဦးမောင်ကြည်မှ အထွေထွေကိုယ်စားလှယ်လွှဲစာရယူပြီး မြေငှားဂရန်သစ် လျှောက်ထားရယူမည်ဖြစ်ပါသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ရောင်းချသူ	ဝယ်ယူသူ
ဒေါ်မမလေး	ဦးမောင်ကြည်
၁၃/တကန(နိုင်)၀၁၈၅၆၉	၁၃/နမတ(နိုင်)၀၀၆၈၃၉

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/မြောက်၊ မြေကွက်အမှတ် ၁၇၄/က၊ ပေ(၂၀×၆၀)၊ ဧရိယာ ၈/ပ ၁၂၀၀ အကျယ်ရှိ ဦးသိန်းအောင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော နှစ်ထပ်အိမ်အပါအဝင် ယင်းတို့နှင့်ဆက်စပ်ပတ်သက်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးသိန်းအောင်၏ အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်ဝါဝါခိုင် ၁၂/သကတ(နိုင်)၀၀၀၅၂၀ နှင့် ဒေါ်သူသူအောင် ၁၂/သကတ(နိုင်)၁၃၉၈၉၅တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူ ငွေချေပြီး ဖြစ်ပါသည်။ သို့ပါ၍ အဆိုပါအိမ်၊ ခြံမြေအရောင်းအဝယ်ပြုလုပ်သည့်ကိစ္စရပ်နှင့် စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဝယ်ယူသူအမည်ပေါက်သို့ ပြောင်းလဲရရှိပိုင်ဆိုင်သည်အထိ ဥပဒေနှင့်အညီ အမည်ပေါက်ပြောင်းလဲမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကြည်ထွန်း (စဉ်-၆၁၇၃)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၃၁/၅၇၊ ဩဘာလမ်း၊ကျောက်/ထက်ရပ်ကွက်၊ တာမွေမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၅၀၇၅၁၇၁၊ ၀၁-၄၃၀၅၁၁

ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၁၂)ရပ်ကွက်၊ မဟော်သဓာလမ်း၊ အမှတ် ၇၉၆နေ ဦးခင်မောင်ဝင်း ၁၂/မရက(နိုင်)၀၁၉၂၀၀သည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၁၂)ရပ်ကွက်၊ မဟော်သဓာလမ်း၊ အမှတ် ၇၉၆၊ ပေ(၄၀×၆၀)ရှိ ဒေါ်ဝင်းတင် HGU-၁၃၆၉၈၉အမည်ပေါက် ပါမစ်မြေကွက်ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိဖြစ်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းအပြည့်အစုံဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်မြင့်	ဦးအောင်မျိုးနိုင်	ဦးကိုကြည်
LL.B, D.B.L, D.M.L, D.I.L	LL.B	B.Sc, Dip.Aq, H.G.P, R.L, D.B.L, D.M.L, DIL, DIR, WIPO(Switzerland)
တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ	တရားလွှတ်တော်ရှေ့နေ
ဖုန်း-၀၉-၄၃၀၃၂၁၈၁	ဖုန်း-၀၉-၇၃၁၀၂၃၆၄	ဖုန်း-၀၉-၄၂၁၁၂၄၀၂၂

အမှတ် ၈၈၀၊ ၁၁ လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ မင်းဓမ္မလမ်း၊ ရွှေကမ္ဘာစီမံကိန်း၊ တိုက်(ဘီ/၁၂)၊ ပထမထပ်၊ အခန်းအမှတ် ၁၀၂၊ အကျယ်အဝန်း(၃၂ ပေ×ပေ ၄၀)ရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်စန်းစန်း ၁၂/လမန(နိုင်)၀၅၉၉၀၄ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားများဖြင့် ယခုကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးအောင်ကိုလင်း(ကော့မှူး)
LL.B, D.B.L, WIPO(Switzerland)
အထက်တန်းရှေ့နေ (စဉ်-၃၃၉၄၇)
ဘဏ်အကျိုးဆောင်ရှေ့နေ
အမှတ် ၅၈/၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၁၄၂၅၇၄

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊ မြေကွက်အမှတ် ၅၁၂၊ ဓမ္မာရုံလမ်း မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို စာချုပ်စာတမ်းများဖြင့် ပိုင်ဆိုင်ထားသူထံမှ ဝယ်ယူရန် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသည်များရှိပါက ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါရှိသော ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသော ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိခဲ့ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဆက်သွယ်ရန်-
ဒေါ်ခင်လေး
ဖုန်း-၀၉-၄၂၁၀၀၇၇၆၇

သားအဖြစ်မှစွန့်လွှတ်ခြင်း

အမှတ် ၆၀၅၊ ဝရဇော ၅ လမ်း၊ ၁၃ရပ်ကွက်၊ တောင်ဥက္ကလာပနေ ဦးကျော်ဇော-ဒေါ်မြင့်မြင့်လွင်တို့၏သား မောင်ကျော်နိုင်ထွန်း ဗိုလ်ကြီး(ငြိမ်း) ၁၂/ဒဂတ(နိုင်)၀၄၃၄၁၂သည် မိဘတို့ဆိုဆုံးမမှုကိုမနာခံဘဲ မိဘကို အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို (လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် သားအဖြစ်မှ ယနေ့မှစ၍ အမွေစားအမွေခံအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ **(မေးမြန်းခြင်းသည်းခံပါ)**

ဦးကျော်ဇော-ဒေါ်မြင့်မြင့်လွင်

မှုခင်းသတင်းနှင့်ကြော်ငြာ

ရွာငံမြို့နယ်၌ ဘိန်းစိမ်းဟုယူဆရသော မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

ရွာငံ အောက်တိုဘာ ၁၆

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်သည် တာဝန်ရှိသူများက မိမိတို့၏ဒေသလုံခြုံရေး၊ အေးချမ်းသာယာရေးနှင့် ဒုစရိုက်ကင်းရှင်းရေးတို့ကို အစဉ်တစိုက်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီခွဲက ရွှေပွင့်လင်းဘုရားမုခ်ဦးရှေ့ ဟံမြင့်မိုရ်-ရွာငံ-အောင်ပန်းကားလမ်းမပေါ်တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းထက်နိုင်မြင့်၊ ရဲမှူးသန်းဇော်မြင့်ဦးဆောင်၍ နယ်ထိန်းအရာရှိ ဒုရဲအုပ်ညီညီလင်းနှင့် ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ယာဉ်များကို ရှောင်တခင် ပိတ်ဆို့ရှာဖွေစစ်ဆေးစဉ် အောင်ပန်းမြို့ဘက်မှ ဆိုင်ကယ်အမှတ် ၂၆ယ/--- Fekon (125) အမျိုးအစား နီနက်ရောင်ဆိုင်ကယ် စန်းဖေ(၃၇နှစ်) ပစ်ဆိုင်ကျေးရွာ ပင်လည်ဘူးမြို့နေထိုင်သူမောင်းနှင်လာစဉ်မသင်္ကာဖွယ်တွေ့ရှိ၍ ရပ်တန့်စစ်ဆေးရာ ဆိုင်ကယ်ပေါ်တွင် ပါရှိလာသည့် ပီနံအိတ်ကို သက်သေများရှေ့တွင် ဖွင့်ဖောက်စစ်ဆေးရာ အဆိုပါအိတ်အတွင်းမှ အဝါရောင်ပလတ်စတစ်တိပ်ဖြင့် ပတ်ထားသော ဘိန်းစိမ်းဟုယူဆရသည့် ပလတ်စတစ်ထုပ်စုစုပေါင်း၂၅ ထုပ် အလေးချိန် ၂၅ ပိဿာ ငါးကျပ်သား (၄၀ ဒသမ ၉၀၇ ကီလိုဂရမ်) ကာလတန်ဖိုးကျပ် ၁၅၀ ဒသမ ၃သိန်းခန့်နှင့် အဆိုပါအဖွဲ့မှ ဆက်လက်ရှာဖွေရာ ညနေ ၅ နာရီခန့်တွင် အောင်ပန်းမှ ရွာငံဘက်သို့ဆိုင်ကယ်အမှတ် ၃၄ယ/---NEW ANBO 125 နီနက်ရောင်၊ ထွန်းမင်းလတ်(၃၉နှစ်) ရှမ်းဝတီကျေးရွာ ဒိုးတောင်အုပ်စု တောင်ငူမြို့နေသူ မောင်းနှင်လာသည့် ဆိုင်ကယ်ကို မသင်္ကာဖွယ်ရာ တွေ့ရှိ၍ ထပ်မံစစ်ဆေးရာ ၎င်းဆိုင်ကယ်ပေါ်တွင် ပါရှိလာသည့် ပီနံအိတ်ကို သက်သေများရှေ့တွင် ဖွင့်ဖောက်စစ်ဆေးရာ အဝါရောင် ပလတ်စတစ်တိပ်ဖြင့် ပတ်ထားသည့် ဘိန်းစိမ်းဟု ယူဆရသော ပလတ်စတစ်ထုပ်၂၃ထုပ်အလေးချိန် ပိဿာ ၂၀ (၃၂ ဒသမ ၆၆ ကီလိုဂရမ်) ကာလတန်ဖိုးငွေကျပ်သိန်း၁၂၀ နှင့် ငွေစက္ကူရောရာ ငွေကျပ် ၂၀၀၀၀ တို့ကို ရှာဖွေတွေ့ရှိသဖြင့် ဒုရဲအုပ်ညီညီလင်းက တရားလိုပြုလုပ် တိုင်တန်းသဖြင့် ရွာငံမြို့မ ရဲစခန်းမှ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဥပဒေအရ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(၆၇၀)

ဆိုင်ကယ်ကို နောက်မှ ၂၂ ဘီးယာဉ်ကဝင်တိုက် တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရရှိ

ရမည်းသင်း အောက်တိုဘာ ၁၆

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မြောက်ဘက် သုံးမိုင်ခန့်အကွာ အင်ကြင်းကန်ကျေးရွာအနီးတွင် အောက်တိုဘာ ၅ ရက် ညနေ ၅ နာရီက ဆိုင်ကယ်တစ်စီးကို ၂၂ ဘီးနောက်တွဲယာဉ်တစ်စီးက နောက်မှနေ၍ တိုက်မိသဖြင့် ဆိုင်ကယ်မောင်းသူသေဆုံးပြီး နောက်မှစီးသူ ဒဏ်ရာများရရှိခဲ့သည်။

ဖြစ်ပွားပုံမှာ ရမည်းသင်းမြို့ မြို့မရဲစခန်းမှ ရဲအရာခံ ချမ်းငြိမ်းသော် အောက်တိုဘာ ၅ ရက်က တာဝန်မှူးအဖြစ် ထမ်းဆောင်နေစဉ် ရန်ကုန်- မန္တလေးကားလမ်း အင်ကြင်းကန်ကျေးရွာအနီး ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ နယ်ထိန်းအဖွဲ့မှ တပ်ကြပ် ခိုင်လင်းစိုးသည် သက်သေများနှင့်အတူ အခင်းဖြစ်ရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင် အမှတ်(၃၀၁/၆)နှင့် ၃၀၂ ကြား မြောက်မှ တောင်သို့ သက်ဝေစိုးဦး(၂၉နှစ်) လျှပ်စစ်ဝန်ထမ်း လက်ထောက်ကြီးကြပ်ရေးမှူး ပျော်ဘွယ်မြို့နေသူမောင်းနှင်လာသော PENBO 110 အနက်ရောင်၂၈ယ/--- ဆိုင်ကယ်ကို မြောက်မှတောင်သို့ အောင်အောင် မောင်းနှင်လာသည့် ၃ဂ/---ခေါင်း အပြာရောင်နောက်တွဲယာဉ်က နောက်ကဝင်တိုက်မိသဖြင့် သက်ဝေစိုးဦး သေဆုံးသွားခဲ့ပြီး ဆိုင်ကယ်နောက်မှ လိုက်လာသည့် ဝေမျိုးအောင်တွင် ဒဏ်ရာများရရှိခဲ့သည်။ ယာဉ်မောင်းမှာ ဖြစ်ပွားသည့်နေရာမှ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ဖမ်းဆီးရရှိရေးဆောင်ရွက်လျက်ရှိသည်။

(၀၁၁)

မဲဇလီဖူးခူးရာမှ လူတစ်ဦးဓာတ်လိုက်သေဆုံး

လက်ပံတန်း အောက်တိုဘာ ၁၆

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်တွင် အောက်တိုဘာ ၁၂ ရက် ညနေ ၄ နာရီခွဲက လက်ပံတန်းမြို့နယ် ကွမ်းခြံကျေးရွာအုပ်စု ကျေးနီ ချောင်းနားကျေးရွာ ကျွန်းကလေးတံတားသစ်အနီး ရန်ကုန်-ပြည် ကားလမ်းဘေး၌ ချစ်ရှား(ခ) မျိုးမင်းသန်း(၂၅နှစ်) ချမ်းသာကုန်းကျေးရွာနေ ထော်လာဂျီမောင်းသူသည် မဲဇလီဖူးခူးရာမှ ဓာတ်လိုက်ကာ ပြုတ်ကျပြီး မီးလောင်ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် မြို့နယ်ရဲစခန်းက ဆေးရုံသို့ပို့အပ်ခဲ့ပြီး ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်/မဟုတ်စုံစမ်းစစ်ဆေးလျက်ရှိသည်။

အရေးယူဆောင်ရွက်

အမှုကို လက်ပံတန်းမြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(၄၄၁)

လူတစ်ဦး ရထားကြိတ်သေဆုံး

ပျဉ်းမနား အောက်တိုဘာ ၁၆

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ရန်ကုန်-မန္တလေး မီးရထားလမ်းတွင် လူတစ်ဦး ရထားကြိတ်သေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၄ ရက် နံနက် ၆ နာရီခွဲက ပျဉ်းမနားမြို့မရဲစခန်း၌ ဒုရဲအုပ်စိုင်းကျော်လွင် တာဝန်မှူး ထမ်းဆောင်နေစဉ် လူတစ်ဦးရထားကြိတ်သေဆုံးကြောင်း သတင်းအရ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ပျဉ်းမနားမြို့ ပန်းခင်း(၁) ရပ်ကွက် ရန်ကုန်-မန္တလေးမီးရထားလမ်း မိုင်တိုင်အမှတ် (၂၂၆/၂) အနီး အဆန်ရထားသံလမ်းကြားထဲတွင် ဝင်းဆောင်(၄၅ နှစ်) ကျပန်း မီးရထားဒွေးလမ်း၊ ပန်းခင်း(၁)ရပ်ကွက်နေထိုင်သူမှာ ဒဏ်ရာများရရှိပြီး သေဆုံးနေကြောင်းသိရသဖြင့် ပျဉ်းမနားခုတင် ၂၀၀ ဆေးရုံသို့ ဆေးစာဖြင့်ပို့အပ်ခဲ့ပြီး သေဆုံးမှုနှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်မဟုတ် စုံစမ်းစစ်ဆေးနိုင်ရန် ဒုရဲအုပ်စိုင်းကျော်လွင်က တိုင်တန်းသဖြင့် ပျဉ်းမနား မြို့မရဲစခန်းက အမှုဖွင့်၍ ရဲအုပ်ဇော်ဇော်ဦးက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကိုကိုရှူပ

ရေမြောင်းထဲမှာ ဆိုင်ကယ်တစ်စီးနဲ့ လူငယ်တစ်ဦး သေဆုံးမှုဖြစ်ရပ်

နောင်ချို အောက်တိုဘာ ၁၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် ဆမ္မဆပင်ကျေးရွာအုပ်စု အုံးမွသီးကျေးရွာ မန္တလေး-လားရှိုးကားလမ်းဘေးရေမြောင်းထဲတွင် အောက်တိုဘာ ၁၁ ရက် နံနက် ၁နာရီက ၁၂၅အနက်ရောင်ဆိုင်ကယ်တစ်စီးနှင့်အတူ လူငယ်တစ်ဦး သေဆုံးနေကြောင်း သတင်းရရှိခဲ့သည်။ နောင်ချိုမြို့မရဲတပ်ဖွဲ့စခန်းမှ သတင်းရရှိ၍ ချက်ချင်းအခင်းဖြစ်နေရာသို့စေတနာမွှန်လူမှုရေးအသင်း ယာဉ်နှင့်အသင်းသားများ၊ သက်သေများ၊ တာဝန်မှူးဒုရဲအုပ်ဟိန်းဝင်းထက်တို့ သွားရောက်စစ်ဆေးကြရာ အမည်မသိလူငယ်တစ်ဦးမှာ လွန်ခဲ့သော လေး ရက်ခန့်တွင် သေဆုံးပုပ်ပွနေသည်ကိုတွေ့ရသည်။

ဆက်လက်၍ သေဆုံးသူ အမည်မသိလူငယ်အား မြို့မရဲစခန်းက စုံစမ်းရာ သေဆုံးသူမှာ ရဲနိုင်စိုး (၃၀ နှစ်)နောင်ချိုမြို့နယ် အစ်ကိုရှိရာ ရဲဘက်စခန်းသို့ခေတ္တလာ ရောက်နေထိုင်သူဖြစ်ကြောင်း သိရသည်။

(၀၆၁)

တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၁၆

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဧပြီ ၁ ရက်မှ စတင်ဘာ ၃၀ ရက်အထိ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ကျွန်း၊ သစ်မာနှင့် အခြားသစ်မျိုးစုံ ၁၄၀၃၄ ဒသမ ၅၇၇၁ တန်ကို ဖမ်းမိခဲ့သည်။

အောက်တိုဘာ ၈ ရက်တွင် နေပြည်တော်-တောင်တွင်းကြီးကားလမ်း လယ်ဝေးမြို့နယ် မိုင်တိုင် (၃၇/၂)၌ တရားမဝင် သတီနှင့်ဒီဒူး ခားရွေ (၅ ဒသမ ၃၇)တန်ကို ကားတစ်စီးနှင့် ယာဉ်မောင်း၊ သစ်ပိုင်ရှင်တို့အားလည်းကောင်း၊ အောက်တိုဘာ ၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကလေး-တမူးကားလမ်း အင်တိုင်းကြီးရွာအနောက်ဘက်မှ တရားမဝင် အင်ခွဲသားနှင့် အင်ယောင် (၈ ဒသမ ၁၁၇၂) တန်နှင့် အောက်တိုဘာ ၈ ရက်တွင် ကျွန်းသစ်၊ အင်သစ်နှင့်အင်ခွဲသား စုစုပေါင်း ၁၀ ဒသမ ၅၄၈၈ တန်တို့ကို ပိုင်ရှင်မဲ့ သိမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သုံးမိုင်ရွှေပြည်သာ၌ မူးယစ်ဆေးဖမ်းမိ

ဗန်းမော် အောက်တိုဘာ ၁၆

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၁) ဗန်းမော်မှ ရဲအုပ်အောင်စိုးဆွေနှင့်အဖွဲ့သည် အောက်တိုဘာ ၁၀ ရက် နံနက် ၇ နာရီခွဲက မူးယစ်ဆေးဝါးသတင်းအရ ဗန်းမော်မြို့ သုံးမိုင် ရွှေပြည်သာရပ်ကွက်နေ လဘမ်မာဂမ် နေအိမ်ကို ဝင်ရောက် ရှာဖွေရာ လဘမ်မာဂမ်အား နေအိမ်တွင် အသင့်တွေ့ရှိရပြီး အဆိုပါနေအိမ် ဘုရားခန်းအနီး ချိတ်ဆွဲထားသော ဓာတ်ပုံနောက်ကျောဘက်သစ်သားတန်းပေါ်မှ ဘိန်းဖြူမှုန့် အလေးချိန် (၀ ဒသမ ၁ ဂရမ်)ပါ ပင်နီဆီလင်ပုလင်း တစ်ပုလင်းတွေ့ရသဖြင့် လဘမ်မာဂမ် (၅၁ နှစ်)အား ရဲအုပ်အောင်စိုးဆွေက တရားလိုပြုလုပ်တိုင်တန်းသဖြင့် ဗန်းမော်မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဥပဒေပုဒ်မအရ အမှုစစ်ဒုရဲအုပ်ကျော်ဇေလတ်က အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မင်းတံတားသား

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

၁၉၇၅-၁၉၈၀
B.A(Law),LL.B(Last Batch) ကျောင်းသား ကျောင်းသူများ၏
ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

ကျင်းပမည့်နေရာ	**ကျင်းပမည့်ရက်/အချိန်**
WHITE RICE RESTAURANT	၁-၁-၂၀၁၄ (ကရင်နှစ်သစ်ကူးနေ့)
ကန်တော်ကြီးပန်းခြံ၊ ကန်ပတ်လမ်း	ဗုဒ္ဓဟူးနေ့
ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ

ဆရာ ဆရာမများအတွက် ကန်တော့ငွေလှူဒါန်းနိုင်ရန်နှင့် အကြံဉာဏ်များပေးနိုင်ရန် ဒေါ်ဆွေဆွေ ဖုန်း-၀၉-၅၁၁၄၂၀၃၊ ဒေါ်နန်းဘောက် ဖုန်း-၀၉-၅၂၁၃၉၀၃၊ ဒေါ်ယဉ်မျိုးမေ ဖုန်း-၀၉-၅၁၈၁၀၆၅၊ ဒေါ်ခင်မမ ဖုန်း-၀၉-၄၃၁၉၉၉၀၇၊ ဦးတင်လတ် ဖုန်း-၀၉-၅၀၈၅၄၉၉၊ ဒေါ်နွယ်နီအောင် ဖုန်း-၀၉-၄၂၀၂၅၇၇၇၀၊ ဦးအောင်အောင် ဖုန်း-၀၉-၄၂၀၂၅၃၃၆၃တို့သို့ ဆက်သွယ်နိုင်ပါသည်။ သူငယ်ချင်းများအားလုံး တက်ရောက်နိုင်ရန် နှိုးဆော်ပါသည်။

ဆရာကန်တော့ပွဲဖြစ်မြောက်ရေးအဖွဲ့

စာမူဖိတ်ခေါ်ခြင်း
လားရှိုးမြို့၊ အထက(၁)၊
နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်မဂ္ဂဇင်း

လားရှိုးမြို့၊ အထက(၁)၊ နှစ်(၅၀)ပြည့်အထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေမည်ဖြစ်ပါသဖြင့် ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး၊ ကာတွန်း၊ ပန်းချီ၊ ရှားပါးဓာတ်ပုံများနှင့် စာပဒေသာများပေးပို့ပါရန် ဖိတ်ခေါ်အပ်ပါသည်။

ကျောင်းတော်သူ/သားတို့၏ ရှားပါးဓာတ်ပုံ၊ နိုင်ငံ့ဂုဏ်ဆောင်၊ ရှမ်းပြည်နယ်ဂုဏ်ဆောင်၊ ကျောင်းဂုဏ်ဆောင်အမှတ်တရဓာတ်ပုံများ၊ သမိုင်းဝင်ဓာတ်ပုံများကို ငှားရမ်းကူညီပေးပါရန်နှင့် အသုံးပြုပြီး ပြန်လည်ပေးပို့ပါမည်ဖြစ်ကြောင်း မေတ္တာရပ်ခံအပ်ပါသည်။

ဆက်သွယ်ရန်လိပ်စာ-

ဦးမြင့်မောင်၊ ရန်ကြီးအောင်စာပေ	ဦးအောင်ဇင်
အမှတ်(၁)ရဲစခန်းတိုက်တန်း၊	အခန်းအမှတ် ၄၊ တရားရုံးတိုက်တန်း၊
လမ်းမတော်လမ်း၊ လားရှိုးမြို့	ရပ်ကွက်(၁)၊ လားရှိုးမြို့၊
ဖုန်း-၀၈၂-၃၀၇၃၆	ဖုန်း-၀၉-၆၇၀၀၇၉၇

ဦးလှိုင်တိုး၊ ဝင်းနိုင်စာပေ
ဆိုင်ခန်းအမှတ် ၅၆၇၊ လားရှိုးမြို့မဈေးကြီး၊ လားရှိုးမြို့
ဖုန်း-၀၈၂-၂၃၃၄၂

စိန်အန်ထော်နီ-အထက(၄) မင်္ဂလာတောင်ညွန့်
(၁၈)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၏ (၁၈)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် ညစာစားပွဲကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၀ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ပါသည်။ မြတ်ဆရာပူဇော်ပွဲကို နံနက် ၉နာရီတွင်လည်းကောင်း၊ ညစာစားပွဲကို အဆိုပါနေ့ ညနေ ၆နာရီတွင်လည်းကောင်း ကျောင်းဝင်းအတွင်း၌ ကျင်းပမည်ဖြစ်ပါသည်။ ကျောင်းသားဟောင်းများ မပျက်မကွက်တက်ရောက်ပါရန်နှင့် အလှူငွေများ ထည့်ဝင်လိုပါက ကျောင်းအုပ်ဆရာကြီး ဖုန်း-၀၁-၃၇၅၈၈၄၊ ဦးစိန်ဝင်း ဖုန်း-၀၉-၇၃၀၃၀၀၀၅၊ ဦးအောင်ကျော်ဟန် ဖုန်း-၀၉-၄၂၁၁၂၀၅၃၀၊ ဦးသက်မင်း ဖုန်း-၀၉-၅၀၇၀၂၉၈၊ ဦးတင်အောင်လင်း ဖုန်း-၀၉-၄၃၁၂၄၆၆၄၊ ဦးစိုးဝင်း ဖုန်း-၀၉-၇၃၁၀၃၃၈၂၊ ဦးလှမြင့် ဖုန်း-၀၉-၅၅၀၁၅၈၈၊ ဦးမျိုးအောင် ဖုန်း-၀၉-၄၃၁၄၇၆၀၁၊ ဆရာသစ်လွင်(သင်္ချာ) ဖုန်း-၀၉-၅၁၉၅၄၁၇၊ ဦးသက်နိုင်ဦး ဖုန်း-၀၉-၇၃၀၆၉၈၃၆တို့ထံတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။ **အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့**

မိုးကောင်းမြို့နယ်အသင်း(ရန်ကုန်)

မိုးကောင်းမြို့နယ်အသင်း(ရန်ကုန်)၏ နဝမအကြိမ်မြောက် ကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ သက်ကြီးပူဇော်ပွဲအခမ်းအနားကို ၃-၁၁-၂၀၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျောက်စိမ်းတွင်းဓမ္မာရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်များ၊ နယ်သူနယ်သားများ တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ (၂၀၁၂-၂၀၁၃) တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများ ၃၁-၁၀-၂၀၁၃ရက် နောက်ဆုံးထား၍ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စာရင်းပေးကြပါရန်။

ဦးမောင်ကြီး	ဖုန်း-၂၄၂၂၀၁၊	ဦးယုတင်	ဖုန်း-၅၂၃၅၂၀
ဦးချစ်မောင်	ဖုန်း-၅၀၃၁၉၈၊	ဦးတင်မောင်အုန်း	ဖုန်း-၅၃၉၂၈၇
ဦးသန်းညွန့်	ဖုန်း-၀၉-၅၀၄၀၀၂၀၊	ဒေါ်ဆွေဆွေကြည်	ဖုန်း-၅၁၉၅၂၉
ဒေါက်တာမြင့်ဦး	ဖုန်း-၀၉-၇၃၂၀၅၁၁၉၊	ဦးထင်ဆိုက်	ဖုန်း-၂၂၄၅၉၁

(သီးခြားဖိတ်စာမပို့ပါ။)

အမှုဆောင်အဖွဲ့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၈ယ/၂၇၆၆၁ Suzuki Step 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်မျိုးမြင့် ၁၁/ရဗန(နိုင်)၀၆၀၈၅၁က (ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း ကညန၊ ပြည်နယ်ရုံး (စစ်တွေ)သို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန(ပြည်နယ်ရုံး)၊ စစ်တွေမြို့

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် တက/၈၉၈၈၇၊ ဟွန်ဒါဒရင်း၊ ယဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းသီရိမျိုး ၁၃/ဖခန(နိုင်)၀၃၉၇၀၇မှ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံးခွဲ၊ အောင်ပန်း

SUNDAYS-ONLY ENGLISH CLASSES

Three-month Learning programme shall provide you a Sound & Solid Achievement of English Language Skills. **For the 10th Std passed, University Students , graduates, TOEFL/IELTS candidates. Good foundation for Singapore Poly-TECHNIC (Including Nursing Diploma)** Scholarship

Contact ph(S): 09-73193561, 09-5143176

ဦးဝင်းမြင့် အမှတ်(၁)၊ ဝင်းသော်တာလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်

ချင်းရိုင်းမြို့နယ်၌ ထိုင်းနယ်စပ်သို့ပို့မည့် လက်နက်ခဲယမ်းများဖမ်းမိ

ချင်းရိုင်း အောက်တိုဘာ ၁၆

ထိုင်းနိုင်ငံ(မြောက်ပိုင်း) ချင်းရိုင်းခရိုင်၊ ထာ့ဆိုင်အုပ်စု၊ အကွက် ၁၊ အိမ်အမှတ် ၉၅ ၌ ချင်းရိုင်းခရိုင်ရဲတပ်ဖွဲ့မှ ရဲဒုတိယဗိုလ်မှူးကြီး ချို့ချိုင်းဖပုတ်ဖရတ်စေ့နှင့် အဖွဲ့ အမှတ် ၃၂၆ နယ်ခြားစောင့်ရဲတပ်ဖွဲ့နှင့် အင်အားပူးပေါင်းပြီး သတင်းအရ ရှောင်တခင်ဝင်ရောက်စစ်ဆေးရာ တရားမဝင်လက်နက်နှင့် ပတ်သက်သူသုံးဦးကို အောက်တိုဘာ ၁၂ ရက်နေ့နံနက် ၃၁ နာရီခွဲတွင် စစ်ဆေးဖမ်းဆီးနိုင်ခဲ့သည်။

အဆိုပါ ဖမ်းမိသောလက်နက်များသည် ၇ ဒသမ ၆၂ တိုက်အမျိုးအစား အဝေးပစ်သေနတ် နှစ်လက်၊ AK-47 သေနတ်နှစ်လက်၊ ၁၁ မမ ပစ္စတိုသေနတ်ကျည်ဆံ ၁၄ တောင့်၊ ၅ ဒသမ ၅၆ သေနတ် ကျည်ဆံတောင့် ၅၀၊ M60 သေနတ်ကျည်ဆံတောင့်၃၃၀၉ မမသေနတ်တစ်လက်၊ ၁၁ မမ သေနတ်တစ်လက်၊ အူဇီသေနတ်တစ်လက်တို့ကို စစ်ဆေးတွေ့ရှိရသည်။ ၄င်းလက်နက်များနှင့် ပတ်သက်သူ သုံးဦးဖြစ်သည့် နိုင်ထနာစဝ်ဖူစိရိထနာကန် အသက်(၃၆နှစ်) အမှတ် ၁၈/၄ ချင်းရိုင်းခရိုင် အမ်းဖွန်းမြို့နယ်လော်ဝိန်း ၁၆ ရပ်ကွက်နေ၊ Mis, ဝိစဝ့်ါတာ ဖာန်ကယောက် အသက်(၃၆နှစ်) ချင်းရိုင်းခရိုင် ကျင်းရှန်မြို့ အခြေစိုက် အမှတ် ၃၁ မုဆိုးတပ်(ရဲသတင်းတပ်ဖွဲ့)၊ အမှတ် ၄၉၂/၂ ဖလာခန် ၅ ရပ်ကွက် ကထွန်ဝမ် အပိုင်း(၁) ဗန်ကောက်မြို့နေ၊ ကိဖုမ် အင်မ်တာ့ကြိုင် အသက် (၃၂ နှစ်) အမှတ် ၁၉၄/၁ ချင်းရိုင်းခရိုင် မယ်ဆိုင်မြို့ ကောင်ချမ်း (၁)ရပ်ကွက်နေတို့ လက်နက်သယ်ဆောင်လာသော ဗန်ကောက် ထိုင်းလိုင်စင်နံပါတ် 186 ဟွန်ဒါ CRV ကားကိုလည်း စစ်ဆေးတွေ့ရှိ ဖမ်းဆီးခဲ့သည်။

ဖော်ပြထုတ်လွှင့်

၄င်းလက်နက်များ ဖမ်းမိခြင်းနှင့် ပတ်သက်၍ ချင်းရိုင်းခရိုင်၊ ခရိုင်ရဲချုပ်၊ ဝမ်ချိုင်စူဝမ်စိရိခေစ်၏ ပြောကြားချက်အရ အဆိုပါ တရားမဝင်လက်နက်ရောင်းဝယ်သော ဂိုဏ်းအဖွဲ့ကို မိမိတို့ရဲတပ်ဖွဲ့မှ လိုက်လံစုံစမ်းခဲ့သည်မှာ ကြာပြီဖြစ်ကြောင်း ၊ ၄င်းလက်နက်များသည် တစ်ဖက်နိုင်ငံရှိ လက်နက်ကိုင်အဖွဲ့များသို့ ရောင်းချမည့် လက်နက်များဖြစ်သည်ကို စစ်ဆေးသိရှိရကြောင်း ပြောကြားသွားသည်ကို သတင်းတွင်ဖော်ပြထုတ်လွှင့်သွားသည်။

(လ/၀၁၅)

ရွှေသံလွင်ဘိုးဘွားရိပ်သာ (၁၄)နှစ်ပြည့် အခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၆

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ရွှေသံလွင်ဘိုးဘွားရိပ်သာ၏ (၁၄) နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားကို စက်တင်ဘာ ၂၈ရက် နံနက် ၈နာရီက ရွှေသံလွင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေသံလွင် ဘိုးဘွားရိပ်သာ စီမံခန့်ခွဲရေးအဖွဲ့ ဒုဥက္ကဋ္ဌ ဦးမြင့်ဆွေက ဘိုးဘွားရိပ်သာ ဖြစ်ပေါ်ခဲ့ပုံ၊ ပြုစုစောင့်ရှောက်ပေးနိုင်မှုနှင့် ကော်မတီအဖွဲ့မှ ပံ့ပိုးပြီး အလှူရှင်များရရှိအောင် ဆောင်ရွက်နိုင်မှုတို့ကို ရှင်းလင်းပြောကြားပြီး ရွှေသံလွင်ဘိုးဘွားရိပ်သာအား မတည် ဆောက်လုပ်ပြောကြားပြီး ရွှေသံလွင်ကုမ္ပဏီလီမိတက်မိသားစု ဒေါ်နီနီက အဆောက်အအုံဆောက်လုပ်ပြီးနောက် ဘိုးဘွားများအား ၁၄ နှစ်တိုင် ပြုစုစောင့်ရှောက်ပေးခဲ့ကြသည့် အလှူရှင်များ အုပ်ချုပ်ရေးအဖွဲ့နှင့် ဝန်ထမ်းများအားလုံးကို ကျေးဇူးတင်စကားပြောကြားသည်။ **(ယာပုံ)**

ဘိုးဘွားရိပ်သာသို့ လှူဒါန်းငွေများကို ကော်မတီ ဒုဥက္ကဋ္ဌ ဦးမြင့်ဆွေ ရွှေသံလွင်ကုမ္ပဏီလီမိတက်မိသားစု၊ ဒေါ်နီနီနှင့် ကော်မတီအဖွဲ့ဝင်များမှ လက်ခံယူသည်။

(၀၅၇)

နယ်သတင်းနှင့်ဆောင်းပါး

အကူအညီများ ဆက်လက်ပံ့ပိုး ပေးသွားမည်ဟု ဂျပန်နိုင်ငံကာကွယ်ဆေးအလှူရှင်အဖွဲ့နှင့်ယူနီဆက်ဖ်ပြောကြား

ရန်ကုန် အောက်တိုဘာ ၁၆

ကလေးငယ်များအား ကာကွယ်ဆေးထိုး၊ ဆေးတိုက် လုပ်ငန်းများသည် မရှိမဖြစ်အရေးကြီးသည့် ငွေကုန်ကြေးကျသက်သာသော ပြည်သူ့ကျန်းမာရေး လုပ်ငန်းတစ်ရပ်ဖြစ်သည်။ မြန်မာအစိုးရ၏ အဓိကပန်းတိုင်ဖြစ်သော ကုလသမဂ္ဂထောင်စုနှစ်ရည်မှန်းချက်များမှ ရည်မှန်းချက်တစ်ရပ်လည်းဖြစ်သော အသက်တစ်နှစ်ကလေးသေဆုံးမှုနှင့်အသက်ငါးနှစ်အောက် ကလေးသေဆုံးမှုနှုန်းလျှော့ချရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရန် ကာကွယ်ဆေးထိုးဆေးတိုက်လုပ်ငန်းများကို နိုင်ငံဒေသအနှံ့အပြားပျံ့နှံ့ တွင်ကျယ်စွာဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ကလေးတစ်ဦးမကျန် ကာကွယ်ဆေးရရှိရန် မြန်မာပြည်သူများနှင့် မြန်မာနိုင်ငံအစိုးရသို့ JVCက အကူအညီများဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း JVC မှ ညွှန်ကြားရေးမှူးချုပ် မစ္စတာမိချီယိုရှီအိုအိရှိက ပြောကြားသည်။

ဂျပန်နိုင်ငံကာကွယ်ဆေး အလှူရှင်များကော်မတီJVCသည် အောက်တိုဘာ ၇ ရက်မှ ၁၁ ရက်အတွင်း မြန်မာနိုင်ငံသို့ လာရောက်ကာ ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ကာကွယ်ဆေးထိုး၊ ဆေးတိုက်လုပ်ငန်းများတွင် ဂျပန်ပြည်သူများမှ လှူဒါန်းထားသော ကာကွယ်ဆေးများဖြင့် ကာကွယ်ဆေးထိုးနှံ့တိုက်ကျွေးနေသည့် အချက်အချာကျသောနေရာများသို့ သွားရောက်ကာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ကမ္ဘာတစ်ဝန်းတွင် ဆုံဆို့ ကြက်ညှာ၊ မေးခိုင်၊ ချောင်းဆိုး၊ ဝက်သက်ရောဂါများကြောင့် အသက်အန္တရာယ်ခြိမ်းခြောက်လျက်ရှိသော ကလေးငယ်များကို ကာကွယ်ဆေးထိုးခြင်းဖြင့် နှစ်စဉ်နှစ်တိုင်း ကလေးငယ် နှစ်သန်းသုံးသန်းကို ကာကွယ်ပေးလျက်ရှိသည်။ ဝက်သက်ရောဂါတစ်မျိုးတည်းကြောင့် အာရှနှင့်အာဖရိကဒေသတွင်း ကလေးငယ် ၄၃၀ ခန့်နေ့စဉ် သေဆုံးလျက်ရှိကြောင်းသိရသည်။

လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ဒေသများရှိ ကလေးငယ်များအတွက် ကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သောကူးစက်ရောဂါများ ကြုံကြားဖြစ်ပေါ်မှုများရှိနေပြီး ယခင်က ထိန်းချုပ်နိုင်ခဲ့သော ပိုလီယိုကဲ့သို့ရောဂါများပင် ပြန်လည်ဖြစ်ပွားနေသည်ကို ကြုံတွေ့ခဲ့ရသည်။ "နေရာအနှံ့ ကလေးအားလုံး တစ်ဦးမကျန် ကာကွယ်ဆေးထိုး၊ဆေးတိုက်လုပ်ငန်းဆောင်ရွက်ပြီး ကလေးသူငယ်သေဆုံးမှုနှုန်း လျှော့ချနိုင်ဖို့ ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်နေတာကို လေ့လာဖို့ ကာကွယ်ဆေးလှူဒါန်းထားတဲ့ကျွန်တော်တို့အဖွဲ့လာရောက်ခဲ့ပြီး ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်းကြောင့် အသက် ငါးနှစ်အောက်ကလေးသေဆုံးမှုရဲ့ ၂၉ ရာခိုင်နှုန်းကို နှစ်စဉ်ကြိုတင်ကာကွယ်ကုသနိုင်ပါတယ်"ဟု မစ္စတာအိုအိရှိက ပြောကြားသည်။

"ကလေးတိုင်းဟာ နိုင်ငံ၊ လူမျိုး၊ ဘာသာ၊ ကျား၊မ၊ မွေးဖွားရာနေရာဒေသမခွဲခြားဘဲ အဆင့်အတန်းမီတဲ့ အကောင်းဆုံး ကျန်းမာရေးစောင့်ရှောက်မှုခံယူခွင့်ဆိုတဲ့ အခွင့်အရေးအပြည့်အဝ ရပိုင်ခွင့်ရှိပါတယ်။ ဒီခံယူချက်ကိုမြှင့်တင်နိုင်ဖို့ JVC နဲ့ ယူနီဆက်ဖ်တို့ဟာ မြန်မာနိုင်ငံအစိုးရနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ကူးစက်ရောဂါဖြစ်ပွားမှုဟာ နေရာဒေသ အကန့်အသတ်မရှိတဲ့အတွက် ကာကွယ်ဆေးထိုးဆေးတိုက်လုပ်ငန်းတွေကို အတူဆောင်ရွက်နေတဲ့အဖွဲ့အစည်းအားလုံးနဲ့အတူ ပြည်သူလူထုပါဝင်လာဖို့ လိုအပ်ပါတယ်"ဟု ယူနီဆက်ဖ်မှ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် မစ္စတာဘက်ထရန် ဗိန်းဘဲက ပြောကြားသည်။

ဂျပန်နိုင်ငံကာကွယ်ဆေးအလှူရှင်များကော်မတီ JVC သည် ၁၉၉၆ ခုနှစ်တွင် ဖွဲ့စည်း တည်ထောင်ခဲ့ပြီး ယူနီဆက်ဖ်၊ ကုသလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကမ္ဘာ့ဘဏ်နှင့် The Rockfeller Foundation တို့ ထူထောင်ခဲ့သည့် "ကလေးသူငယ်များအတွက် ကာကွယ်ဆေးပေးရေးအဖွဲ့"၏ လမ်းညွှန်မှုအောက်တွင် ဖွဲ့စည်းခဲ့သည့် အဖွဲ့အစည်းတစ်ရပ်လည်း ဖြစ်သည်။ JVC သည် ၁၉၉၇ ခုနှစ်မှစတင်ကာ မြန်မာနိုင်ငံအတွင်း ကူးစက်ရောဂါကာကွယ်ရေး လုပ်ငန်းစဉ်များတွင် ကာကွယ်ဆေးထိုး ဆေးတိုက်လုပ်ငန်းများ အရှိန်မြှင့်၊ ဆောင်ရွက်နိုင်ရန် ကာကွယ်ဆေးများ၊ ဆေးထိုးအပ်များ၊ အအေးထိန်း ပစ္စည်းများနှင့် အခြားလိုအပ်သော ပစ္စည်းများကို ကူညီပံ့ပိုးပေးခဲ့ပြီး ၁၉၉၆ မှ ၂၀၁၃ ခုနှစ်အထိ အမေရိကန်ဒေါ်လာ ၈ ဒသမ ၅ သန်း လှူဒါန်းခဲ့ပြီးဖြစ်ကြောင်းသိရသည်။ **(စံကား၀ါ)**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မျိုးမင်းဟန်၏ Basic Safety Training Certificate No.12194/11 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၁၀၁၄၀၈၂**

ပျောက်ဆုံးကြောင်း

ကျွန်တော်များ Great five Construction Co.,Ltd. ၏ ကုမ္ပဏီမှတ်ပုံတင်အမှတ် ၃၄၃၇(၂၀၁၂/၂၀၁၃)နှင့် ထသက စာရွက်စာတမ်းမူရင်းများပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၀၁၅၉၄၁၊ ၀၁-၅၁၂၂၆၄

တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးမြို့၊ အထက(၆)၊ တက္ကသိုလ်ဝင်တန်း(B)မှ မထက်ထက်ကျော်(ခ) မနန်းထက်ထက်ကျော်မှာ တစ်ဦးတည်းဖြစ်ပါသည်။

ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(ခွဲ) အလက(၃) အဌမတန်း(ဂ)မှ မချိုရှင်း(ခ) ဟန်နီထွန်း၏ ဖခင်အမည်မှန်မှာ ဦးကျော်တဲ့မြင့် ၁၃/လရန(နိုင်) ၀၈၆၀၉၇ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ရှေ့၊ မြေကွက်အမှတ် ၁၅၄/က၊ မြေကွက်တည်နေရာအမှတ် ၁၆/က၊ ၁၅၄/က၊ ယုဇနလမ်း၊ (၇)ရှေ့ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်ခင်မေ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်မေ(ဇနီး) ကွယ်လွန်သဖြင့် ခင်ပွန်းဦးပေါ်လွင် ၁၂/သကတ(နိုင်)၀၁၇၆၈၃က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ထူပါရုံ၊ မြေကွက်အမှတ် ၇၀၊ မြေကွက်တည်နေရာအမှတ် ၇၀၊ မြင်တော်သာလမ်း၊ ၁/ထူပါရုံ ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်ခင်ခင်အေး အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ခင်အေး(မိခင်)နှင့် ဦးအောင်မြင့်(ဖခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁) ဦးမြင့်မောင် ၇/ရကန(နိုင်)၀၃၆၀၃၆၊ (၂) ဒေါ်ခင်မမ ၉/၀တန(နိုင်)၀၁၂၄၀၉၊ (၃) ဦးအောင်ဇင်မြင့် ၁၀/မလမ (နိုင်)၀၂၈၈၉၁၊ (၄) ဦးခင်မောင်ဇင် 2 MDN-၁၅၉၀၀၁တို့ မွေးဖွားခဲ့ကြောင်း အမှတ်စဉ်(၂)မှ (၄)အထိသည် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၉၉၇၃/၁၃) ဦးမြင့်မောင်အား ပေးအပ်ခဲ့ပြီး ၄င်းမှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၁၊ မြေကွက်အမှတ် ၈၄/ခ၊ မြေကွက် တည်နေရာအမှတ် ၈၄/ခ၊ ၂ လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပ ဒေါ်နီ၊ ဦးခင်မြင့် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်နီ၊ ဦးခင်မြင့် ကွယ်လွန်သဖြင့် ဦးခင်မောင်လွင် ၁၂/ဥကတ(နိုင်)၁၃၇၁၉၅၊ ဦးသန်းဇော် ၁၂/ဥကတ(နိုင်)၁၃၇၈၈၈၊ ဦးချစ်လွမ်းပြေ ၁၂/ဥကတ(နိုင်)၁၆၄၁၀၄၊ ဒေါ်စမ်းစမ်းဝင်း ၁၂/ဥကတ(နိုင်)၀၁၂၂၇၃၊ ဒေါ်သန်းသန်းဦး ၁၂/ဥကတ(နိုင်)၀၁၁၉၇၁ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ် ၅၂၁၉(၂၈-၃-၁၃)နှင့် ၅၂၂၀(၂၈-၃-၁၃)ဖြင့် လွှဲအပ်ခံရသူ အထွေထွေကိုယ်စားလှယ် ဒေါ်သန်းသန်းဦး ၁၂/ဥကတ(နိုင်)၀၁၁၉၇၁က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၄၈၉၂ (၂၉-၄-၁၃)ကိုတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

စက်မှုလက်မှုသိပ္ပံ(အင်းစိန်) မြို့ပြအင်ဂျင်နီယာကျောင်းသား ကျောင်းသူဟောင်းများ၏

တတိယအကြိမ် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

စက်မှုလက်မှုသိပ္ပံ(အင်းစိန်)မြို့ပြအင်ဂျင်နီယာ ကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၄ ရက် (စနေနေ့) နံနက် ၉း၀၀နာရီတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ သူငယ်ချင်းများအား အကြောင်းကြားအပ်ပါသည်။ သူငယ်ချင်းကျောင်းသား ကျောင်းသူများအားလုံး ဆုံစည်းနိုင်ဖို့အတွက် မပျက်မကွက် ဆက်ဆက်တက်ရောက်ကြဖို့ ဖိတ်ခေါ်အပ်ပါသည်။

ကျင်းပမည့်နေရာ - ရွှေကျင်သာသနာလင်္ကာရမဟာဓမ္မဗိမာန်တော်ကြီး
(ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး)

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၁၀၀၅၊ မြေကွက်တည်နေရာအမှတ် ၁၀၀၅၊ ယဿဝတီ(၁၄)လမ်း၊ ၁၃ ရပ်ကွက်၊တောင်ဥက္ကလာပ ဒေါ်တင်ညွန့် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်တင်ညွန့်နှင့် ခင်ပွန်းဦးအုံးရွှေ ကွယ်လွန်သဖြင့် ဒေါ်အမာကြည် ၁၂/ဥကတ(နိုင်)၀၆၅၁၂၇က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၊ မြေကွက်အမှတ် ၁၆၅(က)၊ မြေကွက်တည်နေရာအမှတ် ၁၆၅(က)၊ ကုမုဒြာ ၂ လမ်း၊ ရွှေပြည်သာမြို့နယ် ဦးကျော်ထူး အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးကျော်ထူးထံမှအရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူခဲ့သူ ဦးသန့်ဇင် ၁၂/အစန(နိုင်)၀၃၄၉၆၁က ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ တရားရုံးကျမ်းကျိန်လွှာတို့ကိုတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/အနော်မာ၊ မြေကွက်အမှတ် ၃၆၇/ခ၊ မြေကွက်တည်နေရာအမှတ် ၃၆၇/ခ၊ အနော်မာ ၉ လမ်း၊ ၁ ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်လှလှသန်း အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်လှလှသန်း ၁၂/သကတ(နိုင်)၀၄၈၅၃၃ က ဂရန်မူရင်းပျက်စီးသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာတင်ပြပြီး ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၂/၂၀၁၃)

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါပစ္စည်းများကို အမေရိကန်ဒေါ်လာ (CIF Yangon) ဖြင့်လည်းကောင်း၊ မြန်မာကျပ်ငွေဖြင့်လည်းကောင်း၊ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းကြပါရန် ဖိတ်ခေါ်ပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	MPPE/MCY/CAP/T/3 (2013-2014)	Mobile Fuel Lab (Brand New)	5 Sets	USD
(၂)	MPPE/MCY/T/1 (2013-2014)	ERW Mild Steel Line Pipes and Gate Valves	5 Items	USD
(၃)	MPPE/LP/MCY/CAP/T/1 (2013-2014)	Studded Anchor Chain with Shackle	11 Lengths	Kyat
(၄)	MPPE/LP/MCY/CAP/T/2 (2013-2014)	Toyota Towing Tractor (Brand New) For Aviation Fuel Dispenser	4 Nos	Kyat
(၅)	MPPE/LP/TTS/T/1 (2013-2014)	Tyre with Tube and Flap	2 Items	Kyat

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၅-၁၀-၂၀၁၃ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၁၄-၁၁-၂၀၁၃ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂:၀၀နာရီ
၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၄၈၇ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စီမံရေးဌာန
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်

အမှတ်(၁)ပလတ်စတစ်စက်ရုံ(ရန်ကုန်)ရှိ
ပလတ်စတစ်ကုန်ကြမ်းများနှင့် ကုန်ချောများရောင်းချရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(မြန်မာကျပ်ငွေဖြင့်)

ရောင်းချမည့် ပစ္စည်းအမည် - ပလတ်စတစ်ကုန်ကြမ်းများနှင့်ကုန်ချောများ
တင်ဒါပိတ်ရက်နှင့်အချိန် - ၂၅-၁၀-၂၀၁၃ရက် ၁၆း၀၀နာရီ
ဈေးနှုန်းတင်သွင်းရမည့်နေရာ - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်

တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းအသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း-
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း ၀၆၇-၄၀၈၃၇၇
ရောင်းချဖြန့်ဖြူးရေးဌာန(နေပြည်တော်) ၀၆၇-၄၀၈၃၈၁

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန တိုင်းဒေသကြီး အရန်ဆေးဝါးနှင့် အရေးပေါ်ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။
၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၁၄-၁၀-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၄-၁၁-၂၀၁၃ ရက်(ညနေ ၄ နာရီ)
၃။ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူးရုံး
စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့
ဖုန်း-၀၇၁-၂၂၆၁၅၊ ၀၇၁-၂၂၇၁၅

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားမရုံး၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၃၅

ဒေါ်နန်းဟွမ်မို
အမှတ် ၁၈၊ ဦးပုညလမ်း၊
၃၂ ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ရန်ကုန်မြို့။

နှင့်

၁။ ဒေါ်တင်တင်ဝင်း
တိုက် ၁၊ အခန်း ၁၊ ထန်းပင်ကုန်း၊
ဂျပန်လမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
၂။ ဒေါ်ခင်သက်သက်(ခ)ဒေါ်ခင်သက်သက်မြင့်
၃။ ဦးခင်မြင့်
၄။ ဒေါ်ခင်ဝင်းနု
အမှတ် ၆၅၊ မြို့ပတ်လမ်း၊ ၁၆ လမ်း၊
ရှမဝစာတိုက်ပုံတိုက်၊မင်္ဂလာဒုံဈေး၊
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
၅။ ဒေါ်ထက်ထက်ဝင်း
အမှတ် ၃၂၊ အိမ်အမှတ် ၆၀၊
ပြည်သာယာလမ်း၊ ဒဂုံမြို့သစ်
(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။

တရားလို **တရားပြိုင်များ**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဂျပန်လမ်း၊ ထန်းပင်ကုန်း၊ တိုက် ၁၊ အခန်း ၁ နေ ဒေါ်တင်တင်ဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုမှ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး ၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ် ၅၂၀ အမှုတွင် ၁၃-၁၂-၂၀၁၁ ရက်စွဲဖြင့်ချမှတ်သော ဒီကရီသည် မမှန်မကန်လိမ်လည် ရယူထားသော ဒီကရီဖြစ်၍ ပျက်ပြယ်ကြောင်းနှင့် တရားလိုအပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှိနေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁ရက် (၁၃၇၅ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်စိုးဟန်)
တွဲဖက်ခရိုင်တရားသူကြီး(၁)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး



ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အနော်ရထာအိမ်ရာရှိ တိုက်အမှတ် ၁၀၊ အခန်းအမှတ် ၂၀၁ ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးလှဒင်၊ ဒေါ်ခင်တင့်ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဦးမောင်တာ ၉/လဝန(နိုင်)၀၃၆၇၀၂က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်းကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **စီမံကိန်းဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

လေလံတင်ဒါကြော်ငြာ

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပင်မအလုပ်ရုံ (တောင်) ရွာမ-အင်းစိန်တွင် အသုံးမပြုနိုင်သော သံတိုသံစဟောင်း တန် ၂၀ ခန့်ကို မျက်မြင်အခြေအနေအတိုင်း လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

တင်ဒါပုံစံရောင်းမည့်ရက် - ၁၇-၁၀-၂၀၁၃ ရက်မှ ၂၉-၁၀-၂၀၁၃ ရက်အထိ
တင်ဒါလက်ခံစိစစ်မည့်ရက်/အချိန် - ၃၀-၁၁-၂၀၁၃ ရက် နံနက် ၉ နာရီ
တင်ဒါပုံစံရောင်းချမည့်နေရာ - ပင်မအလုပ်ရုံ (တောင်)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မင်းကြီးလမ်း၊ရွာမအရှေ့၊ အင်းစိန်မြို့နယ်။
ဆက်သွယ်ရန်ဖုန်း - ၀၁-၆၄၀၁၂၃

လေလံတင်ရောင်းချရေးအဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၁၁၁၂/က၊ မြေကွက်တည်နေရာအမှတ် ၁၁၁၂/က၊ ၁၇ လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပ ဦးအောင်စိန် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးအောင်စိန်ကွယ်လွန်သဖြင့် ဒေါ်ခင်သန်း ၁၂/ဥကတ(နိုင်)၀၆၂၄၈၇က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၈/အေ၊ မြေကွက်အမှတ် ၁/ဖ ၏တစ်စိတ်တစ်ဒေသ၊ ဧရိယာ ၀ဒသမ၈၅၃၈ကေအနက်မှ အစိတ်အပိုင်း၊ မြေကွက်တည်နေရာအမှတ်-၁၅/A၊ သဟာယလမ်း၊ ၁၃ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ဦးဖိုးမင်း အမည်ပေါက် လိုင်စင်မြေအား အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆက်စပ်များဖြင့် ဝယ်ယူထားသူ ဦးတင်ထွန်း ၁၂/လမန(နိုင်)၁၁၃၄၅၂က ကျမ်းကျိန်လွှာ၊ အရပ်ကတိစာချုပ်အဆက်စပ်များတင်ပြ၍ နှစ် ၆၀မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မြန်မာ့မီးရထား၊ ရန်ကုန်မြို့ပတ်တွဲဆိုင်းများ၌
ကြော်ငြာတပ်ဆင်ဆောင်ရွက်ရန်အတွက် လုပ်ကိုင်လိုသည့် မြန်မာနိုင်ငံသားများအား
တင်ဒါဖိတ်ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထား၊ ရန်ကုန်မြို့ပတ်၌ ပြေးဆွဲလျက်ရှိသည့် ရထားတွဲဆိုင်းများတွင် ကြော်ငြာတပ်ဆင်ဆောင်ရွက်ခြင်းလုပ်ငန်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်၍ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရွေးချယ်ပါမည်။
၂။ ဖော်ပြပါတင်ဒါအတွက် စည်းကမ်းချက်၊ တင်ဒါအဆိုပြုလွှာပုံစံများကို တစ်စုံလျှင် ကျပ်(၁၀၀၀၀/-)ဖြင့် ၁၈-၁၀-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း မန်နေဂျာ(စီးပွားရေး/တိုင်း)၊ တိုင်းအမှတ်(၇)ရန်ကုန်ဘူတာကြီး၌ ဝယ်ယူနိုင်ပါသည်။
၃။ တင်ဒါပုံစံ အဆိုပြုလွှာများကို စာအိတ်(က)ဖြင့်လည်းကောင်း၊ ငွေကြေးဆိုင်ရာအဆိုပြုလွှာကို စာအိတ်(ခ) ဖြင့်လည်းကောင်း ပြည့်စုံစွာဖြည့်စွက်ဖော်ပြလျက် နေပြည်တော်ဘူတာကြီးရှိ မြန်မာ့မီးရထား၊ စီးပွားရေးဌာန၊ ဒုတိယအထွေထွေမန်နေဂျာ(စီးပွားရေး)သို့ ၂၅-၁၀-၂၀၁၃ရက် ၁၂နာရီ နောက်ဆုံးထား ပေးပို့သွားရမည် ဖြစ်ပါသည်။
၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ ဖုန်း-၀၆၇-၇၇၀၄၈၊ ၇၇၀၈၃၊ ၇၇၁၂၃၊ မန်နေဂျာ(စီးပွားရေး/တိုင်း)၊ တိုင်း အမှတ် (၇)ရန်ကုန် ဖုန်း-၀၁-၃၉၃၄၂၈၊ ၇၀၄၇၉၁တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ၁၆ ရပ်ကွက်၊ မာလာမြိုင်လမ်း၊ ပြည်သာယာအဆင့်မြင့်အိမ်ရာ၊ တိုက်အမှတ်(၂)၊ လေးခန်းတွဲ ခြောက်ထပ်တိုက်၏ပဉ္စမထပ်၊ အခန်းအမှတ်(၅၄)၊ အကျယ်ပေ (၂၅×၃၅)ရှိ တိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ဝင်းဝင်းချို ၁၀/သထန(နိုင်)၀၁၅၈၆၀မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဟိန်းသူကောင်း **ဦးသန့်ဇော်**
အထက်တန်းရှေ့နေ(စဉ်-၃၆၂၆၇) **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**
အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၊ မြေကွက်အမှတ် ၇၃၂၅၊ မြေကွက်တည်နေရာအမှတ် ၇၃၂၊ ပတ္တမြားလမ်း၊ (၄၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဒေါ်သန်းတင် ၁၂/ဥကမ(နိုင်)၀၅၃၉၇၂ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် မိခင် ဒေါ်သန်းတင်နှင့် ဖခင် ဦးလှထွန်းတို့ ကွယ်လွန်သဖြင့် ဒေါ်စန်းစန်းအေး ၁၂/ဥကမ(နိုင်)၀၅၄၀၆၄ က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁/ကံဘဲ့၊ မြေကွက်အမှတ် ၁/ဖ၂၀၊ မြေကွက်တည်နေရာအမှတ် ၁၊ သီရိရတနာလမ်း၊ မိကျောင်းကန်အပိုင်း(၃)၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးမြမောင်၊ ဒေါ်အေးမြင့်(ခ)ဒေါ်ခင်သန်း အမည်ပေါက် မြေပိုင်မြေ လ/န ၃(ခ)မြေအား အမည်ပေါက် ဦးမြမောင် AH-၀၆၅၅၃၈၊ ဒေါ်အေးမြင့်(ခ)ဒေါ်ခင်သန်း KGN-၀၀၉၇၉၈ ကွယ်လွန်သဖြင့် ဦးကြည်စိုးမင်း ၁၂/သဃက(နိုင်)၀၁၂၂၂၉၊ ဒေါ်တင်တင်ဝင်း(ဒေါ်နီလာ) ၁၂/သဃက(နိုင်)၀၁၁၂၀၀ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ မင်းကြီး(ဗဟို)လမ်း၊ အမှတ် ၅၃၀ အကျယ်ပေ(၂၀×၃၅)မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့၏ တရားဝင်ဆက်ခံသူများဖြစ်သည့် ဦးချစ်ဖြိုးဇော် ၁၂/အစန(နိုင်)၁၉၇၇၉၈နှင့် ဦးရဲထက်ဇော် ၁၂/အစန(နိုင်)၂၁၇၀၆၅ တို့ထံမှ ၅-၄-၂၀၀၈ ရက်စွဲပါ **အိမ်ခြံမြေနှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်အရ** ဒေါ်ခင်စန်းဦး ၁၂/လသယ(နိုင်)၀၁၂၃၀၃ မှ မိမိတစ်ဦးတည်းလက်ဝယ်ထားရှိ ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်းကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးသန်းဦး **ဦးသန့်ဇော်**
အထက်တန်းရှေ့နေ(စဉ်-၃၂၃၃၅) **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**
အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၁၉၉၁၅၊ Kenbo ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြွေမေ ၁၃/လရန(နိုင်)၀၅၆၃၄၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဟ/၃၀၃၆၊ Golde Deer-CR 22-156၊ သုံးဘီးယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်းထွန်း ၅/မရန(နိုင်)၁၅၉၄၅၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာမြို့)

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ လှိုင်သီရိလမ်း၊ မြေကွက်အမှတ် ၇၅၆၊ အကျယ်အဝန်း ၄၀'/၆၅' × ၆၀'/၆၆' ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မြို့မြေစာရင်းတွင် ဒေါ်ဘေဘီ ၁၂/ပဇတ(နိုင်)၀၂၅၄၂၉အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ နှစ်ဦးသဘောတူဆက်စပ်အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဦးကြည်တိုး ၁၂/သကတ (နိုင်)၀၃၇၀၉၆ ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးမောင်ဦး ၅/မမန(နိုင်)၀၂၈၉၆၅ က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ပြုလုပ်သော မြေကွက်နှင့်ပတ်သက်၍ကန့်ကွက်လိုပါက ကျွန်ုပ်ထံ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက် အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ဦးမောင်ဦး၏လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ယဉ်ယဉ်ကြည် LL.B အထက်တန်းရှေ့နေ(စဉ်-၃၀၀၂၂)
အမှတ် ၅၄၄၊ မွှောရုံလမ်း ၂၀၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၃၁၀၀၄၉၉၄

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး၊ အမှတ် ၇၁၇ နေ ဒေါ်ကျင်မြ ၁၂/အစန(နိုင်)၁၁၈၅၅၈၏သမီး မသန်းသန်းငွေ ၁၂/အစန(နိုင်) ၀၉၂၄၁၅သည် မိဘတို့၏ဆိုဆုံးမမှုတို့ကို မနာခံဘဲ၊ မိဘညီအစ်ကိုမောင်နှမများ ခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များကို ပြုမူဆောင်ရွက်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

နောက်နောင်တွင်၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူမည်မဟုတ်ပါ။

(မေးမြန်းခြင်းသည်းခံပါ)

မိခင်-ဒေါ်ကျင်မြ

လင်မယားကွာရှင်းပြတ်စဲခြင်း

မိတ္ထီလာမြို့နေ ကျွန်မဒေါ်တင်တင်နိုင် ၉/မထလ(နိုင်)၀၆၃၈၆၈ နှင့် မိတ္ထီလာမြို့နေ ဦးခင်မောင်လွင် ၉/မရတ(နိုင်)၀၆၉၆၀၂တို့သည် မိတ္ထီလာမြို့နယ်တရားရုံးတွင် ၃၀-၉-၂၀၁၃ရက်၌ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း။

ဒေါ်တင်တင်နိုင်
၉/မထလ(နိုင်)၀၆၃၈၆၈

ဌာနဆိုင်ရာနှင့်စီးပွားရေးကြော်ငြာ

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၁၀/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-076 (2013-2014)	G-250 Ton Hook Block Assy Spares	(5) Items	US$
(၂)	IFB-077 (2013-2014)	4 5/8" & 4 3/8" Flat Bottom Junk Mill Bits	(2) Items	US$
(၃)	IFB-078 (2013-2014)	Adaptor Spools	(2) Items	US$
(၄)	IFB-079 (2013-2014)	Quick Exhaust & Relief Valves	(4) Items	US$
(၅)	IFB-080 (2013-2014)	Spares for Kenworth Truck Engine CAT C-15	(6) Items	US$
(၆)	IFB-081 (2013-2014)	Spare for CAT D 3306 PC Lighting Set Engine	(9) Items	US$
(၇)	IFB-082 (2013-2014)	28 VC 650 Clutch Elements for Drawwork Drive Clutch Ex TM 3500	(1) Item	US$

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် (၄၄) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၃-၁၁-၂၀၁၃ ရက် မွန်းလွဲ ၁ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် (၄၄) နေပြည်တော်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

ဦးသန်းညွန့်(ခ)ဦးချမ်း (ဘီးလင်းသကြားစက်၊ ငြိမ်း)
အသက်(၇၅)နှစ်

မကွေးတိုင်းဒေသကြီးနေ (ဦးရှိန်-ဒေါ်စောတင်)တို့၏သား၊ (ဦးသန်း)၊ (ဦးစန်းအောင်)-ဒေါ်အုန်းမြိုင်တို့၏ ညီ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၃၁၊ ဒုထပ်(ဝဲ)၊ ပန်းတနော်လမ်း၊ လင်းလွန်းတောင်ရပ်ကွက်နေ ဒေါ်ခင်အုန်းမြင့်၏ခင်ပွန်း၊ နေပြည်တော်၊ ပျဉ်းမနားမြို့နေ (ဦးတင်လှ-ဒေါ်ညိုညိုအောင်)၊ ဦးနေဝင်း -ဒေါ်အေးအေးမြင့်တို့၏အစ်ကို၊ ကိုသန်းထွန်းအောင်-(မကြည်ကြည်ရှိန်)၊ (ကိုသိန်းဇော်)၊ ကိုကျော်ထွန်းနိုင်-မမိုးစန္ဒာ(ယာဉ်ထိန်း)၊ မမိုးသန္တာ၊ မစိုးမိုးခိုင်၊ မမေသက်အောင်တို့၏ဖခင်၊ မခိုင်ဇာဝင်း(အထက-၂၊ စမ်းချောင်း)၏ ဘိုးဘိုးသည် ၁၄-၁၀-၂၀၁၃ရက် (တနင်္လာနေ့)နံနက် ၁း၄၅နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၆-၁၀-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၀- ၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး
ဒေါ်လှမြင့် (အလယ်တန်းပြဆရာမ၊ ငြိမ်း၊ အထက-၃၊ သာကေတ)
အသက်(၆၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၇/အနောက်ရပ်ကွက်၊ မြေနီ ၃လမ်း၊အမှတ် ၆၁၄/ခနေ ဦးကြည် အေး၏ဇနီး၊ ဒေါ်အုန်းမြင့်၏ညီမ၊ (ဦးကျော်ဝင်း)၊ ဒေါ်ချိုချိုစိန်တို့၏အစ်မ၊ ဒုတိယဗိုလ်မှူးကြီးဇော်မင်း-ဒေါ်ငြိမ်းငြိမ်းဝင့်အောင်၊ ဗိုလ်မှူးမြတ်ကျော်အောင်-ဒေါ်တင်မမထွန်း၊ မမာမာသင်းတို့၏မိခင်၊ မအေးချမ်းပိုင်၏အဘွားသည် ၁၄-၁၀-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၂း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁၀-၂၀၁၃ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်တင်အေးကြည်သန်း (ကေတီ)
ညွှန်ကြားရေးမှူး (နိုင်ငံခြားရေးဝန်ကြီးဌာန)၊ တီတီစီကျောင်းသူဟောင်း
အသက်(၄၉)နှစ်

ရန်ကုန်မြို့နေ (ဗိုလ်မှူးကြီးသန်းစိန်-ဒေါ်မြမေ)တို့၏စတုတ္ထသမီး၊ ဦးငွေစန်း-ဒေါ်စန်းနွဲ့တို့၏သမီးချွေးမ၊ ဦးသန်းနိုင်(ကိုပေါက်) Operation Director CEA Projects Co.,Ltd. Director CEA Trading Co.,Ltd. ၏ဇနီး၊ မစုနန္ဒီ (7 Grade, Diplomatic School၊ ရန်ကုန်)၏မိခင်၊ ဒေါက်တာကံဦး-ဒေါ်မြင့်မြင့်သန်း၊ ဦးကိုကိုသန်း-ဒေါ်ဝင်းဝင်းမြင့်၊ ဒေါ်တင်ဦးကြည်သန်း၊ ဒေါ်တင်တင်သန်းတို့၏ညီမ၊ ဒေါ်ခင်အေးကြည်သန်း(နိုင်ငံခြားရေးရုံး)၏အစ်မ၊ ဦးနေလင်း (MOFA)-ဒေါ်သဲသန္တာဦး၊ ဦးခိုင်မိုးကျော်-ဒေါ်စုစုသိန်း၊ ဦးကျော်မင်း-ဒေါ်စိုးစိုးမိုး၊ ဦးကျော်ဝင်းထွန်း၊ ဦးအောင်ဇေယျာတို့၏အဒေါ်သည် ၁၅-၁၀-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၉း၅၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၃ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [တိုက်အမှတ် ၂၀ D၊ အခန်းအမှတ် ၁၀၂ A၊ သီရိမင်္ဂလာလမ်းနှင့် ဗဟိုလမ်းထောင့်၊ အောင်ချမ်းသာရပ်ကွက်၊ စမ်းချောင်းမြို့နယ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်တင်အေးကြည်သန်း (ကေတီ)
ညွှန်ကြားရေးမှူး (နိုင်ငံခြားရေးဝန်ကြီးဌာန)၊ တီတီစီကျောင်းသူဟောင်း
အသက်(၄၉)နှစ်

ရန်ကုန်မြို့နေ (ဗိုလ်မှူးကြီးသန်းစိန်-ဒေါ်မြမေ)တို့၏စတုတ္ထသမီး၊ ဦးငွေစန်း-ဒေါ်စန်းနွဲ့တို့၏သမီးချွေးမ၊ ဦးသန်းနိုင်(ကိုပေါက်) Operation Director CEA Projects Co.,Ltd. Director CEA Trading Co.,Ltd.၏ဇနီး၊ မစုနန္ဒီ(7 Grade, Diplomatic School၊ ရန်ကုန်)၏မိခင်၊ ဦးမင်းဒင်(ဇေယျာ) (Board Longyear Co.,Ltd.)-တယ် တို့၏ညီမ၊ ဒေါက်တာဝင်းဇော်-ဒေါ်စာဆို (အထွေထွေ မန်နေဂျာ၊ ရသာချိုစက်မှုလုပ်ငန်းလီမိတက်)၊ ဦးစည်သူ(ဖိုးချွန်) (St. John Shipping Co.,Ltd.)-ဒေါ်စုမြတ်ဝမ်းတို့၏အစ်မသည် ၁၅-၁၀-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၉း၅၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၃ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [အမှတ် ၅(က)၊ ကန်ရိပ်သာလမ်း၊ ကမ္ဘာအေး၊ မရမ်းကုန်းမြို့နယ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်နုခင် (ရေတိမ်၊ ကွမ်းခြံကုန်း)
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက်၊တိုက် ၁၆၊ အခန်း ၁၄နေ (ဦးရွှေဖဲ-ဒေါ်သိန်းညွန့်)တို့၏သမီး၊ (ဦးစံထွန်း-ဒေါ်စိန်ဥ)တို့၏ချွေးမ၊ (ဦးတင်ခိုင်၊ ညွှန်မှူး၊ ငြိမ်း၊ ထွေ/အုပ်)၏ဇနီး၊ ဦးကျော်မြင့်-ဒေါ်အေးအေးခိုင် (မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ရွှေတောင်)၊ ဦးကျော်နိုင်ဦး(ဒုညွှန်မှူး၊ ဆည် မြောင်းဦးစီးဌာန၊ လားရှိုး)-ဒေါ်ငြိမ်းငြိမ်းခိုင်၊ ဦးစိုးမင်းခိုင်(လဝက၊ ရုံးချုပ်)-ဒေါ်သက်မာဝင်း၊ ဦးဝေပုလ္လ၊ ဦးဇောတိက၊ ဒေါ်အိအိစိုး၊ ဦးမျိုးမင်းခိုင်-ဒေါ်သင်းသင်းမော်တို့၏မိခင်၊ ဦးမေဃာရ၏ ရဟန်းအမကြီး၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၁၅-၁၀-၂၀၁၃ရက် နံနက် ၂း၄၀နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၀-၂၀၁၃ရက်(ကြာသပတေးနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၀-၂၀၁၃ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက် ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးသိန်းမောင်
ထုတ်လုပ်မှုလက်ထောက် စာပေဗိမာန်(ငြိမ်း)
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ အမှတ် ၃၄၊ တရုတ်ကျောင်းလမ်းနေ(ဦးခန့်-ဒေါ်သန့်)တို့၏ သား၊ (ဒေါ်ကြင်လှ)၏ခင်ပွန်း၊ ဦးကျော်ဝင်း (ဒုဦးစီးအရာရှိ၊ ငြိမ်း) - ဒေါ်စန်းစန်းနု (ဦးစီးအရာရှိ၊ ငြိမ်း)၊ (ဦးဇော်သိန်းထွန်း)၊ ဦးမောင်မောင်ကျော်-ဒေါ်မိုးမိုး၊ ဦးဇော်လေး (S.E.C.D) -ဒေါ်မြင့်မြင့်သိန်း (အထက်တန်းပြ၊ ငြိမ်း၊ အထက-၁၊စမ်းချောင်း)၊ ဦးအေးသောင်း (ခေတ္တရာပုံနှိပ်တိုက်) - ဒေါ်ဝင်းဝင်းသိန်း (အလယ်တန်းပြ၊ အမက-၃၄၊မူလွန်)၊ ဦးအောင်ကျော်စိုး-ဒေါ်ခင်မာထွေး၊ (ဦးရဲအောင်မိုး)တို့၏ ဖခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၁၅-၁၀-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၀- ၂၀၁၃ ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အလွှာပ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
မိုဟာမက်ရဖီးက်(ခ)
ဦးကျော်အေး
ဒုရဲအုပ်(ငြိမ်း)၊ မှုခင်းတပ်ဖွဲ့၊ C.I.D
မြန်မာ့လက်ရွေးစင်လက်ပွေ့သမားဟောင်း
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အင်းဝလမ်း၊ အမှတ် ၈နေ (ဦးဆူဗန်း-ဒေါ်ဘာနူး)တို့၏သား၊ ဒေါ်ခင်နွဲ့နွဲ့၏ခင်ပွန်း၊ မသန္တာအေး၊ မောင်ကျော်မျိုးသူ(ISM Co.,Ltd.)တို့၏ ဖခင်သည် ၁၄-၁၀-၂၀၁၃ရက် (တနင်္လာ နေ့) နံနက် ၇း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ဗိုလ်ရန်နမာဇ်အပြီးတွင် ရေဝေးစွန္နီကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးမောင်မြင့် (ဒေးဒရဲ)
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ၁၃၉လမ်း၊ အမှတ် 25-A နေ (ဦးမောင်ဆိုင်-ဒေါ်တင်ကြည်)တို့၏ ဒုတိယသား၊ (ဦးမောင်ကင်း)-ဒေါ်ညွန့် (အေးမြချမ်းသာပွဲရုံ၊ ဘုရင့်နောင်)တို့၏ညီ၊ ဦးစန်းမောင်-ဒေါ်အေးငြိမ်း၊ ဦးမြအောင်၊ဒေါ်ကျင်မွေး၊ (ဒေါ်ကျင်ငွေး)တို့၏ အစ်ကိုသည် ၁၅-၁၀-၂၀၁၃ရက် (အင်္ဂါနေ့)နံနက် ၁၁း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၀-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၀-၂၀၁၃ ရက် နံနက် ၇နာရီတွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက် ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးလှဝင်း
အေဝမ်းဆံသ(မော်လမြိုင်)
အသက်(၇၁)နှစ်

မော်လမြိုင်မြို့နေ (ဦးသန်းညွန့်-ဒေါ်မြစိန်)တို့၏သားကြီး၊ ဒေါ်လှရွှေ၏ခင်ပွန်း၊ ကိုအောင်ဇော်ဝင်း-မဝေဝေလွင်၊ မလင်းလင်း၊ မဝင်းဝင်းအိ၊ မောင်တင်ကိုနိုင်-မမြင့်အေး၊ မောင်တင်အောင်လင်း-မအိဖြိုးသွယ်တို့၏ဖခင်၊ ဘုန်းပြည့်စုံ၊ ပြည့်စုံဖြိုး၊ ဟိန်းသူရစိုးတို့၏အဘိုးသည် ၁၅-၁၀-၂၀၁၃ရက် (အင်္ဂါနေ့)နံနက် ၉း၅၅နာရီတွင် အမှတ် ၁၀၀၊ တာမွေလမ်းမ၊ တာမွေစာတိုက်ရှေ့၊ တာမွေမြို့နယ်၊ ရန်ကုန်တွင် ကွယ်လွန်သွားပါ၍ ၁၇-၁၀-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ် သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးသိန်းဇံ(ခ)ငန်ပိန်းချန်
နေပြည်တော်၊ ပျဉ်းမနားမြို့
ပျဉ်းမနားမြို့၊ ကြန့်တိတ်ဘုံကျောင်းဥက္ကဋ္ဌဟောင်း
အသက်(၈၅)နှစ်

ဦးကိုကြီး(Hein Si Co.,Ltd.)-ဒေါ်စန်းစန်းမြင့်၊ ဦးကိုလေး (MAXXIS TIRE, Hein Si Co.,Ltd.)-ဒေါ်ခင်ခင်ဆွေတို့၏ ချစ်လှစွာသောဖခင် ဦးသိန်းဇံ(ခ)ငန်ပိန်းချန် အသက်(၈၅)နှစ်သည် ၁၂-၁၀-၂၀၁၃ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာဦးစိုးသိန်းနှင့် ဇနီး အဂ္ဂမဟာသီရိသုဓမ္မသီရိ ဒေါ်ခင်ချိုအုန်း (ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)

ရဟန်းအမကြီး
ဒေါ်ကောက် (စလေ)
အသက်(၈၆)နှစ်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ပြောင်းခင်းမြောက်ရွာ ကျောင်းထိုင်ဆရာတော် ဓမ္မာစရိယ ဦးသောဘိတ၏ ပဉ္စင်းအမ၊ စလေမြို့၊ မြို့မရပ်နေ (ဦးဉာဏ်စိန်-ဒေါ်ချေး)တို့၏ သမီးကြီး၊ ရန် ကုန်မြို့၊ အမှတ် ၅၇(A)၊ ပုလဲလမ်း၊ မြန်မာ့ဂုဏ်ရောင်အိမ်ရာနေ (ဦးဟန်ကီ) ၏ဇနီး၊ ရန်ကုန်မြို့၊ ၅၄လမ်း၊ပုဇွန်တောင်မြို့နယ်နေ ဦးဝင်းလွင်-ဒေါ်ပြုံးတို့၏ အစ်မ၊ ဦးဝင်းကြည်-ဒေါ်ခင်စီ(မိဘဂုဏ် ရောင်ပွဲရုံ)၊ ဦးထွန်းဝင်း-ဒေါ်ခင်ဝင်း (မြမေတ္တာမွှန် စက်သုံးဆီအရောင်းဆိုင်ခွဲ၊ ဆိပ်ဖြူမြို့)၊ ဦးသန်းငွေး-(ဒေါ်ခင်ကြူ) (Blassom Preschool and Language Centre)၊ ဒေါ်ခင်လေးလေး (ကျောက်မျက်ပြတိုက်)တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၁၄-၁၀-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၀-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးတင်အောင်လေး(ယောလေး)
M.F.T.B-M.E.B (ငြိမ်း)
အသက်(၇၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ ဇော်ဂျီလမ်း၊ အမှတ် ၆၃၇နေ (ဦးဘိုးသာ-ဒေါ်အေးမယ်)တို့၏သား၊ (ဒေါ်သောင်းသောင်းလတ်)၏ခင်ပွန်း၊ မောင်အောင်ခိုင်(TWP Co., Ltd.) -မသိန်းသိန်းအေး(မီးရထား)၊ ကိုကျော်ဝင်းစိုး-မအိအိခိုင် (မြန်မာ့နိုင်ငံခြားကုန်သွယ်မှု ဘဏ်)၊ မယဉ်မျိုးခိုင် (မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်) တို့၏ဖခင်၊မအိမ့်ဖူးပန်၏အဘိုးသည်၁၅-၁၀-၂၀၁၃ရက်(အင်္ဂါနေ့) နံနက် ၅း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၀-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၀-၂၀၁၃ ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးအောင်သန်းသစ်
(ပန်းချီ၊ဒီဇိုင်း၊ရုပ်ရှင်ဒါရိုက်တာ)
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ အမှတ် ၄၀၊ ဆင်ရေကန် လမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်နေ ဒေါ်ခင်မေသက်၏ ခင်ပွန်း၊ ဦးမြတ်ကိုကို၊ ဦးအောင်ကိုလတ်-ဒေါ်တင်မိုးခိုင်၊ ဦးလှမုန်း-ဒေါ်ရီရီအောင်၊ ဦးအောင်ရဲမင်း-ဒေါ်ခင်သန္တာမြင့်၊ ဦးသော်တာအောင်-ဒေါ်ခင်ခင်၊ ဦးနေသစ်မိုး-ဒေါ်ဝင်းသီတာမိုးတို့၏ဖခင်၊မြေး ၁၁ ယောက်တို့၏အဘိုးသည် ၁၅-၁၀-၂၀၁၃ရက် (အင်္ဂါ နေ့) နံနက် ၀၀း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၀-၂၀၁၃ရက်(အင်္ဂါ နေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ် သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးဇော်မြင့် (ကြို့ပင်ကောက်)
မြို့မကျောင်းသားဟောင်း
(မြန်မာ့စီးပွားရေးဘဏ်၊ ငြိမ်း)
အသက်(၇၈)နှစ်

ကြို့ပင်ကောက်မြို့၊ အမှတ် ၁၆၀၊ လမ်းသစ်တန်းလမ်းနေ (ဦးအိမ်ချောင်- ဒေါ်လှလှ)တို့၏သား၊ ဦးအင်ရှောင်၊ ဒေါ်ကျင်ထွေးတို့၏ သားသမက်၊ (ဦးရန်ကင်း-ဒေါ်နီနီ)၊ ဒေါ်ရင်မေ၊ (ဒေါ်ရင် သန်း)၊ (ဒေါ်ရင်မြင့်)၊ ဒေါ်ရင်စီတို့၏ မောင်၊ ဒေါ်ကြည်ကြည်အေး၊ ဦးသန်းထူး၊ ဒေါ်လှလှဟန်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၄)ရပ်ကွက်၊ ၂၈လမ်း၊ အမှတ် ၁၃၉၊ ပထမထပ်နေ ဒေါ်တင်ဝင်း (ဆိုင်အမှတ် ၂၅၊ ဗိုလ်ချုပ်ဈေးသစ်)၏ခင်ပွန်း၊ မဥမ္မာချို(ခ)မအေးအေးမြင့်၊ မောင်ဇော်သက်ထွန်း၊ မအေးအေးနိုင်တို့၏ဖခင်၊ မောင်ကောင်းဇော်ထက်၏ဘိုးဘိုးကြီးသည် ၁၄-၁၀-၂၀၁၃ရက် ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၀-၂၀၁၃ရက် (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများမွန်းလွဲ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၀-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ ရန်ကုန်မြို့၊ ပန်းဘဲတန်း မြို့နယ်၊ (၄)ရပ်ကွက်၊ ၂၈လမ်း၊ အမှတ် ၁၃၉၊ ပထမထပ်နေအိမ်သို့ ရက်လည် ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

လူမှုရေးကြော်ငြာ

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးအေးမြင့်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(အင်းစိန်မြို့နယ်) ဗဟိုကော်မတီဝင်
ရန်ကုန်တိုင်းဒေသကြီး ပါတီအတွင်းရေးမှူး
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
အသက်(၅၃)နှစ်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဗဟိုကော်မတီဝင် ရန်ကုန်တိုင်းဒေသကြီး ပါတီ အတွင်းရေးမှူး ဦးအေးမြင့် အသက်(၅၃)နှစ်သည် ၁၅-၁၀-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးပင်ဝမ်းနည်းကြေကွဲရပါသည်။

ရန်ကုန်တိုင်းဒေသကြီးပါတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးသိန်းဇံ (ခ) ငန်ပိန်းချန်
(နေပြည်တော်၊ ပျဉ်းမနားမြို့နယ်)
အသက် (၈၅)နှစ်

သူငယ်ချင်း ကိုကြီး၊ ကိုလေးတို့၏ ချစ်လှစွာသောဖခင်ကြီး ဦးသိန်းဇံ (ခ) ငန်ပိန်းချန် (နေပြည်တော်-ပျဉ်းမနား) အသက် (၈၅)နှစ်သည် ၁၂-၁၀-၂၀၁၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့၌ ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် သူငယ်ချင်းတို့၏မိသားစုများနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

၁၉၈၁ ခုနှစ် ဥပဒေသူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်သန်းရီ
မူလတန်းပြ (ငြိမ်း)၊ အထက(၃) အလုံ
အသက် (၇၃)နှစ်

အထက(၃)အလုံကျောင်းအပေါ် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သော ဆရာမကြီး ဒေါ်ခင်သန်းရီသည် ၁၃-၁၀-၂၀၁၃ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

သမီး ကျောင်းသူဟောင်းများ
အထက (၃) အလုံ

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်သိန်း (ပြင်ဦးလွင်)
ကျောင်းအုပ်ဆရာမကြီး (ငြိမ်း)၊ အထက (၁၂)၊ မန္တလေးမြို့
အသက် (၇၂)နှစ်

ပြင်ဦးလွင်မြို့၊ စစ်တက္ကသိုလ်၊ ရုပဗေဒဌာနမှ လက်ထောက်ကထိက ဒေါက်တာထိုက်နန္ဒာကျော်၏ချစ်လှစွာသော ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်သိန်း အထက်တန်းကျောင်းအုပ်ဆရာမကြီး (ငြိမ်း)သည် ၁၃-၁၀-၂၀၁၃ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ပါရဂူသင်တန်းအမှတ်စဉ် (၉)မှ အရာရှိများ**

အထူးကျေးဇူးတင်ရှိပါကြောင်း

ရွှေကြာညိုကုန်း သာမဏေကျော် စာသင်တိုက်ပဓာန နာယက ဆရာတော် အရှင်အာစာရာဘိဝံသ၏ သာသနာ့မိခင်ကြီး ဒေါ်ခင်ကြည် (ဆားလင်းကြီး) အသက် (၆၇)နှစ်၏ ၁၃-၃-၂၀၁၃ရက် နာရေးတွင် ကြွရောက်၍ တရားချီးမြှင့်ပေးသော နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)မှ ဆရာတော်ကြီးများ၊ မင်္ဂလာဒုံမြို့နယ် သရက်ကုန်း ပရိယတ္တိ စာသင်တိုက်ဆရာတော်ကြီးအားလည်းကောင်း၊ လိုက်ပါပို့ဆောင်ပေးကြသော မင်္ဂလာဗျူဟာအသင်းချုပ်မှ တာဝန်ရှိသူများနှင့် ဆရာ ဆရာမများ၊ ၂၀၀၇ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ အဘိဓမ္မာတက်ရောက် သင်ကြားခဲ့သော သင်တန်းသား သင်တန်းသူများ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစုနှင့် သာသနာ့မာမကအဖွဲ့

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်စန်းကြွယ်(ခ)အန်တီစန်း (ပျဉ်းမနား)
အသက် (၆၂)နှစ်

Cycle & Carriage Automobile Myanmar Co.,Ltd. ၏ Head of Finance ဖြစ်သူ မသက်စုနိုင်၏အဒေါ်ဖြစ်သူ ဒေါ်ခင်စန်းကြွယ်(ခ) အန်တီစန်း (ပျဉ်းမနား) အသက် (၆၂)နှစ်သည် ၁၂-၁၀-၂၀၁၃ ရက် (တနင်္ဂနွေနေ့) စင်ကာပူနိုင်ငံတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Board of Director နှင့် Management Team
Cycle & Carriage Automobile Myanmar Co.,Ltd.

အထူးဝမ်းနည်းကြေကွဲခြင်း
ဒုတိယဗိုလ်မှူးကြီးအောင်သန်း (ငြိမ်း)
ရေကြောင်းပြမှူးကြီး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ဒုတိယဗိုလ်မှူးကြီးအောင်သန်း (ငြိမ်း) ရေကြောင်းပြမှူးကြီး မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ၁၂-၁၀-၂၀၁၃ ရက် (စနေနေ့) နံနက် ၉း၀၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ရေကြောင်းဌာနမှူးချုပ်နှင့် ရေကြောင်းပြမှူးကြီးများ
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

အထူးဝမ်းနည်းကြေကွဲခြင်း
ဖီးဖီးနော်အဲလ်ဘီ
အသက် (၈၉)နှစ်

Capt. စောဝင်းမောင် (M.V JA Frontier)၏ ကျေးဇူးရှင်မိခင်ကြီး ဖီးဖီးနော်အဲလ်ဘီ အသက် (၈၉)နှစ်သည် ၁၂-၁၀-၂၀၁၃ ရက် (စနေနေ့)ညနေ ၅း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

C/O မောင်မောင်မြင့်နှင့် ဝန်ထမ်းများ
M.V JA Frontier

အထူးဝမ်းနည်းကြေကွဲခြင်း
ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မေမေခင်(ခ)ဒေါ်မေမေကြည် (မော်လမြိုင်)
အသက် (၈၂)နှစ်

(ဗိုလ်မှူးအောင်ခင်စိုး)-ဒေါ်စန်းယုမေ (မော်ကွန်းထိန်း-YUFL)၏မိခင် ဒေါ်မေမေခင်သည် ကမာရွတ်မြို့နယ်၊ တက္ကသိုလ်ဝင်း၊ တိုက် (၃)၊ အခန်း(၂)၊ မြေညီထပ်၊ သထုံလမ်းနေအိမ်၌ ၁၁-၁၀-၂၀၁၃ရက် နံနက် ၄း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲပါကြောင်း။

၁၉၈၃ ဘူမိဗေဒသူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးသိန်းဇံ (ခ) ငန်ပိန်းချန် (နေပြည်တော်၊ ပျဉ်းမနားမြို့)
အသက် (၈၅)နှစ်

အောင်မြေဗောဓိမွေရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းထွေး-ဒေါ်ခက်ခက်ကြူတို့၏ ကျေးဇူးရှင်ဖခင် ဦးသိန်းဇံ(ခ)ငန်ပိန်းချန် အသက် (၈၅)နှစ်သည် ၁၂-၁၀-၂၀၁၃ရက်တွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဂေါပကအဖွဲ့ (တာမွေ)

ဝမ်းနည်းကြေကွဲခြင်း
ဦးသိန်းဇံ (ခ) ငန်ပိန်းချန် (နေပြည်တော်၊ ပျဉ်းမနား)
ပျဉ်းမနားကြန့်တိတ် တရုတ်-ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌဟောင်း

ပျဉ်းမနားမြို့၊ ကြန့်တိတ် တရုတ်-ဗုဒ္ဓဘာသာအသင်း ဥက္ကဋ္ဌဟောင်းကြီး ၁၂-၁၀-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ပျဉ်းမနားမြို့ရှိ ကြန့်တိတ် တရုတ်-ဗုဒ္ဓဘာသာ အသင်းသူ/အသင်းသားများမှ ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပျဉ်းမနားမြို့ ကြန့်တိတ် တရုတ်-ဗုဒ္ဓဘာသာ
အသင်းသူ/အသင်းသားများ

အထူးကျေးဇူးတင်ရှိပါကြောင်း

